ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိ တော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်၊ တနင်္ဂနွေနေ့။ Sunday, 18 September 2022 ၁၀၈၆၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။


၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရန်ကုန်ကန်တော်ကြီးသဘာဝဥယျာဉ် စိမ်းလန်းစိုပြည် သန့်ရှင်းလှပစေရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိ



ကန်တော်ကြီးသဘာဝဥယျာဉ် ကန်ရေပြင် ကြည်လင်သန့်ရှင်းစေရန် ရေပေါ်သွားယာဉ်ဖြင့် ဆောင်ရွက်စဉ်။

**ရန်ကုန် စက်တင်ဘာ ၁၇**

ရန်ကုန်မြို့ ကန်တော်ကြီး သဘာဝ ဥယျာဉ်ပတ်ဝန်းကျင် သန့်ရှင်းစိမ်းလန်း သပ်ရပ်စေရေး၊ ကန်ရေပြင် ကြည်လင် သန့်ရှင်းစေရေးနှင့် ကန်ပတ်တံတားများ ကြံ့ခိုင်မှုရှိစေရေး စသည့်လုပ်ငန်းများကို သက်ဆိုင်ရာဌာနများက အချိန်နှင့် တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီမှ သိရသည်။

**ပတ်ဝန်းကျင်ကောင်းတစ်ခု**

ကန်တော်ကြီး သဘာဝဥယျာဉ် ပတ်ဝန်းကျင်သည် ယင်းနှင့်ထိစပ်နေသည့် မြို့နယ်များအတွင်းနေထိုင်လျက် ရှိသောပြည်သူများကို လေထုညစ်ညမ်းမှု ဆိုးကျိုးများမဖြစ်ပေါ်စေရန် ထိန်းညှိပေးနိုင်သည့် ပတ်ဝန်းကျင်ကောင်းတစ်ခုဖြစ်သည်။ သစ်တောသစ်ပင်များကိုလည်း ရာသီအလိုက် ထိန်းသိမ်းပြုစုခြင်း၊ ပြိုလဲသွားသောသစ်ပင်များကို အစားထိုး ဖြည့်စွက်စိုက်ပျိုးခြင်း၊ အစိမ်းရောင် မြက်ခင်း၊ ရွက်လှပင်၊ ရောင်စုံပန်းအလှပင်များကို စနစ်တကျပြုစုထိန်းသိမ်းခြင်း၊ သမိုင်းဝင် အထင်ကရနေရာများဖြစ်သည့် ကရဝိက်နန်းတော်ပတ်ဝန်းကျင်၊ ဗိုလ်ချုပ်ကြေးရုပ်နေရာ၊ တင့်ကားကုန်း စသည့်နေရာများတွင် သန့်ရှင်းစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ပွင့်လင်းရာသီ သာမက တစ်နှစ်ပတ်လုံး ပြုစုထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ သိရသည်။

**နေထိုင်လျက်ရှိ**

ရန်ကုန်တိုင်းဒေသကြီး မြို့တော်စည်ပင်သာယာနယ်နိမိတ် ၃၃ မြို့နယ်အတွင်း နေထိုင်လျက်ရှိသော ပြည်သူမှာ ခုနစ်သန်းကျော် ရောက်ရှိနေပြီဖြစ်သည်။ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကွန်ကရစ်၊ ကတ္တရာလမ်းမှာ

စာမျက်နှာ ၅ ကော်လံ ၁ သို့

**ယနေ့ ဖတ်စရာ**

**မြန်မာနိုင်ငံအနာဂတ် လှသည်ထက်လှစေ**

ဆောင်းပါး စာမျက်နှာ » ၆၊ ၇

**လူအများစုဝေး နေထိုင်ရာနေရာ(Institution)များတွင် နေထိုင်သူများလိုက်နာဆောင်ရွက်ရမည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းလမ်းညွှန် (Version 2.0)**

စာမျက်နှာ » ၅




**ဂျပန်နိုင်ငံ၌ တိုင်ဖုန်းမုန်တိုင်း နန်မာဒို ချဉ်းကပ်ဝင်ရောက်၊ လေကြောင်းခရီးစဉ်များ ဖျက်သိမ်းထားရ**

စာမျက်နှာ » ၁၃

**ကိုဗစ်-၁၉ စတုတ္ထလှိုင်းနှင့် ပေါ့ဆ၍မရသည့် တစ်ကျော့ပြန် အိုမီခရွန်**

ဆောင်းပါး စာမျက်နှာ » ၁၉

ကြေးမုံ

# လုံခြုံမှုရှိသည့်ငွေကြေးစနစ် ပူးပေါင်းပါဝင်ဆောင်ရွက်

မြန်မာနိုင်ငံတွင် နိုင်ငံအတွင်းလှည့်ပတ်သုံးစွဲနေသော ငွေကြေးစနစ်ကို ဘဏ်လုပ်ငန်းများဖြင့် ဆောင်ရွက်လျက်ရှိပြီး တိုးတက်ခေတ်မီလာသည့် သတင်းအချက်အလက်နှင့်နည်းပညာခေတ်တွင် မိုဘိုင်းဝန်ဆောင်မှုစနစ်အမျိုးမျိုးဖြင့်ပါ တွင်ကျယ်စွာ အသုံးပြုလာနိုင်ပြီဖြစ်သည်။ လုံခြုံစိတ်ချ စွမ်းရည်ပြည့်ဝသည့် အမျိုးသားငွေပေးချေသည့်စနစ်ကို အကောင်အထည်ဖော်ရာ၌ မိုဘိုင်းငွေပေးချေမှုများမှတစ်ဆင့် ငွေကြေးလွှဲပြောင်းဝန်ဆောင်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

ယခုအခါ မသမာသူများက မိုဘိုင်းငွေပေးချေမှုလုပ်ငန်းအချို့ကို အသုံးချ၍ မရိုးသားသောနည်းလမ်းများဖြင့် တရားမဝင်ငွေလွှဲပြောင်းမှုများနှင့် ငွေကြေးလိမ်လည်မှုများ လုပ်ဆောင်လာသည်ဟု သိရှိရသည်။ ထို့အပြင် နယ်စပ်ဖြတ်ကျော်ငွေကြေးပေးချေမှုများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ပြည်တွင်း/ပြည်ပမှ ငွေကြေးလွှဲပြောင်းပေးပို့ရာတွင်လည်းကောင်း ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ထောက်ပံ့ပေးသည့် ဥပဒေဖောက်ဖျက်သော ပြုလုပ်မှုများရှိလာသည်ကို တွေ့ရသည်။ တရားဝင်မိုဘိုင်းဝန်ဆောင်မှုကို အသုံးချ၍ ငွေကြေးလိမ်လည်မှု၊ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုတို့ကို ကာကွယ်တိုက်ဖျက်သွားရန် လိုအပ်လာသည်။ ထို့ကြောင့် မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းများအတွက် စည်းမျဉ်းစည်းကမ်း ထပ်မံသတ်မှတ်ရန် လိုအပ်လာသည်။

မိုဘိုင်းငွေကြေးစနစ်သည် မိုဘိုင်းဖုန်းကိုအသုံးပြု၍ ဆက်သွယ်ချိတ်ဆက်ဆောင်ရွက်သောလုပ်ငန်းဖြစ်သည်။ ပြည်သူများအသုံးပြုနေသည့် မိုဘိုင်းဖုန်းများအားလုံးအတွက် စိတ်ချလုံခြုံမှုနှင့်စနစ်တကျရှိစေရန်အတွက် မိုဘိုင်းဆင်းမ်ကတ်များ စတင်အသုံးပြုချိန်တွင် အသုံးပြုသူများအနေဖြင့် ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်းမှတ်ပုံတင်ပြီးမှ အသုံးပြုခွင့်ရှိသည်။ သို့ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ပြည်သူအများစု အသုံးပြုမှု၌ လိုအပ်ချက်များရှိနေသေးသည်။ ယခုအခါ အဆိုပါအချက်ကို အကြောင်းပြုပြီး မိုဘိုင်းဝန်ဆောင်မှုလုပ်ငန်းများတွင် မသမာသောလုပ်ဆောင်မှုများ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုအားပေးသော လုပ်ဆောင်မှုများ ပြုလုပ်လာသည်ကို တွေ့ရသည်။

မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများတွင် ဆောင်ရွက်ရသည့် အီလက်ထရွန်နစ်စနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်သူများအား ကောင်းစွာသိရှိခြင်း လုပ်ငန်းစဉ်ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ မိုဘိုင်းငွေကြေးစာရင်းများတွင် ဖြည့်စွက်ထားသည့်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ဆင်းမ်ကတ်နံပါတ်တို့အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အီလက်ထရွန်နစ်မှတ်ပုံတင်ခြင်း ဒေတာဘေ့စ်နှင့် ဆက်သွယ်ရေးဦးစီးဌာန၏ဆင်းမ်ကတ်မှတ်ပုံတင်ခြင်း ဒေတာဘေ့စ်များရှိ အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်သည်။ ထို့ကြောင့် မိုဘိုင်းငွေကြေးဝန်ဆောင်မှုကို အသုံးပြုသူများအနေဖြင့် ဆက်သွယ်ဆောင်ရွက်သူများအား ကောင်းစွာသိရှိခြင်း အချက်အလက်များ ပြည့်စုံစွာဖြည့်စွက်သွားရန် လိုအပ်ပါသည်။

ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လုံခြုံစိတ်ချစွာဖြင့် စနစ်တကျလည်ပတ်ရေး ဆောင်ရွက်နိုင်ရန်အတွက် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ အချက်အလက်ဖြည့်သွင်းခြင်းကို သတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်ခြင်းမရှိသည့် မိုဘိုင်းငွေကြေးစာရင်းများအား အပြီးတိုင်ပိတ်သိမ်းသွားမည်ဟု သိရသည်။ ထို့ကြောင့်မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တရားဝင်ခွင့်ပြုချက်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ဘဏ်ဦးဆောင်မှုပုံစံဖြင့် ဆောင်ရွက်လျက်ရှိသည့် မိုဘိုင်းပေးဝန်ဆောင်မှုလုပ်ငန်းများ၊ မိုဘိုင်းဘဏ်လုပ်ငန်းဆောင်ရွက်ခွင့် ရရှိထားသောဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ရောင်းချသူကိုယ်စားငွေကောက်ခံရှင်းလင်းသည့်စနစ် ဝန်ဆောင်မှုလုပ်ငန်းစသည့် မိုဘိုင်းငွေပေးချေမှု အသုံးပြုသူများအနေဖြင့် နီးစပ်ရာကိုယ်စားလှယ်များ/ဘဏ်များသို့သွားရောက်၍ မိမိတို့၏ ကိုယ်ရေးအချက်အလက်များအား အဆင့် ၂ (Level 2) အဆင့်သို့ အချိန်မီ မြှင့်တင်ရန် လိုအပ်ပါသည်။

အဆင့် ၂ (Level 2) အဆင့်သို့ တိုးမြှင့်လိုခြင်းမရှိသော မိုဘိုင်းငွေကြေးစာရင်းပိုင်ရှင်များအနေဖြင့် မိမိတို့လက်ကျန်ငွေများအား အသုံးပြုနိုင်မည့်နည်းလမ်းများကို ဘဏ်များ၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်သွယ်ဆောင်ရွက်ကြရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က စက်တင်ဘာလ ၁၆ ရက်နေ့တွင် အသိပေးထားသည်။ သို့ဖြစ်ရာ မိုဘိုင်းစနစ်ဖြင့် ငွေကြေးလွှဲပြောင်းပေးပို့ဆောင်ရွက်နေကြသော ပြည်သူများနှင့် မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေကြသော ပြည်သူများအနေဖြင့် ယခုထပ်မံအဆင့်မြှင့်တင် ဆောင်ရွက်နေသော ငွေကြေးလုပ်ငန်းစဉ်များအပေါ် နားလည်မှုရှိစွာဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်သည်။ လတ်တလောတွင် ငွေကြေးလွှဲပြောင်းပို့ဆောင်မှုများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၌ အခက်အခဲများရှိမည်ဖြစ်သော်လည်း နောင်တွင် ပြန်လည်အဆင်ပြေလာမည်ဖြစ်၍ အမျိုးသားအကျိုးစီးပွားနှင့်လုံခြုံမှုအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ် ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



နေပြည်တော် စက်တင်ဘာ ၁၇

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ မဟာဝိဇ္ဇာသိပ္ပံပရိယတ္တိစာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ သုရိယာရာမကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ချမ်းမြေ့ဇေယျာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ နေနတ်သားစာသင်တိုက်၊ ဗိုလ်တထောင်မြို့နယ်ရှိ တုလွတ်စံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်ရှိ ပညာသိပ္ပံပရိယတ္တိစာသင်တိုက်နှင့် သာကေတမြို့နယ်ရှိပါဠိကာရီစာသင်တိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မင်္ဂလာအောင်မြေပရိယတ္တိ စာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ မဟာသုဒဿနာရာမစာသင်တိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ စိန်ပန်းဇေဝနကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ရှမ်းစုဆီးဘန်နီကျောင်းတိုက်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ မစိုးရိမ်တိုက်သစ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ ပဒုံပရိယတ္တိကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ကုန်းသာပရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့နယ်ရှိ အောင်ချမ်းသာကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ညောင်တုန်းမြို့နယ်၌ ဆောင်းသီးနှံနှင့် နွေစပါးလျာထားမှုဧကများ စီမံကိန်းတာဝန်ပေးအပ်

ညောင်တုန်း စက်တင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ်တွင်စိုက်ပျိုးမည့် ဆောင်းသီးနှံနှင့် နွေစပါးလျာထားမှုဧကများ စီမံကိန်းတာဝန်ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် မြို့နယ်သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးက ဆီထွက်သီးနှံ(နေကြာ) စိုက်ပျိုးထုတ်လုပ်မှု အကြောင်းအရာများနှင့်ပတ်သက်၍ ဆောင်းသီးနှံ၊ ဆီထွက်သီးနှံ (နေကြာ)နှင့် နွေစပါးစိုက်ပျိုးရာတွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများပူးပေါင်းကာ လျာထားစိုက်ဧက ပြည့်မီစေရေး၊ စိုက်ပျိုးနည်းစနစ်မှန်ကန်စေရေးနှင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရန် လိုအပ်ကြောင်းပြောကြားပြီး မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၅ အုပ်စုရှိ နေကြာသီးသန့်စိုက်ဧက ၁၆၀၀ နှင့် သီးညှပ်စိုက်ဧက ၁၂၀၈၂ ဧကလျာထားရာ နွေစပါးစိုက်ဧက ၅၁၄၇၀ အား လျာထားချက်ပြည့်မီရေးနှင့် အထွက်နှုန်းတိုးတက်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအား တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - **ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့** |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး ⁄ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် - ငြိမ်းချမ်းရေးကောင်စီ (KNU⁄KNLA-PC)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တတိယနေ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၇**

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့သည် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် - ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း ယနေ့ နံနက်ပိုင်းတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန ဧည့်ခန်းမ၌ တစ်ဖွဲ့ချင်း သီးခြားစီလက်ခံတွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် ပထမအကြိမ်တွေ့ဆုံဆွေးနွေးပွဲမှ သဘောတူညီချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ ထပ်မံဖြည့်ဆည်းပေးရန် လိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံ၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးစဉ်။




နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် –ငြိမ်းချမ်းရေးကောင်စီ(KNU/KNLA–PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့တွေ့ဆုံ၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးစဉ်။

ဆက်လက်၍ နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် – ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA–PC)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့သည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ တတိယနေ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး၊ စစ်ရေးချုပ်အဆင့်ရှိ စောစိန်ဝင်း၊ ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် – ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA–PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ အထွေထွေအတွင်းရေးမှူးချုပ် စောကျော်ညွန့်တို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောထားများကို ထပ်မံဆွေးနွေးကြပြီး အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။

**လက်ဆောင်ပစ္စည်းများ ပေးအပ်**

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုယ်စား ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA) စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီးနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံအကျိုးသယ်ပိုးဆောင်ရွက်ချက်မှတ်တမ်းစာအုပ်နှင့် စာအုပ်စာစောင်များ၊ MRTV DTH Receiver ၊ နှစ်ပေစလောင်းနှင့် လက်ဆောင်ပစ္စည်းများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီးတို့ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုး လဲလှယ်ကြစဉ်။



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် – ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA–PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးတို့ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုး လဲလှယ်ကြစဉ်။

# ရှမ်းပြည်နယ် (၂၃)ကြိမ်မြောက် ပြည်နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပ




**တောင်ကြီး စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်၏ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို စက်တင်ဘာ ၁၇ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရှမ်း(အရှေ့)၊ ရှမ်း(မြောက်)၊ ရှမ်း(တောင်)နယ်မြေ ဒေသသုံးခုမှ ပြိုင်ပွဲဝင် ၃၆၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ပြည်နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပြိုင်ပွဲဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်၏ ဦးတည်ချက်၊ ရည်ရွယ်ချက်များနှင့်အတူ ယခု(၂၃)ကြိမ်မြောက်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်မောင်မယ်များအနေဖြင့် မိမိတို့၏ အနုပညာအရည်အသွေးများကို အစွမ်းကုန်ထုတ်သုံးပြီး ပြည်နယ်၏ဂုဏ်ဆောင်နိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက်တောင်ကြီးပညာရေးဒီဂရီကောလိပ် ကျောင်းသား/ကျောင်းသူလေးများက ပအိုဝ်းတိုင်းရင်းသား အကဖြင့်လည်းကောင်း၊ တာချီလိတ်ခရိုင်မှ မစုသက်ထွေးက ရုပ်သေးကြိုးဆွဲဇော်ဂျီအကဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အောင်နိုင်ရေးကော်မတီ အတွင်းရေးမှူး တောင်ကြီး တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ အောင်နေမျိုးထံ ထောက်ပံ့ငွေ ကျပ်သိန်း ၂၀၀ ကို ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် အခြေခံပညာအသက်(၁၀)နှစ်မှ အသက်(၁၅)နှစ် အမျိုးသမီးအကဝါသနာရှင်အဆင့် အဆိုပြိုင်ပွဲနှင့် အရေးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ပြင်ဆင်ဖတ်ရှုပါရန်

စက်တင်ဘာ ၁၇ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၄ တွင် ပါရှိသည့် **"ပုဂ္ဂိုလ်ရေးအချက်အလက်များနှင့် အရေးကြီးသည့် အချက်အလက်များကာကွယ်ရေးသည် အရေးကြီးသည့် အကြောင်းအရာတစ်ခုဖြစ်"** ဆိုသည့်သတင်း၌ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(သတင်းစဉ်)စာတည်းအဖွဲ့

# လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၇**

မွန်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသော လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ တပ်ဖွဲ့ ဝင် ၂၄၀ အတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက ဆန်အိတ် ၂၀၊ ဆီဘူး ၂၄၀၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ ပေးအပ်သည်။

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည့် ပြည်နယ်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေသော လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ တပ်ဖွဲ့ဝင်များအား ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်၊ နယ်မြေခံရဲတပ်ဖွဲ့နှင့်အတူ ပြည်နယ်အတွင်းရှိ လုံခြုံရေးရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း၊ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် မိမိတာဝန်ကို အကောင်းဆုံးကျေပွန်စွာ ထမ်းဆောင်သွားကြရန် တိုက်တွန်းပြောကြားသည်။

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တာဝန်ထမ်းဆောင်နေသော လုံခြုံရေးရဲတပ်ဖွဲ့ခွဲ များမှ တပ်ဖွဲ့ဝင်များအား ၂၀၂၂ ခုနှစ်အတွင်း ဆန်၊ ဆီ၊ ကုလားပဲ၊ အာလူး၊ ကြက်သွန်၊ ကြက်ဥနှင့် ငါးများအပါအဝင် လုံခြုံရေးဆောင်ရွက်မှုအတွက် စက်သုံးဆီ(ဒီဇယ်၊ ဓာတ်ဆီ) ၂၉၈၂ ဂါလန်အတွက် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀၀၃၁၆၄၄၄ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# မြစ်ကြီးနားခရိုင်ရှိ နန်ပေါင်လေယာဉ်ကွင်း ရှောင်ကွင်းလမ်း ဖောက်လုပ်လျက်ရှိ




**နေပြည်တော် စက်တင်ဘာ ၁၇**

တင်ဒါစနစ်ဖြင့် ဆောင်ရွက်သည့် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေး စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရန်၊ သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လမ်းဦးစီးဌာန တာဝန်ရှိသူများကလည်း သတ်မှတ်ဒီဇိုင်းပုံစံကိုက်ညီရေး၊ အရည်အသွေး စစ်ဆေးမှုလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်လုပ်ငန်းများကို စီမံချက်ပါအတိုင်း ပြီးစီးအောင် ဆောင်ရွက်ကြရန်လိုကြောင်း ဒုတိယဝန်ကြီး ဦးဝင်းဖေက မှာကြားသည်။

**သွားရောက်ကြည့်ရှုစစ်ဆေး**

ယနေ့ မွန်းလွဲပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် မြစ်ကြီးနားမြို့နယ်ရှိ နန်ပေါင် လေယာဉ်ကွင်းရှောင်ကွင်းလမ်းဖောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ယင်းသို့ မှာကြားခဲ့ခြင်းဖြစ်သည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ဖောက်လုပ်နေသည့် နန်ပေါင်လေယာဉ်ကွင်း ရှောင်ကွင်းလမ်းသည် ရွှေဘို-မြစ်ကြီးနား လမ်းဘေးရှိ နန်ပေါင်လေယာဉ်ကွင်းကို ရှောင်ကွင်းသွားလာနိုင်ရန်အတွက် ၁၉၉၇ ခုနှစ်တွင် လမ်းအူကြောင်းရှာ၍ ရွှေဘို-မြစ်ကြီးနားလမ်း ရှဒေါင်းကျေးရွာ(၄၆၇ ကီလိုမီတာ) (၂၉၀/၁)မိုင်၊ ပမ္မတီးရပ်ကွက်(၄၇၅ ဒသမ ၅၀ ကီလိုမီတာ) (၂၉၅/၄)မိုင်တွင် ပြန်လည်ပေါင်းဆုံပြီး လမ်းမိုင်အရှည် ရှစ်မိုင် သုံးဖာလုံအား မြေသားလမ်းအဆင့်မှ ကျောက်ချောလမ်း၊ ကတ္တရာလမ်းခင်းခြင်းနှင့် ကွန်ကရစ်တံတားများဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ဝန်ထမ်းများနှင့်တွေ့ဆုံရာ အဆောက်အဦ ဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာနနှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရှိ တက်ရောက်လာသည့် အရာထမ်း၊ အမှုထမ်းများက ဝန်ထမ်းရေးရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရန် လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်နှင့်အညီ တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာကြရန်၊ ရုံး၊ ဌာန၊ စက်ယာဉ်ယန္တရားနှင့် လူပုဂ္ဂိုလ်လုံခြုံရေးကို အထူးဂရုစိုက်ကြရန်နှင့် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန်(၆)ချက်ကို နိုင်ငံ့ဝန်ထမ်းတိုင်း လိုက်နာရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ လမ်းဦးစီးဌာနနှင့် အဆောက်အဦ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များက ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးပြီး ခရိုင်/မြို့နယ်အလိုက် အရာထမ်း၊ အမှုထမ်းများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ဦးစီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များက ဖြေရှင်းဆောင်ရွက်ပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လူအများစုဝေးနေထိုင်ရာနေရာ (Institution) များတွင် နေထိုင်သူများလိုက်နာဆောင်ရွက်ရမည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းလမ်းညွှန် (Version 2.0)

ဘိုးဘွားရိပ်သာများ၊ မိဘမဲ့ကျောင်းများ၊ ပရဟိတဂေဟာများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ဘုန်းတော်ကြီးသင်စာသင်ကျောင်းနှင့် သင်တန်းများ၊ ဘော်ဒါဆောင်များ၊ အားကစားသမားများအား စခန်းသွင်းလေ့ကျင့်ခြင်းနှင့် အကျဉ်းထောင်များ၊ အချုပ်ထောင်များအစရှိသော လူအများစုဝေးနေထိုင်ရာနေရာ (Institution)များတွင် ကိုဗစ်-၁၉ ရောဂါ အပါအဝင် ကူးစက်ရောဂါများ ကပ်အသွင်ဖြစ်ပွားနိုင်သဖြင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား အထူးအလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အဆိုပါ လူအများစုဝေးနေထိုင်ရာနေရာ (Institution) များ၌ နေထိုင်သူများသည် အောက်ဖော်ပြပါ စည်းကမ်းချက်များကို တိကျစွာပူးပေါင်းလိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်-

**လူအများစုဝေးနေထိုင်ရာနေရာ (Institution)များတွင် နေထိုင်သူများ လိုက်နာရမည့် စည်းကမ်းချက်များ**

၁။ (က) အသက်(၅)နှစ်နှင့် အထက်ရှိသူများအားလုံး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အကြိမ်ပြည့်ထိုးနှံထားရှိရန်နှင့် အသက်(၁၈)နှစ်နှင့်အထက် ကာကွယ်ဆေးထိုးနှံပြီးစီးမှုကာလ (၆)လပြည့်ပြီးသူများသည် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းကို မပျက်မကွက်ခံယူကြရန်၊

(ခ) အလုံပိတ်အခန်းအတွင်း လူအများနှင့်အတူရှိနေခြင်း၊ အခန်းအတွင်း ပြင်ပမှလာရောက်သူများရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို အမြဲဝတ်ဆင်ထားရန်၊

(ဂ) လက်ကိုမကြာခဏ စက္ကန့်(၂၀)ကြာ ရေ၊ ဆပ်ပြာ သို့မဟုတ် အယ်လ်ကိုဟော(၆၀%)ပါဝင်သော လက်သန့်စင်ဆေးရည် (Hand Sanitizer/Gel) ဖြင့် စနစ်တကျဆေးကြောရန်၊

(ဃ) ရုတ်တရက် နှာချေခြင်း၊ ချောင်းဆိုးခြင်းပြုသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းကို တံတောင်ကွေးဖြင့် လုံခြုံအောင် ဖုံးအုပ်ရန်၊

(င) စားသောက်ရာတွင် အတူစုဖွဲ့စားသောက်ခြင်း၊ မျက်နှာချင်းဆိုင် စားသောက်ခြင်း၊ စားသောက်နေစဉ် စကားပြောဆိုခြင်းများ တတ်နိုင်သမျှ မပြုလုပ်ကြရန်၊

(စ) ကိုဗစ်-၁၉ ရောဂါသံသယလက္ခဏာခံစားရသူရှိပါက သက်ဆိုင်ရာ တာဝန်ကျဝန်ထမ်းထံသို့ ချက်ချင်းသတင်းပေးပို့ရန်။

**လာရောက်တွေ့ဆုံသော ဧည့်သည်များ လိုက်နာရန်အချက်များ**

၂။ (က) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးသူနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးသူများဖြစ်ရန်၊

(ခ) လာရောက်တွေ့ဆုံစဉ် ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို စနစ်တကျ အမြဲဝတ်ဆင်ထားရန်၊

(ဂ) Institution အဝင်/ထွက်တွင် ကိုယ်အပူချိန်တိုင်းတာ စစ်ဆေးမှုခံယူရန်၊

(ဃ) ဖျားနာခြင်းနှင့် အခြား ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာများ ခံစားနေရပါက လာရောက်ခြင်းမပြုရန်၊

(င) အတူတကွ ဝိုင်းဖွဲ့စားသောက်ခြင်း လုံးဝမပြုလုပ်ရန်၊

(စ) လူစုလူဝေးမဖြစ်စေရေး ဂရုပြုနေထိုင်ရန်။

**ကျန်းမာရေးဝန်ကြီးဌာန**

(၁၇-၉-၂၀၂၂)

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



ဘူးသီးတောင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၁၁၁၉ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၃၃၇ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၄၇၆၁ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၄၀၉ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၂၆၈၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် ပါးစပ်နှင့်နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိမြို့နယ်လေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်များအတွင်းရှိမြို့နယ် ၄၅ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်၊ သပိတ်ကျင်းမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ပါးစပ်နှင့်နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းကြပြီး ဈေးဝယ်စင်တာများ၊ ဆိပ်ကမ်းများနှင့် လူသွားလူလာများပြားသည့် နေရာများတွင် LED ကြော်ငြာဘုတ်များဖြင့် ကိုဗစ်- ၁၉ ရောဂါနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်းတပ်ဆင်၍ သွားလာကြရန် လှုံ့ဆော်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❂ **ရှေ့ဖုံးမှ**

မြို့ပြအတွင်း ကျယ်ပြန့်စွာဖုံးအုပ်လာမှုများကြောင့် ပြည်သူများ၏ အစိမ်းရောင်ပတ်ဝန်းကျင်များလည်း တဖြည်းဖြည်း လျော့နည်းလာသည့်အပြင် မြို့ပြ၏ယာဉ်သုံးစွဲမှုသည်လည်း ငါးသိန်းကျော်ခန့်ရှိလာသည့်အတွက် ယင်းတို့မှထွက်ရှိသော ကာဗွန်ဒိုင်အောက်ဆိုက်မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုမဖြစ်စေရန် သစ်ပင်များကိုလည်း တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် မြို့ပြနေပြည်သူများအတွက် မြို့ပြ၏လူနေမှုပုံစံများ မွန်းကြပ်မှုမရှိစေရန် ကန်တော်ကြီး သဘာဝဥယျာဉ်အတွင်း ပြည်သူများ၏ကိုယ်ကာယကျန်းမာရေးအတွက် သန့်ရှင်းစိမ်းလန်းသောမြက်ခင်းများ၊ ခေတ်မီကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် အရှည် ၇၂၃၇ ပေရှိသည့် ကန်ပတ်လမ်း ရေပေါ်လူကူးသစ်သားတံတား ကြံ့ခိုင်လုံခြုံမှုရှိစေရေးအတွက် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ ဆောင်ရွက်ပေးထားသည်။

ဆက်လက်၍ ကန်ရေပြင်အစဉ်ကြည်လင်သန့်ရှင်းစေရေးအတွက် အင်းလျားကန်မှရေကို လက်မ ၃၀ ပိုက်ဖြင့်ဆက်သွယ်၍ ကန်တော်ကြီးကန်အတွင်းသို့ပို့လွှတ်ပေးနေမှု၊ ကန်အတွင်း ဗေဒါ၊ မြက်နှင့် ချုံနွယ်အမှိုက်များကို ရေပေါ်အမှိုက်သိမ်း(Aquamarine) ယာဉ်ဖြင့် နေ့စဉ်သန့်ရှင်းဆောင်ရွက်နေမှုများ၊ ကန်ပေါင်ပတ်လည် ရေဝင်နေရာကြံ့ခိုင်မှုလုပ်ငန်း၊ ကန်ရေပြင်ရေလျှံမှုမဖြစ်စေရန် ဦးထောင်ဘိုအဝိုင်းအနီး ရေပိုရေလွှဲတံခါး ကြံ့ခိုင်မှုရှိစေရန်တို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**စောရွှေဝွန်း**

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် စက်ရုံနှစ်ရုံတွင် ကာကွယ်ဆေးမထိုးနှံရသေးသူ ပြည်သူများအား ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေး



**လှိုင်သာယာ စက်တင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်တွင် ကိုဗစ် – ၁၉ မျိုးရိုးဗီဇပြောင်းအိုမီခရွန်ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကာကွယ်ဆေးမထိုးနှံရသေးသူ ပြည်သူများအား ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၏ဦးဆောင်မှုဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးနိုင်နှင့် ဝန်ထမ်းများ၊ ရွှေသံလွင်စက်မှုဇုန်ကော်မတီဥက္ကဋ္ဌနှင့်ဝန်ထမ်းများက ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးကို ယနေ့ နံနက် ၉ နာရီက ဖူဟင် (ရွှေခရု)စက်ရုံနှင့် မြန်မာ့လင်းကတ်စက်ရုံတို့တွင်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ စက်ရုံအတွင်းရှိ ကာကွယ်ဆေးမထိုးနှံရသေးသော အသက်(၁၈)နှစ်အထက် First Dose(Simpharm) ဆေးထိုးနှံသူ ၃၂၇ ဦး ၊ ထပ်ဆောင်း Booster Dose (Sinovac)ဆေးထိုးနှံသူ ၁၀၁၇ ဦး စုစုပေါင်း ၁၃၄၄ ဦးအား ကိုယ်အပူချိန် တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ သွေးတွင်း အောက်ဆီဂျင်ပမာဏ တိုင်းတာခြင်းနှင့် ကာကွယ်ဆေးထိုးမှတ်တမ်းတွင် စာရင်းရေးသွင်းစေခြင်း၊ ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေး ထိုးနှံပေးခြင်း၊ ကာကွယ်ဆေးထိုးပြီးချိန်တွင်လည်း နာရီဝက်ခန့်စောင့်ကြည့်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ QR Code စနစ်ပါဝင်သည့် မှတ်တမ်းစာရွက်များ ပြုလုပ်နိုင်ရေးစာရင်းရေးသွင်းခြင်းနှင့် QR Code စနစ်ပါဝင်သည့် မှတ်တမ်းစာရွက်များအား ပေးအပ်ခြင်းတို့ကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် မြို့နယ်အတွင်းရှိ ပရဟိတအသင်းအဖွဲ့ဝင်များက ပူးပေါင်း၍ ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး နည်းလမ်းများနှင့်အညီ ဆောင်ရွက်ပေးခဲ့သည်။

လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်တွင် ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး နည်းလမ်းများအတိုင်း တိကျစွာ လိုက်နာနေထိုင်ရေး အသိပညာပေးနှိုးဆော်ခြင်းနှင့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံနိုင်ရေး အသိပညာပေးခြင်းလုပ်ငန်းများကို တာဝန်ရှိသူများ ပူးပေါင်းကာ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံအနာဂတ် လှသည်ထက်လှစေ

ဝဏ္ဏ(TGI)

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University(FEFU) သို့ ရောက်ရှိတည်းခိုလျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးစီးသည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၇ ရက်နေ့ နံနက်ပိုင်းမှစတင်၍ သက်ဝင်လှုပ်ရှားလျက်ရှိသည်။ နံနက်ပိုင်းအတွက် သွားရောက်လေ့လာမည့် အစီအစဉ်၊ တွေ့ဆုံဆွေးနွေးမည့်အစီအစဉ်များ မရှိသည့်တိုင် နားနေရခြင်းမရှိ။ မကြာမီ ဆောင်ရွက်ရမည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံဆွေးနွေးမှု၊ (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်(The 7th Eastern Economic Forum–2022)တွင် တက်ရောက်ဆွေးနွေးမှုစသည်တို့အတွက် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နေကြသည်။ ခရီးစဉ်အား မစတင်မီကာလကပင် ကြိုတင်ပြင်ဆင်ခဲ့ပြီးဖြစ်သော်လည်း အချိန်နှင့်အမျှ ပြောင်းလဲလာနိုင်သည့် အချို့အကြောင်းအရာများအတွက် မတိုင်မီသောကာလအထိ ပြင်ဆင်မှုကို မလျှော့။

မွန်းလွဲပိုင်းအရောက်တွင် တည်းခိုရာနေရာမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ပါဝင်သည့် လုံခြုံရေးယာဉ်တန်းများခြံရံထားသည့် အထူးယာဉ်တန်း စတင်ထွက်ခွာသည်။ FEFU Campus အတွင်းရှိ ဧည့်ခန်းမဆောင်အတွင်း၌သာ တွေ့ဆုံခြင်းဖြစ်၍ ခရီးကွာဝေးမှုမရှိသော်လည်း စနစ်ကျနသော ယာဉ်တန်းဖြင့် စီမံဆောင်ရွက်ပေးမှုဖြင့် ရုရှားနိုင်ငံအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အပေါ် အလေးအနက်ထားမှုကို ပြသည်။

နှစ်နိုင်ငံအကြီးအကဲနှစ်ဦး၏ တွေ့ဆုံဆွေးနွေးမှုတွင် မြန်မာနိုင်ငံဘက်မှ အကြီးအကဲနှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးတို့ ပါဝင်တက်ရောက်သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံဘက်တွင်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin၊ နိုင်ငံခြားရေးဝန်ကြီး Sergey Lavrov၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Nikolay A. Listopadov နှင့် အစိုးရအဖွဲ့တာဝန်ရှိသူများ စုံလင်စွာတက်ရောက်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H. E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံဆွေးနွေးစဉ်။


ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတက ကြိုဆိုမှုအပေါ် မြန်မာနိုင်ငံ၏ အကြီးအကဲက မင်္ဂလာပါဟူသော ပဋိသန္ထာရစကားဖြင့် နှုတ်ဆက်၍ တွေ့ဆုံဆွေးနွေးမှုကိုစသည်။ ရုရှားနိုင်ငံအကြီးအကဲက ရုရှား–မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး ၇၅ နှစ်တိုင်သည်အထိ ခိုင်မြဲခဲ့မှုအပေါ် ဂုဏ်ပြုအခမ်းအနားကျင်းပမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံဆက်ဆံရေး ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အပေါ် အလားအလာကောင်းများ မြင်တွေ့နေရမှု အခြေအနေများကို စတင်ဆွေးနွေးသည်။ ကနဦးဆွေးနွေးမှုတွင် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ယုံကြည်အားထားရသည့် ကာလရှည်မိတ်ဖက်နိုင်ငံဟု သုံးနှုန်းဆွေးနွေးခြင်းဖြင့် ရုရှား–မြန်မာ နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုကို ဖော်ပြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း တွေ့ဆုံဆွေးနွေးမှုအပေါ် ကျေးဇူးတင်စကားဆို၍ နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေးအခြေအနေ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယခင်ရင်ဆိုင်ခဲ့ရသည့် အခက်အခဲများနှင့် ၎င်းအခက်အခဲများကြားမှ လက်ရှိသမ္မတကြီးလက်ထက်တွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံအဖြစ်သို့ ရောက်ရှိအောင် ကြိုးပမ်းခဲ့မှုများအပေါ် ချီးကျူးစကားဖြင့် ဆွေးနွေးခြင်းကိုစသည်။ အပြန်အလှန်သော ရင်းနှီးမှုဖြင့် ချစ်ကြည်ရေးဆွေးနွေးမှုများအပြီးတွင် နှစ်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ရှေးရှုသောဆွေးနွေးမှုကို ဆောင်ရွက်ကြသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံမှု တိုးမြှင့်ရေးမှအစချီ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ဆက်စပ်နေသည့် ငွေကြေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးသည်။ နိုင်ငံသူ၊ နိုင်ငံသား တစ်ဦးချင်းမှအစပြု၍ နိုင်ငံအဆင့်အထိ တိုးတက်လာမည့်ကိစ္စရပ်များဖြစ်သည့်အတွက် ဆွေးနွေးမှုမှာ ကျယ်ပြောလှသည်။ ဆက်လက်ဆွေးနွေးမှုတွင် သိပ္ပံနှင့်နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ အာကာသနှင့် ဂြိုဟ်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးသည်။ တိုးတက်လာသည့် သိပ္ပံနှင့်နည်းပညာခေတ်တွင် ပူးပေါင်းဆောင်ရွက်ရမည့်ဆွေးနွေးမှုများမှာ အဖိုးတန်လှသည့်အပြင် မြန်မာနိုင်ငံရှိ ခေတ်ပညာတတ်များအတွက် အခန်းကဏ္ဍတစ်ခုကို ဖွင့်လှစ်လိုက်နိုင်ခြင်းဟု ဆိုရမည်ဖြစ်သည်။

နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း အပြန်အလှန် တိုးမြှင့်ရေး၊ မြန်မာနိုင်ငံသို့ ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ခေါ်ဆွေးနွေးမှုကိုလည်းဆောင်ရွက်ခဲ့ရာ အနာဂတ်ကာလတွင် နှစ်နိုင်ငံလုံးမှ ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုသော ဆွေးနွေးမှုအဖြစ် မှတ်တမ်းတင်ရမည်ပင်ဖြစ်သည်။ နှစ်ဖက်သော အကြီးအကဲများ၏ နိုင်ငံနှင့် ပြည်သူလူထုအပေါ် ထားရှိသည့်စိတ်စေတနာကို မြင်သာသည့် ဆွေးနွေးမှုများဟုလည်း ထင်မြင်မိသည်။ အလားတူပင် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြု၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် အသုံးချနိုင်ရေးကိုလည်း ဆွေးနွေးဆောင်ရွက်ခဲ့ရာ အမိမြန်မာပြည်အတွက် ရလဒ်ကောင်းများ ရရှိစေရန် ပြီးပြည့်စုံလှသော ဆွေးနွေးချက်များအဖြစ် ယူဆမိသည်။ သာမန်တွေ့ဆုံမှုများထက် ပိုမိုကြာမြင့်ခဲ့သည့် တွေ့ဆုံဆွေးနွေးခဲ့မှုသည် နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှု၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန် ကူညီဆောင်ရွက်မှု စသည့်အပြုသဘောဆောင်သော ရလဒ်ကောင်းများကို ဆွေးနွေးနိုင်ခဲ့သည်ဟု မှတ်တမ်းပြုရမည်ပင်ဖြစ်သည်။

စာမျက်နှာ ၇ သို့ »»»




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တို့ ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြစဉ်။

**"ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံမှု တိုးမြှင့်ရေးမှအစချီ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ဆက်စပ်နေသည့် ငွေကြေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးသည်။ နိုင်ငံသူ၊ နိုင်ငံသား တစ်ဦးချင်းမှအစပြု၍ နိုင်ငံအဆင့်အထိ တိုးတက်လာမည့်ကိစ္စရပ်များဖြစ်သည့်အတွက် ဆွေးနွေးမှုမှာ ကျယ်ပြောလှ"**

»»» စာမျက်နှာ ၆ မှ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဆွေးနွေးမှုနှင့်ပတ်သက်၍ အခမ်းအနားမှူးက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးပြောကြားခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးစဉ်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E.Vladimir Vladimirovich Putin နှင့် တွေ့ဆုံဆွေးနွေးမှုအပြီးတွင် မကြာမီစတင်ကျင်းပမည့် (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum–2022)၏ မျက်နှာစုံညီ အစည်းအဝေး Plenary Session တွင် တက်ရောက်ဆွေးနွေးရန် စီမံရသည်။

ဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေးသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏သမ္မတ အပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ အာမေးနီးယားနိုင်ငံဝန်ကြီးချုပ် Mr. Nikol Pashinyan၊ မွန်ဂိုလီးယားနိုင်ငံဝန်ကြီးချုပ် Mr. Luvsannamsrian Oyun–Erdene၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ Mr. Li Zhanshu စသည့် နိုင်ငံ့ခေါင်းဆောင်များ အပါအဝင် နိုင်ငံ ၆၀ ကျော်မှ စီးပွားရေးဆိုင်ရာ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတက ရုရှားအရှေ့ဖျားဒေသ၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုများအတွက် ဆောင်ရွက်ပေးမည့် အခြေအနေ၊ ရုရှားနိုင်ငံမှ ကုန်သွယ်ကူးသန်းရောင်းဝယ်မှုများနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ ဆွေးနွေးပြောကြားမှုအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဆက်လက်ဆွေးနွေးရသည်။

မြန်မာအကြီးအကဲက ဆွေးနွေးမှုကို " စားနပ်ရိက္ခာလုံခြုံရေး(Food Security)ကဏ္ဍတွင် မြန်မာနိုင်ငံ၏ အရေးပါမှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကောင်းများ”ဟူသော ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။ လူသားများ၏ အသက်ရှင်နေထိုင်လှုပ်ရှားသွားလာရန်အတွက် စားနပ်ရိက္ခာ၏ အရေးပါမှုကို စတင်ဖော်ပြ၍ စားနပ်ရိက္ခာလုံခြုံမှု (Food Security)သည် လူသားအားလုံးအတွက် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံးသော လိုအပ်ချက်ဖြစ်သည်ဟု ဆွေးနွေးသည်။ စားနပ်ရိက္ခာလုံခြုံမှု(Food Security)အပေါ် ခေတ်ကာလပြောင်းလဲမှုအရ ဘဏ္ဍာရေးလုံခြုံမှု(Financial Security)က လွှမ်းမိုးလာမှုကိုလည်း သတိပြုနိုင်ရန် ထောက်ပြဆွေးနွေးသည်။ စားနပ်ရိက္ခာလုံခြုံမှု (Food Security)တွင် အဓိကကျသည့် အထောက်အကူပစ္စည်းများ ရောင်းဝယ်မှုပြုရာတွင် အချို့နိုင်ငံများက ဘဏ္ဍာရေးလုံခြုံမှုနှင့် ယှဉ်တွဲ၍ ဒေါ်လာကို လက်နက်သဖွယ် အသုံးချလာမှု၊ နိုင်ငံကြီးများမှ နိုင်ငံငယ်များကို ဒေါ်လာဖြင့်အနိုင်ကျင့်ကာ နိုင်ငံရေး၊ စီးပွားရေးတို့တွင် လွှမ်းမိုးလာမှုတို့ကိုလည်း အလေးထားထောက်ပြ၍ သတိပြုမိစေရန် ထည့်သွင်းဆွေးနွေးသည်။ ၎င်းကိစ္စရပ်များကို လွန်ဆန်နိုင်မည့် နည်းလမ်းနှစ်သွယ်ကို ဆောင်ရွက်နိုင်မှု၊ အင်အားကြီးနိုင်ငံများမှ ဝိုင်းဝန်းကူညီပေးရန် လိုအပ်မှုတို့ကိုလည်း အကြံပြုတိုက်တွန်းသည်။ အမိမြန်မာပြည်အတွက်သာမဟုတ်၊ အခြားအနိုင်ကျင့်ခံနေရသည့် နိုင်ငံငယ်များအတွက်ကိုပါ ရည်ရွယ်ထည့်သွင်းဆွေးနွေးမှုတွင် ဖေးမကူညီတတ်သည့် မြန်မာ့စိတ်ရင်းကို မြင်သာသည်။

စားနပ်ရိက္ခာလုံခြုံမှု (Food Security)ကို ခြိမ်းခြောက်နေသည့် ပြောင်းလဲမှုဖြစ်စဉ်များ၊ နှစ်ကာလများအလိုက် တိုးတက်လာမည့်လူဦးရေနှင့်အညီ စားနပ်ရိက္ခာလိုအပ်မှု(Demand) မြင့်တက်လာနိုင်မည့် အခြေအနေများကိုလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ချက်များအဖြစ် သိသာစေရန်ဆွေးနွေးမှုတွင် ထည့်သွင်းသည်။ ဆက်လက်ဆွေးနွေးမှုတွင် အမိမြန်မာနိုင်ငံပါဝင်သည့် အာဆီယံဒေသသည် ပထဝီအနေအထားအရ အရေးပါသည့်နေရာတွင်တည်ရှိနေမှု အခြေအနေ၊ အာဆီယံနိုင်ငံများမှ စိုက်ပျိုးရေးထွက်ကုန်များ ထုတ်လုပ်မှု၊ တင်ပို့ရောင်းချမှုအခြေအနေများကိုလည်း ကိန်းဂဏန်းအချက်အလက် အကိုးအကားများဖြင့် ရှင်းလင်းဆွေးနွေးသည်။ အာဆီယံဒေသတွင်း နိုင်ငံတစ်ခုဖြစ်သည့် မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ သဘာဝပတ်ဝန်းကျင်ကောင်းများနှင့် ပြည့်စုံမှု၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဆိုပါက စားနပ်ရိက္ခာလုံခြုံမှု(Food Security) အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ အပြန်အလှန် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီသဘောကိုအခြေခံ၍ ဆွေးနွေးမှုအဖြစ် မှတ်သားရသည်။

မြန်မာနိုင်ငံ၏ လက်ရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်နေမှုအခြေအနေ၊ အသစ်ထပ်မံတွေ့ရှိထားသည့် သဘာဝဓာတ်ငွေ့သိုက်များ၏ အခြေအနေ၊ သဘာဝဓာတ်ငွေ့ကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများ လာမည့်သုံးနှစ်အတွင်း တိုးတက်လာမည်ဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ကမ်းလှမ်းမှုကိုလည်း ဆွေးနွေးမှုတွင် ထည့်သွင်းပြောကြားသည်။ အလားတူ သဘာဝတွင်းထွက်သတ္တုများ တူးဖော်ထုတ်လုပ်ရေး၊ စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအပါအဝင် နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်နှင့် ကုန်သွယ်ရေးအတွက် အခွင့်အလမ်းများစွာကို ပေးအပ်နိုင်စွမ်းရှိမှု စသည်တို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသည်။

ယခုကျင်းပပြုလုပ်သည့် ဖိုရမ်မှအစပြု၍ အနာဂတ်ကာလတွင် အာရှ–ပစိဖိတ်ဒေသကို ရင်းနှီးမြှုပ်နှံမှုသာမက ပထဝီနိုင်ငံရေးအရ တည်ငြိမ်မှုရရှိစေရေး ပိုမိုအားကောင်းလာမည့် အခြေအနေ၊ ဒေသတွင်း အဖွဲ့အစည်းအသီးသီးတို့နှင့် ခိုင်မာသည့် ဆက်ဆံရေးထူထောင်ခြင်းဖြင့် ရရှိလာနိုင်သည့် အကျိုးစီးပွားဖြစ်ထွန်းမှုတို့ကို ထည့်သွင်းဆွေးနွေးကာ စည်းလုံးညီညွတ်ခြင်းဖြင့် ဒေသတွင်းသာမက နယ်မြေအသီးသီး၏ အကျိုးစီးပွားတိုးတက်စေနိုင်မှုကို အသေးစိတ်ဆွေးနွေးသည်။ ၎င်းကဲ့သို့ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရေးအတွက် ဆက်သွယ်ရေးလမ်းကြောင်းဖွင့်လှစ်ရန် လိုအပ်မှု၊ ဆက်သွယ်ရေးလမ်းကြောင်းဖွင့်လှစ်ရာတွင် ပေါင်းစပ်ဆောင်ရွက်သင့်သည့် အခြေအနေများကိုလည်း အကြံပြုဆွေးနွေးခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အတွေးတစ်ခုဖြစ်လာစေရန် တိုက်တွန်းနိုင်ခဲ့သည်။ အကြံပြုတိုက်တွန်းမှုကို အမိမြန်မာနိုင်ငံ၏ ပထဝီအခြေအနေ၊ ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံရေး (Food Security)အတွက် ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေနှင့်ချိတ်ဆက်ဆွေးနွေးကာ ရင်းနှီးမြှုပ်နှံမှုများ လာရောက်ဆောင်ရွက်ရန် ဖိတ်ကြားခြင်းဖြင့် ဆွေးနွေးမှုကို အဆုံးသတ်သည်။ ကမ္ဘာကြီး၏ စားနပ်ရိက္ခာလိုအပ်ချက်၊ ဒေသတွင်းဆောင်ရွက်သင့်သည့်အချက်များ၊ မြန်မာနိုင်ငံ၏ ပထဝီအခြေအနေနှင့် ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေများကို အကိုးအကား၊ အထောက်အထားများဖြင့် ချိတ်ဆက်ဆွေးနွေးမှုမှာ သေသပ်ပြည့်စုံလွန်းသည်ဟု မြင်မိသည်။

အနာဂတ်တွင် ယုံကြည်အားထားရသည့် ကာလရှည်မိတ်ဖက်နိုင်ငံ၊ တစ်နည်းအားဖြင့် မဟာမိတ်နိုင်ငံဟု ညွှန်းသည်။ ရှည်လျားသော သမိုင်းကြောင်း၏ အကဲဖြတ်ချက်အရ ထွက်ပေါ်လာသည့်စကားစုဟု သုံးနှုန်းလျှင် မှားမည်မထင်ပါ။ နှစ်နိုင်ငံ၏ ဆက်ဆံရေးသမိုင်းတစ်လျှောက် တိုးတက်လာသည့် ကုန်သွယ်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍လည်း အလားအလာကောင်းများစွာရှိမှုနှင့် ယခုဖိုရမ်ကို တက်ရောက်လာမှုအပေါ် ကျေးဇူးတင်စကားလည်း ဆိုသည်။ တည်ငြိမ်သည့်အပြောတွင် ရည်မှန်းချက်ပါသည်ကို သတိပြုမိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း အပြန်အလှန် ကျေးဇူးတုံ့ပြန်စကားဖြင့်စသည်။ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကာလကိုညွှန်းဆိုရင်း ထူးခြားသည့် သမိုင်းကြောင်းရှိသည့်ဆက်ဆံရေးအဖြစ် ဂုဏ်ပြုစကားဆိုသည်။ အနိမ့်၊ အမြင့်မျိုးစုံသော ဆက်ဆံရေးသမိုင်းနှင့် လွန်ခဲ့သော ၁၀ စုနှစ် နှစ်စုကျော်ကာလမှစတင်၍ နှစ်နိုင်ငံဆက်ဆံရေးတိုးတက်လာမှုကို အရှိန်အဟုန်ဖြင့်ဟူသော အထူးပြုစကားလုံးဖြင့် ညွှန်းဆိုသည်။ လွန်ခဲ့သည့် နှစ် ၃၀ ခန့်တွင် ရုရှားနိုင်ငံ ရင်ဆိုင်ခဲ့သည် အခက်အခဲအပေါ် လက်ရှိသမ္မတကြီးတာဝန်ယူသည့် ၁၀ စုနှစ်ကာလအတွင်း ကမ္ဘာ့ထိပ်တန်းနိုင်ငံအဖြစ် ရောက်ရှိလာမှု၊ ကမ္ဘာ့ထိပ်တန်းသို့ ရောက်ရှိလာမှုနှင့်အတူ ကမ္ဘာ့အရေးကိစ္စများတွင် ရပ်တည်ဆောင်ရွက်နေမှုများကို ဂုဏ်ပြုစကားဖြင့် ဖော်ပြသည်။ လာမည့်အနာဂတ်ကာလတွင် ရုရှားနှင့်မြန်မာနှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုအား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဆိုသည်ကိုလည်း ထည့်သွင်းပြောဆိုသည်။ ကဏ္ဍတစ်ခုတည်း၊ အနည်းငယ်မျှသောကဏ္ဍ၊ ကဏ္ဍအချို့ စသည့် ကန့်သတ်ချက်မပါ။ ကဏ္ဍပေါင်းစုံဟု သုံးနှုန်းသည်။ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေးအစချီသည့် ကဏ္ဍနယ်ပယ်က မနည်းလှ။ မကြာမီကကျင်းပပြုလုပ်ပြီးစီးခဲ့သည့် International Army Games ကဲ့သို့သော ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းလေ့ကျင့်ဆောင်ရွက်မှုများကလည်း တစ်ခန်းတစ်ကဏ္ဍအဖြစ် ပါပေလိမ့်မည်။ ကျယ်ပြောလှသည့် ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍတွေကလည်း ဦးစားပေးအဆင့်ထဲမှာ ပါပေလိမ့်မည်။ တစ်ပွင့်တည်းသောပန်းအတွက် ရည်ရွယ်ခြင်းမဟုတ်။ ပန်းပေါင်းစုံသော ပန်းခင်းကြီးအဖြစ် ရည်ရွယ်သည်ဟု ဆိုရပေမည်။

> မြန်မာနိုင်ငံ၏ လက်ရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်နေမှု အခြေအနေ၊ အသစ်ထပ်မံတွေ့ရှိထားသည့် သဘာဝဓာတ်ငွေ့သိုက်များ၏ အခြေအနေ၊ သဘာဝဓာတ်ငွေ့ကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများ လာမည့်သုံးနှစ်အတွင်း တိုးတက်လာမည်ဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ကမ်းလှမ်းမှုကိုလည်း ဆွေးနွေးမှုတွင် ထည့်သွင်းပြောကြားသည်။ အလားတူ သဘာဝတွင်းထွက်သတ္တုများ တူးဖော်ထုတ်လုပ်ရေး၊ စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအပါအဝင် နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်နှင့် ကုန်သွယ်ရေးအတွက် အခွင့်အလမ်းများစွာကို ပေးအပ်နိုင်စွမ်းရှိမှု စသည်တို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး

စာမျက်နှာ ၈ သို့ »»»

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ပြောကြားခဲ့တဲ့ ပြည်သူတွေ ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအသောက်တွေကို သင့်တင့်တဲ့ ဈေးနှုန်းတွေနဲ့ လွယ်ကူလုံလောက်စွာ ဝယ်ယူနိုင်ခြင်းဆိုတဲ့စကားက နိုင်ငံတကာရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့လည်း ကိုက်ညီပါတယ်။ စားနပ်ရိက္ခာလုံခြုံရေးကို ဆွေးနွေးတာလည်း မှန်ပါတယ်။ အချိန်အခါနဲ့လည်း ကိုက်ညီပါတယ်။

ဒေါက်တာရင်ရင်နွယ်

သတင်းအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ စက်တင်ဘာလ ၄ ရက်နေ့မှ ၁၁ ရက်နေ့အထိ သွားရောက်ခဲ့သည်။

ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေး Plenary Session ၌ တက်ရောက်ပါဝင်ဆွေးနွေးခြင်း၊ ဗလာဒီဗော့စတော့ခ်မြို့၌ လေ့လာခြင်း၊ Republic of Buryatia ပြည်နယ် Ulan – Ude မြို့၌ လေ့လာခြင်း၊ Amur ပြည်နယ် Blagoveshchensk မြို့ရှိ Vostochny Cosmodrome အာကာသယာဉ်လွှတ်တင်ရေးစခန်းသို့ သွားရောက်လေ့လာခြင်း၊ Irkutsk မြို့၌ လေယာဉ်ထုတ်လုပ်ရေးစက်ရုံအပါအဝင် လှည့်လည်ကြည့်ရှုလေ့လာခြင်း စသည်ဖြင့် နိုင်ငံနှင့်ပြည်သူအတွက် အကျိုးရှိသည့် ခရီးစဉ်တစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

သို့ဖြစ်၍ အဆိုပါခရီးစဉ်နှင့်ပတ်သက်ပြီး တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ရပါသည် –

**ဒေါက်တာရင်ရင်နွယ်**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင်)**

နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့မိန့်ခွန်းထဲမှာပါဝင်တဲ့ စားနပ်ရိက္ခာလုံခြုံရေးရဲ့အဓိပ္ပာယ်ကို ကျွန်မအနေနဲ့ အနည်းငယ်ထပ်ပြီး အကျယ်ဖွင့်ပါရစေ။ ဒီကိစ္စနဲ့ဆက်စပ်နေတဲ့ အစာအာဟာရကဏ္ဍမှာ နှစ်ပေါင်းများစွာ အလုပ်အတွေ့အကြုံရှိခဲ့တဲ့သူ တစ်ယောက်အနေနဲ့လည်း ပြောလိုပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်က "စားနပ်ရိက္ခာလုံခြုံရေး" ရဲ့အဓိပ္ပာယ်ကို ကျန်းမာရေးနဲ့ ညီညွတ်တဲ့အစားအသောက်တွေကို သင့်တင့်တဲ့ဈေးနှုန်းနဲ့ လွယ်ကူလုံလောက်စွာဝယ်ယူနိုင်ခြင်းလို့ အကျဉ်းချုပ်အဓိပ္ပာယ်ဖော်ထုတ်သွားပါတယ်။ မိန့်ခွန်းဆိုတော့ အချိန်ကန့်သတ်ချက်အရ ပြောခဲ့ရတယ်။ ဒါက နိုင်ငံတကာသတ်မှတ်ချက်ရဲ့ မူဘောင်နဲ့ကိုက်ညီတဲ့ အဓိပ္ပာယ်ဖော်ထုတ်ချက်ပါ။

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) ရဲ့ သတ်မှတ်ချက်က "လူသားတိုင်းက အချိန်တိုင်းမှာ ဘေးကင်းပြီး အာဟာရပြည့်ဝတဲ့ အစားအစာကို လုံလုံလောက်လောက် ရရှိနိုင်ရမယ်။ ဝယ်ဖို့ လိုအပ်ရင်လည်းဝယ်နိုင်ရမယ်။ ကျန်းမာသန်စွမ်းပြီး လှုပ်ရှားသွားလာနိုင်တဲ့ လူနေမှုဘဝကို ပေးစွမ်းနိုင်ဖို့ ဒီအစားအစာက အာဟာရ လုံလောက်ရမယ်"**(အညွှန်း ၁)**။ ဒီစားနပ်ရိက္ခာလုံခြုံရေးရဲ့ အဓိပ္ပာယ်ကိုအသေးစိတ်ဖွင့်ဆိုပြီး စားနပ်ရိက္ခာလုံခြုံရေးအပေါ် သက်ရောက်မှုရှိတဲ့အကြောင်းရင်းတွေကို ကျွန်မ သုံးသပ်လိုပါတယ်။

ပထမအချက်အနေနဲ့ ငွေကြေး။ နိုင်ငံတစ်ခုကိုကြည့်မယ်ဆိုရင် ကိုယ့်နိုင်ငံက စားနပ်ရိက္ခာ လုံလောက်အောင် ထွက်ချင်မှထွက်မယ်။ ဒါဆိုရင် ပြည်ပက လိုအပ်တဲ့အစားအစာတွေ ဝယ်ယူဖို့ ငွေကြေး လုံလောက်ရမယ်။ ဒုတိယအနေနဲ့ ပြည်တွင်းတစ်နေရာကနေ တစ်နေရာကိုပို့ဖို့လောင်စာဆီ လုံလောက်ဖို့လိုတယ်။ ဒီတော့ အခုခေတ် စားနပ်ရိက္ခာလုံခြုံရေးကို အကောင်အထည်ဖော်နိုင်ဖို့က ငွေကြေးနဲ့ လောင်စာဆီတို့ လုံလောက်ရင် တော်တော်ဟုတ်နေပြီ။ စင်ကာပူနိုင်ငံကိုကြည့်ပါ။ စင်ကာပူက သူ့စားနပ်ရိက္ခာ လိုအပ်ချက်အားလုံးရဲ့ ၉၀ ရာခိုင်နှုန်းကို တိုင်းပြည်ပေါင်း ၁၇၀ ကနေ တင်သွင်းရတယ်**(အညွှန်း ၂)**။ အကြောင်းတစ်ခုခုကြောင့် စင်ကာပူကို လေယာဉ်တွေ၊ သင်္ဘောတွေ မဆိုက်နိုင်တော့ရင် စင်ကာပူ ဒုက္ခရောက်ပြီပေါ့။

**လောလောဆယ် လုံလောက်နေ**

တတိယက လူဦးရေ။ ရှိတဲ့လူဦးရေအတွက် လိုအပ်သလောက် စားနပ်ရိက္ခာကိုရရှိဖို့ဆိုတာကို လူတိုင်းသိပြီးဖြစ်လို့ တစ်ချက်ပဲဖြည့်စွက်ပြောချင်တယ်။ အခုအချိန်မှာ ကမ္ဘာကထွက်တဲ့ စားနပ်ရိက္ခာက ကမ္ဘာ့လူဦးရေအတွက် လောလောဆယ် လုံလောက်နေတယ်လို့ နိုင်ငံတကာအဖွဲ့အစည်းတွေကပြောကြတယ်**(အညွှန်း ၃)**။ တချို့နေရာဒေသတွေမှာ အစာငတ်ပြတ်နေကြတာက ဆင်းရဲမွဲတေမှုကြောင့် အဓိကဖြစ်ပြီး နိုင်ငံရဲ့ လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်၊ စားနပ်ရိက္ခာ ဖြန့်ဖြူးစီမံခန့်ခွဲတဲ့စနစ်တွေမှာ အားနည်းချက်တွေရှိတယ်လို့သုံးသပ်နိုင်တယ်။

စတုတ္ထအချက်က ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်။ ဒါတွေကလည်း သီးနှံတွေစိုက်ပျိုးဖို့၊ စားနပ်ရိက္ခာလုံခြုံမှုရရှိဖို့ လိုအပ်နေတဲ့ ရေအရင်းအမြစ်၊ ရေရရှိမှုတို့နဲ့ ချိတ်ဆက်နေပါတယ်။ မြန်မာနိုင်ငံက ရေပေါများတော့ ရေကိုဖြုန်းတီးကြတယ်။ တန်ဖိုးမထားတတ်ကြဘူး။ ရှေ့လျှောက်ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့မိုးခေါင်တာတွေ၊ မုန်တိုင်းကျတာတွေ ပိုမိုပူပြင်းလာတာတွေဟာ စားနပ်ရိက္ခာလုံခြုံမှုကို ထိခိုက်မှာမို့ ရေရှားမယ့် ဖြစ်ရပ်တွေ၊ ရေကြီးရေလျှံဖြစ်ရပ်တွေအတွက် နိုင်ငံတိုင်းကြိုတင်ပြင်ဆင်ရမယ်လို့မြင်ပါတယ်။

**နည်းပညာတွေလိုအပ်**

ပဉ္စမအနေနဲ့က နည်းပညာ။ စားနပ်ရိက္ခာလုံခြုံမှုရရှိဖို့ စိုက်ပျိုးရေး၊ ရေရရှိရေးတို့မှာ အသုံးပြုတဲ့နည်းပညာတွေဖြစ်ပါတယ်။ မြန်မာပြည် မိုးရေချိန်ရဲ့ ငါးပုံတစ်ပုံသာ မိုးရေချိန်ရှိတဲ့ အစ္စရေးနိုင်ငံမှာ နည်းပညာတွေနဲ့ သဲကန္တာရထဲမှာတောင် ကောက်ပဲသီးနှံတွေစိုက်ပျိုးပြီး အစားအသောက်တွေတင်ပို့နိုင်တယ်။ နောက်ထပ်ဥပမာတစ်ခုကတော့ အင်ဒိုနီးရှားနိုင်ငံမှာ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထောက်ပံ့ခဲ့တဲ့ ဆည်မြောင်းစနစ်အုပ်ချုပ်ထိန်းသိမ်းမှုမှာ နည်းပညာတွေ အသုံးပြုပြီး စနစ်ရဲ့စွမ်းဆောင်ရည် (performance)ကို မြှင့်တင်ပေးတဲ့ စီမံကိန်းဖြစ်ပါတယ် **(အညွှန်း ၄)**။ အများသိတဲ့အတိုင်း စိုက်ပျိုးရေးမှာ ထုတ်လုပ်နိုင်မှုစွမ်းအားဆိုတာက စိုက်ပျိုးရေးသွင်းအားစု (input) တွေဖြစ်တဲ့ မြေဩဇာ၊ ရေပေးနိုင်မှုသာမက နည်းပညာတွေနဲ့လည်း သက်ဆိုင်ပါတယ်။ မျိုးစေ့ကအစ အရည်အသွေးပြည့်ဝတဲ့ အထွက်နှုန်းကောင်းတဲ့ မျိုးစေ့တွေဖြစ်ဖို့ နည်းပညာတွေလိုအပ်ပါတယ်။

ဆဋ္ဌမအနေနဲ့ စားနပ်ရိက္ခာသိုလှောင်မှုနဲ့ စားနပ်ရိက္ခာပြုန်းတီးမှု။ စားနပ်ရိက္ခာသိုလှောင်တဲ့စနစ်တွေ၊ ပြီးတော့ စားနပ်ရိက္ခာပြုန်းတီးမှုတွေကလည်း စားနပ်ရိက္ခာလုံခြုံရေးအပေါ် သက်ရောက်မှုရှိပါတယ်။ ကောက်ပဲသီးနှံတွေ ရိတ်သိမ်းပြီး သိုလှောင်ရာမှာ ပျက်စီးပြုန်းတီးမှုတွေ ဖြစ်ပေါ်နိုင်ပါတယ်။ ဥပမာ ၁၉၉၅ခုနှစ် ကျွန်မ နီဂျဲ (Niger) နိုင်ငံမှာ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နဲ့ ကွင်းဆင်းခဲ့စဉ်က အဲဒီက ရွာသူတွေက ကောက်ရိတ်ပြီး လူး၊ ဆပ်၊ ပြောင်းတွေအတွက် သိုလှောင်ရုံကောင်းကောင်းလိုတယ်၊ ရေတွင်းတွေလိုတယ်ဆိုပြီး အဓိကတောင်းဆိုခဲ့ကြပါတယ်။ ဒါ့အပြင် အများသိပြီးဖြစ်တဲ့အတိုင်း အစားအသောက်တွေ စားသောက်လို့မကုန်ဘဲ လွှင့်ပစ်ရတာတွေကြောင့်လည်း ကမ္ဘာမှာ စားနပ်ရိက္ခာပြုန်းတီးမှုတွေ ဖြစ်ပေါ်နေပါတယ်။ ကုလသမဂ္ဂရဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်များ (Sustainable Development Goals)အနက် နိုင်ငံတွေမှာရှိတဲ့ စားနပ်ရိက္ခာပြုန်းတီးမှုကိုတောင် ညွှန်းကိန်းအနေနဲ့ တိုင်းထွာဖို့ ကြိုးစားနေပါတယ် **(အညွှန်း ၅)**။ သတ္တမအနေနဲ့ စားနပ်ရိက္ခာဖြန့်ဖြူးရေးအပိုင်းဖြစ်ပါတယ်။ ဒီအပိုင်းမှာတော့ လောင်စာဆီနဲ့ လမ်းပန်းဆက်သွယ်ရေးတို့က အဓိကပေါ့လေ။

အဋ္ဌမအချက်ကတော့ စားနပ်ရိက္ခာ လုံလောက်မှု ဖြစ်ပါတယ်။ ဒီကိစ္စကို Oxford တက္ကသိုလ်က သုတေသီအဖွဲ့ Our World in Data က ကုလသမဂ္ဂကနေရတဲ့ အချက်အလက်တွေကို သုံးသပ်ခဲ့တယ်။ ဘာတွေ့ရသလဲဆိုတော့ ကမ္ဘာပေါ်မှာရှိတဲ့ လူဦးရေ ရှစ်ဘီလီယံဝန်းကျင်မှာ ကိုးရာခိုင်နှုန်း (သန်း၇၂၀ ဝန်းကျင်)က အစားစာရတာ အင်မတန်နည်းပြီး ဆာလောင်နေကြတယ်။ မြန်မာပြည်မှာတော့ ၂၀၁၉ ခုနှစ်မှာ ၁ ဒသမ ၉ ရာခိုင်နှုန်းက ဒီလိုဆာလောင်နေတဲ့အခြေအနေရှိတယ်လို့ဆိုတယ်။ ပြီးတော့ ကမ္ဘာမှာ လူလေးယောက်မှာ တစ်ယောက်က စားချင်သလောက် မစားရဘူး၊ စားနပ်ရိက္ခာလုံခြုံမှုမရှိလို့ သတ်မှတ်ထားတယ်။ မြန်မာပြည်မှာတော့ လူဦးရေရဲ့ ၂၂ ရာခိုင်နှုန်းက စားနပ်ရိက္ခာလုံခြုံမှုမရှိလို့ ဒီသုတေသီအဖွဲ့က သတ်မှတ်ထားတယ် **(အညွှန်း ၆)**။

လူတစ်ယောက်ကို တစ်နေ့ ကီလိုကယ်လိုရီ ၂၁၀၀ စားရမယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့တို့က သတ်မှတ်ထားတာရှိပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံအနေနဲ့ ကြည့်မယ်ဆိုရင် ဒီထက်ပိုနေတယ်။ ၂၆၇၃ ကီလိုကယ်လိုရီရှိနေတယ်။ အစားအသောက်အနေနဲ့ လုံလုံလောက်လောက်ရှိနေတယ်။ ကမ္ဘာ့စံချိန်ထက်တောင် များနေသေးတယ်။ ဒါပေမဲ့ ဒါက တစ်နိုင်ငံလုံးအနေနဲ့ ပျမ်းမျှကြည့်တာပဲဖြစ်ပါတယ်။ နောက်တစ်ချက်က အစားအသောက်ရဲ့ အရည်အသွေး၊ ကျန်းမာရေးနဲ့ညီညွတ်မှု ရှိ၊ မရှိတို့ကို ထည့်မစဉ်းစားထားဘူး။

**ကလေးတွေရဲ့ ဖွံ့ဖြိုးမှုဟာ အားနည်းနေ**

နောက်ဆုံးအချက်ကတော့အစားအသောက်က ကျန်းမာရေးနဲ့ ညီညွတ်မှု ရှိ၊ မရှိ ဆိုတာကို ပြန်ကြည့်ရင်တော့ ကျွန်မတို့နိုင်ငံက အများကြီးတိုးတက်ဖို့ လိုပါသေးတယ်။ ဘာကြောင့်လဲဆိုတော့ အသက် (၅)နှစ်အောက် ကလေးတွေရဲ့ ဖွံ့ဖြိုးမှုဟာ အားနည်းနေပြီး အဏုအာဟာရဓာတ်လို့ခေါ်တဲ့ Micronutrient အားနည်းမှုတွေကြောင့် ထိုင်းနိုင်ငံက ကလေးတွေထက် မြန်မာကလေးတွေက ပုညှက်ခြင်း (stunting) ပိုများတယ်။ ကမ္ဘာမှာ ပုညှက်နှုန်းက ၂၂ ရာခိုင်နှုန်းရှိပေမယ့် မြန်မာမှာ ၂၅ ဒသမ ၂ ရာခိုင်နှုန်းရှိတယ်။ လာအိုနဲ့ ကမ္ဘောဒီယားနိုင်ငံတွေမှာ ပိုတောင်ဆိုးသေးတယ်။ ပုညှက်နှုန်းက ၃၀ ဒသမ ၂ ရာခိုင်နှုန်းနဲ့ ၂၉ ဒသမ ၉ ရာခိုင်နှုန်းတို့ဖြစ်တယ်**(အညွှန်း ၇)**။

**မေး။ ။ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ရုရှားနိုင်ငံခရီးစဉ်အပေါ် သုံးသပ်ပြောကြားပေးစေလိုပါတယ်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ပြောကြားခဲ့တဲ့ပြည်သူတွေ ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအသောက်တွေကို သင့်တင့်တဲ့ဈေးနှုန်းတွေနဲ့ လွယ်ကူလုံလောက်စွာ ဝယ်ယူနိုင်ခြင်းဆိုတဲ့စကားက နိုင်ငံတကာရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့လည်း ကိုက်ညီပါတယ်။ စားနပ်ရိက္ခာလုံခြုံရေးကို ဆွေးနွေးတာလည်း မှန်ပါတယ်။ အချိန်အခါနဲ့လည်း ကိုက်ညီပါတယ်။ ရုရှား-ယူကရိန်းစစ်ကြောင့် စားနပ်ရိက္ခာလုံခြုံမှုမရှိဘူးဆိုပြီး ကမ္ဘာနဲ့အဝှမ်း ပြောဆိုနေကြတယ်။ မြန်မာနိုင်ငံမှာလည်း စားနပ်ရိက္ခာလုံခြုံရေးနဲ့ပတ်သက်ပြီး စိန်ခေါ်မှုတွေ အများကြီးရှိနေသေးတယ်ဆိုတော့ ဒီအကြောင်းအရာက အင်မတန် အရေးပါတဲ့ကဏ္ဍဖြစ်ပါတယ်။ ဒါပေမဲ့ မြန်မာပြည်သူလူထုက စားနပ်ရိက္ခာလုံခြုံမှုအနေနဲ့ ပတ်သက်ပြီး နားလည်သင့်သလောက် နားမလည်သေးဘူး။ အထူးသဖြင့် food safety၊ food quality လို့ခေါ်တဲ့ အစားအသောက်နဲ့ပတ်သက်တဲ့ ဘေးအန္တရာယ်တွေနဲ့ အစားအသောက်ရဲ့ အရည်အသွေးအကြောင်းတွေကို ပိုမိုနားလည်အောင် ကြိုးစားဆောင်ရွက်ဖို့လိုပါမယ်။ လက်ရှိ ကမ္ဘာတစ်ဝန်းလုံးမှာ ကုန်ဈေးနှုန်းတွေတက်နေတာလည်း ကြီးမားတဲ့ စိန်ခေါ်မှုပါ။

(၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်က နိုင်ငံပေါင်း ၆၀ ကျော်က တက်ရောက်ကြတော့ ဒီအကြောင်းအရာကို ဆွေးနွေးတာ မှန်ပါတယ်။ နည်းတဲ့အခွင့်အရေးလည်း မဟုတ်ပါဘူး။

စာမျက်နှာ ၉ သို့ ❖

»»» **စာမျက်နှာ ၇ မှ**

အကြီးအကဲ၏ ဆွေးနွေးမှုအပြီးတွင် အခမ်းအနားမှူးက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးပြီး အကြီးအကဲက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကလည်း သူ၏ထင်မြင်ယူဆချက်ကို ဖြည့်စွက်ဆွေးနွေးခြင်းဖြင့် ပံ့ပိုးသည်။ ၎င်းနောက် တက်ရောက်လာသည့် အကြီးအကဲများက သက်ဆိုင်ရာခေါင်းစဉ်များအလိုက် ကိုယ်တိုင်ပါဝင်ဆွေးနွေးခြင်း၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Narendra Modi၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် H.E. Ismail Sabri Yaakob နှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် H.E. Pham Minh Chinh တို့က Video Message များဖြင့် ပေးပို့ဆွေးနွေးကြသည်။ နိုင်ငံ့ခေါင်းဆောင်အသီးသီး၏ ဆွေးနွေးမှုများအပြီးတွင် အခမ်းအနားမှူးက လက်ရှိကမ္ဘာတွင်ဖြစ်ပေါ်နေသည့် ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ရပ်တည်ချက်များကို မေးမြန်းရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆွေးနွေးမှုများအားလုံးပြီးဆုံးချိန်တွင် တက်ရောက်လာသည့် အကြီးအကဲများ ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီးနောက် အခမ်းအနားပြီးဆုံးခဲ့သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တစ်နေ့တာလှုပ်ရှားဆောင်ရွက်မှု၊ တွေ့ဆုံဆွေးနွေးမှုများက အစီအစဉ်အားဖြင့် ပြီးမြောက်ခဲ့ပြီဖြစ်သည်။ အစီအစဉ်အရ ပြီးမြောက်ခြင်း၏ နောက်ဆက်တွဲအကျိုးကျေးဇူးများကား မပြီးဆုံးသေး။ အချို့အကြောင်းအရာများက တိုးတက်မှုအဖြစ်ရှိနေပြီး အချို့အကြောင်းအရာများမှာ အသစ်အသစ်သော၊ ကောင်းမွန်သောအရာများအဖြစ် စတင်သက်ဝင်လာပြီဖြစ်သည်။ တိုးတက်မှု၊ ဖွံ့ဖြိုးမှု၊ ကြီးပွားမှုအစရှိသည့် အပြုသဘောဆောင်တိုးတက်မှုများမှာ တိုင်းတာကြည့်ရန်ပင် ခက်ခဲလွန်းလှသည်ထင်သည်။ မည်သို့ပင်ဆိုစေကာမူ အမိမြန်မာပြည်အတွက် အပြုသဘောဆောင် တိုးတက်မှုမှန်သမျှ အတိုင်းအဆမရှိခြင်းသည်ပင် မင်္ဂလာမည်ပါပေသည်ဟု သုံးသပ်ဖော်ပြအပ်ပါသည်။ ။

■

❖ စာမျက်နှာ ၈ မှ

နောက်တစ်ချက်က နိုင်ငံတကာက လာရောက်ရင်းနှီးမြှုပ်နှံဖို့ ဖိတ်ခေါ်ထားတာတွေ့ပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေ ဖိတ်ခေါ်တာလည်း အင်မတန်မှန်ပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံချင်အောင်ဆွဲဆောင်နိုင်ဖို့ မက်လုံးတွေပေးဖို့ လိုအပ်ပါတယ်။ ပြည်တွင်းက ရင်းနှီးမြှုပ်နှံသူတွေရော၊ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံမယ့်သူတွေအတွက်ပါ တန်းတူအခွင့်အရေးပေးဖို့ လိုပါတယ်။ ရင်းနှီးမြှုပ်နှံမှုကို အဟန့်အတားဖြစ်စေတဲ့ စိန်ခေါ်မှုတွေကို အမြန်ဆုံးဖြေရှင်းပေးနိုင်ဖို့လိုပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေလာဖို့ ဈေးကွက်စီးပွားရေးစနစ်ကို ဆက်လက်ဖော်ဆောင်ပေးနိုင်ဖို့လည်း လိုအပ်ပါတယ်။

## အကျိုးရှိရှိအသုံးချ

နောက်တစ်ချက်က ရုရှားနိုင်ငံနဲ့ သိပ္ပံနဲ့နည်းပညာဆိုင်ရာတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ရှိမယ်ဆိုတာ အင်မတန်ကောင်းသောသတင်းပါ။ အစိုးရဌာနတွေအနေနဲ့ ဒါကိုအကျိုးရှိရှိအသုံးချပြီး အောင်မြင်လာဖို့က ပြုပြင်ပြောင်းလဲရေး (reform) တွေလုပ်ဖို့ လိုနေသေးတယ်ဆိုတာကို ပြောချင်ပါတယ်။

အားလုံးကို ခြုံငုံသုံးသပ်မယ်ဆိုရင် နိုင်ငံတော်ဝန်ကြီးချုပ် ပြောကြားတဲ့ မိန့်ခွန်းက Focus မှန်ပါတယ်။ ဒီခရီးစဉ်က နိုင်ငံနဲ့ပြည်သူတွေအတွက် အကျိုးရှိတဲ့ခရီးစဉ်တစ်ခုဖြစ်တယ်လို့ ပြောကြားလိုပါတယ်။


အညွှန်းများ

၁။ https://www.fao.org/3/y4671e/y4671e06.htm

၂။ https://www.sfa.gov.sg/food-farming/sgfoodstory/our-singapore-food-story-the-3-food-baskets

၃။ https://www.actionagainsthunger.org/world-hunger-facts-statistics

၄။ https://www.adb.org/projects/43220-014/main

၅။ https://www.unep.org/thinkeatsave/about/sdg-123-food-waste-index#:~:text=Building%20on%20the%20work%20from%20the%20Food%20Loss,stream%20of%20products%20from%20processing%20through%20to%20consumption.

၆။ https://ourworldindata.org/hunger-and-undernourishment

၇။ https://data.worldbank.org/indicator/SH.STA.STNT.ME.ZS? most_recent_value_desc=true


ဒေါက်တာဆလိုင်းငွန်ကျုံးလျှန်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ရုရှားခရီးစဉ်မှာပြောသွားတဲ့မိန့်ခွန်းဟာ နိုင်ငံတကာပရိသတ်ကို ဦးတည်ပြောသွားတာ ဖြစ်ပါတယ်။ သို့သော် မြန်မာနိုင်ငံပရိသတ်များအတွက်လည်း အကျုံးဝင်တဲ့ မိန့်ခွန်းဖြစ်တဲ့အတွက် မြန်မာပရိသတ်တွေအတွက် သုံးသပ်လိုပါတယ်။

ဥက္ကဋ္ဌကြီးရဲ့ မိန့်ခွန်းမှာ လူတစ်ယောက်က အစားအစာစားသောက်မှ Energy ရှိမှာဖြစ်တဲ့အတွက် Human Energy လိုအပ်ချက်ကို ပြောပါတယ်။ Human Energy ရှိဖို့က Food Security ရှိဖို့လိုတယ်ဆိုတာကိုလည်း ထည့်သွင်းပြောကြားသွားပါတယ်။ Food Security ရှိဖို့က စွမ်းအင်လုံခြုံမှု Energy Security ရှိဖို့လိုအပ်တဲ့အကြောင်းကိုလည်း ထည့်သွင်းပြောကြားသွားပါတယ်။ Energy Security ရှိဖို့က Financial Security ဘဏ္ဍာရေးလုံခြုံမှုရှိဖို့ လိုအပ်တာကိုလည်း ထည့်သွင်းပြောကြားသွားပါတယ်။ Human Energy, Food Security, Energy Security နဲ့ Financial Security တွေအားလုံးဟာ တစ်ခုနဲ့တစ်ခု ချိတ်ဆက်နေကြတာဖြစ်ပါတယ်ဆိုတဲ့ မဟာဗျူဟာဆက်စပ်မှုလေးခုကိုခြုံငုံပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ပြောကြားသွားတာကို တွေ့ရှိရပါတယ်။ ဒီဆက်နွယ်မှုကိစ္စတွေကို နားလည်တဲ့ နိုင်ငံတကာအသိုင်းအဝိုင်းကတော့ မိန့်ခွန်းရဲ့အတိမ်အနက်ကို တွက်ချက်နားလည်နိုင်မယ်လို့ ယူဆပါတယ်။

Financial Security မရှိရင် Food Security အတွက်လိုအပ်တဲ့ မျိုးစေ့၊ နည်းပညာ၊ အထောက်အကူပြုပစ္စည်းတွေ မရနိုင်ဘူး။ ဒီအချက်ကို နိုင်ငံတော်ဝန်ကြီးချုပ် ထောက်ပြသွားရတဲ့ အကြောင်းကတော့ ဒေါ်လာရှိတဲ့သူတွေက ဈေးကွက်ကို လွှမ်းမိုးချုပ်ကိုင်တဲ့အခါ Food Security ကို တိုက်ရိုက်သွားပြီး ထိခိုက်တယ်ဆိုတဲ့အချက်ဖြစ်သလို အရေးကြီးတဲ့ Human Energy ကို တိုက်ရိုက်ထိခိုက်တယ်ဆိုတဲ့အချက်ဖြစ်တယ်လို့ သုံးသပ်ပါတယ်။ Financial Security က Food Security ကို ထိခိုက်မှုဖြစ်စေတာနဲ့ Human Energy အပေါ် အကျိုးသက်ရောက်မှုတွေကို ကျွန်တော်တို့က အပေါ်ယံလောက်ပဲ နားလည်ကြပေမယ့် နိုင်ငံတကာအသိုင်းအဝိုင်းကတော့ အောက်ခြေအထိ နားလည်ကြမယ်လို့ သုံးသပ်ပါတယ်။

## ဆိုးကျိုးတွေကို တားဆီးနိုင်

ဒေါ်လာလက်ဝယ်လက်ကိုင်ထားသူတွေက လွှမ်းမိုးချုပ်ကိုင်ခြယ်လှယ်ခြင်းနောက်ကွယ်က ဆိုးကျိုးတွေကို တားဆီးနိုင်ဖို့ ယွမ်၊ ရူပီး၊ ရူဘယ် စတဲ့ နိုင်ငံကြီးတွေက ပိုက်ဆံတွေကို အသုံးပြုပြီး Financial Security ရှိအောင်လုပ်ဆောင်ဖို့ လိုအပ်တာကို အဆိုပြုခြင်းဖြစ်တယ်လို့ နားလည်ပါတယ်။ Financial Security ရှိမှ Food Security ရှိမယ်။ Food Security ရှိမှ Human Energy ရှိနိုင်မယ်ဆိုတဲ့ ဥပဒေသတစ်ခုကို (Eastern Economic Forum – EEF) တက်ရောက်လာသူများအား ထောက်ပြခြင်းဖြစ်ပါတယ်။

Food Security လို့ပြောလိုက်ရင် ကျွန်တော်တို့ မြန်မာပြည်က သာမန်လူတွေ နားလည်တာက ထမင်းတစ်နေ့ကို နှစ်နပ်စားနိုင်တာလောက်ပဲ စဉ်းစားတယ်။ တကယ်တော့ Food Security ဆိုတာ ပေါင်မုန့်တစ်ချပ်ကို ဝယ်ချင်တယ်၊ ဝယ်ချင်တဲ့အချိန်မှာ ဝယ်ဖို့ ပေါင်မုန့်ဆိုင်မှာ ပေါင်မုန့်ကရှိနေဖို့လိုအပ်ပါတယ်။ အဲဒီဆိုင်မှာရှိနေတဲ့ ပေါင်မုန့်ကလည်း ပုပ်သိုးနေတဲ့ပေါင်မုန့်မဖြစ်ရဘူး။ ကျန်းမာရေးအတွက် ဘေးကင်းလုံခြုံမှုရှိတဲ့ပေါင်မုန့် ဖြစ်ကိုဖြစ်ရမယ်။ ဒီအချက်သုံးချက်နဲ့ ထည့်သွင်းစဉ်းစားပြီးမှ Food Security ကို နိုင်ငံတော်ဝန်ကြီးချုပ်က မက်ဆေ့ပေးချင်တာဖြစ်တယ်လို့ နားလည်ပါတယ်။

World Food Program– WFP ရဲ့ ဩဂုတ်လ နောက်ဆုံးရတဲ့ ဒေတာအရ နိုင်ငံပေါင်း ၈၂ နိုင်ငံမှာ လူဦးရေသန်းပေါင်း ၃၄၅ သန်းက Food Security မရှိတဲ့နိုင်ငံတွေ ဖြစ်နေပါတယ်။ ဒီနှစ်မကုန်ခင်မှာ လူဦးရေသန်းပေါင်း ၁၅၂ သန်းကို Food Security ရနိုင်ဖို့ WFP က ကြိုးစားနေပြီး ဘတ်ဂျက်က ဒေါ်လာ ၂၂ ဒသမ ၂ ဘီလီယံ လိုအပ်နေပါတယ်။ ဒါပေမဲ့ ဩဂုတ်လအထိ ၂၀ ရာခိုင်နှုန်းသာ ရရှိထားပြီး ကျန်တဲ့သုံးလအတွင်း ၈၀ ရာခိုင်နှုန်းရဖို့က မလွယ်ကူပါဘူး။ ဒါကြောင့် နိုင်ငံပေါင်း ၂၀၀ လောက်ရှိတဲ့ ကမ္ဘာကြီးမှာ နိုင်ငံပေါင်း ၈၀ ကျော်လောက်မှာ Food Insecurity ဖြစ်နေတယ်ဆိုတာကို သိရှိဖို့လိုအပ်ပါတယ်။

ဒီအချက်ကို နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိနားလည်တဲ့အတွက် သူ့မိန့်ခွန်းမှာ Food Security ပြောနေတာက နိုင်ငံပေါင်း ၈၂ နိုင်ငံက လူဦးရေသန်းပေါင်း ၃၄၅ သန်းရှိတဲ့ လူဦးရေအတွက် သွယ်ဝိုက်သောနည်းနဲ့ ထောက်ပြထားတာဖြစ်ပါတယ်။ မိန့်ခွန်းမှာ နောက်တစ်ချက်ပြောတာက ရုရှားနဲ့ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ပြောခဲ့တာ ဖြစ်ပါတယ်။ သူ့ရဲ့မိန့်ခွန်းမှာ အကြောင်းအရာတစ်ခုတစ်ခုတိုင်းက အဆင့်လိုက် ကွင်းဆက်နဲ့ချိတ်ဆက်နေပါတယ်ဆိုတာကို ကျွန်တော်တို့နားလည်ဖို့ အရေးကြီးပါတယ်။

## အဓိကစိန်ခေါ်မှုတွေ

မြန်မာနိုင်ငံမှာဖြစ်စေ၊ ကမ္ဘာ့နိုင်ငံတွေမှာဖြစ်စေ ဘာကြောင့် Food Security မရှိတာလဲဆိုတဲ့ အကြောင်းအရင်းအမြစ်တွေ များစွာရှိပါတယ်။ ပထမအချက်က ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာတဲ့ နောက်ဆက်တွဲ အကျိုးဆက်တွေဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကြောင့် စားနပ်ရိက္ခာတွေ ထုတ်မရ၊ ပို့မရ၊ သွင်းမရဖြစ်တဲ့ ကိစ္စတွေကြောင့် ဖြစ်ပါတယ်။ ဒုတိယအချက်က ရာသီဥတုဖောက်ပြန်မှုပြဿနာ ဖြစ်ပါတယ်။ နိုင်ငံအချို့မှာ ရေတွေခန်း၊ အချို့မှာရေတွေကြီး ဒီလို ရာသီဥတုဖောက်ပြန်မှုပြဿနာတွေက Food Security ကို ထိခိုက်စေပါတယ်။ တတိယအချက်ကတော့ ပဋိပက္ခကြောင့် အချို့နေရာတွေမှာ စားနပ်ရိက္ခာအတွက် ဝန်ဆောင်မှုမလုပ်နိုင်တဲ့အချက်ဖြစ်ပါတယ်။ ဒီအချက်တွေက Food Security အတွက် အဓိကစိန်ခေါ်မှုတွေ ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့နားလည်ဖို့ လိုပါတယ်။

Food Security ဆိုင်ရာပြဿနာတွေကို ဖြေရှင်းနိုင်ဖို့ဆိုတဲ့ကိစ္စကို နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံအနေအထားကို အခြေခံပြီး ရှင်းပြထားပါတယ်။ ဥပမာ မြန်မာနိုင်ငံမှာ မြေရှိတယ်၊ ရေရှိတယ်၊ ရာသီဥတုက အဆိုးရွားကြီးမဟုတ်ဘူး။ အဓိကလိုအပ်တာက Energy Security ဖြစ်ပါတယ်။ Food Security အတွက် လိုအပ်တဲ့ Energy Security ဒါ့အပြင် Financial Security ရှိအောင် ဆောင်ရွက်ဖို့ လိုအပ်ကြောင်းကို ထည့်သွင်းပြောကြားပြီး ဖြစ်ပါတယ်။ ဒါကြောင့် ရုရှား-မြန်မာ နှစ်နိုင်ငံပူးပေါင်းပြီး Food Security ရှိအောင် ဆောင်ရွက်ဖို့ အာရှဒေသနိုင်ငံတွေအမြင်နဲ့ ကျန်တဲ့ကမ္ဘာ့နိုင်ငံတွေ အမြင်နှစ်ခုကို ချပြခဲ့တာကို တွေ့ရှိရပါတယ်။

နောက်တစ်ချက်က Food Security, Energy Security, Financial Security ဒီသုံးခုရှိရုံနဲ့ မပြီးပါဘူး။ ရုရှားမှာရှိတဲ့ဂျုံက မြန်မာနိုင်ငံရောက်ဖို့အတွက် လမ်းလိုပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံက ဆောင်ရွက်နေတဲ့ BRI နဲ့ ရုရှားနိုင်ငံတို့ပူးပေါင်းပြီး အာရှဒေသတစ်ခုလုံး Food Security ရဖို့ အကြံပြုသွားတာလို့ ယူဆပါတယ်။ စိုက်ပျိုးမြေဧရိယာတွေများစွာရှိနေတဲ့ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် နှစ်နိုင်ငံအပါအဝင် နိုင်ငံတကာအတွက် Food Security ကောင်းကျိုးဖြစ်နိုင်ကြောင်းကို ထောက်ပြသွားခြင်းဖြစ်ပါတယ်။

ရုရှားနဲ့မြန်မာက ဆက်ဆံရေးမှာ စာမျက်နှာအသစ်တစ်ခုဖွင့်လိုက်တာက ဆေးပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ဖြစ်ပါတယ်။ ရုရှား-မြန်မာ နှစ်နိုင်ငံစစ်ဘက်ဆိုင်ရာ ပူးပေါင်းမှုက နှစ်ပေါင်းများစွာကြာပြီဖြစ်တယ်ဆိုတာ အများစုက သိပြီးသားဖြစ်ပါတယ်။ အခုက စစ်ဘက်ဆိုင်ရာတစ်ခုတည်းမဟုတ်ဘဲ ပညာရေးဆိုင်ရာပူးပေါင်းမှု၊ ဆေးပညာရပ်ဆိုင်ရာ ပူးပေါင်းမှုစာချွန်လွှာတွေ လက်မှတ်များရေးထိုးကြတယ်။ ဒီခရီးစဉ်မှာ နိုင်ငံတကာဆက်ဆံရေးမှာ အောင်မြင်မှုရတယ်လို့ သုံးသပ်ပါတယ်။ ပထမအချက်က ခုနပြောခဲ့တဲ့ နိုင်ငံပေါင်း ၈၂ နိုင်ငံမှာ Food Security မရှိဘူး။ ဒီအချက်နဲ့ပတ်သက်ပြီး နိုင်ငံတကာရဲ့ စိုးရိမ်ပူပန်မှုကို ဘယ်လိုအဖြေရှာကျော်ဖြတ်နိုင်မလဲဆိုတာကို နိုင်ငံတော်ဝန်ကြီးချုပ်က ထောက်ပြခြင်းနဲ့ နည်းလမ်းတွေကို ပြောကြားသွားပါတယ်။ ဒုတိယအချက်အနေနဲ့ မြန်မာနဲ့ရုရှားနိုင်ငံတို့ရဲ့ အမျိုးသားအကျိုးစီးပွားအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုတာကို ယထာဘူတကျကျ တင်ပြနိုင်တဲ့အတွက် နိုင်ငံတော်ဝန်ကြီးချုပ် ဒီခရီးစဉ်က အတော်အောင်မြင်တဲ့ ခရီးစဉ်ဖြစ်ပါတယ်လို့ သုံးသပ်ရပါတယ်။

## ကြီးမားတဲ့ လေးစားဂုဏ်ပြုဆက်ဆံခြင်းဖြစ်

ရုရှားသမ္မတပြောတဲ့အထဲမှာ မြန်မာနဲ့ရုရှား သံတမန်ဆက်ဆံရေး ၇၅ နှစ်ပြည့်တဲ့ပွဲကို ကျင်းပသွားမယ်ဆိုတာပါတယ်။ နိုင်ငံတော်အကြီးအကဲတစ်ယောက်က ဒီလိုပြောဆိုမှုဆိုတာ နိုင်ငံတကာဆက်ဆံရေးမှာ ကြီးမားတဲ့လေးစားဂုဏ်ပြုဆက်ဆံခြင်း ဖြစ်ပါတယ်။ နောက်တစ်ချက်က အရှေ့တောင်အာရှဒေသမှာ မြန်မာနိုင်ငံက ယုံကြည်စိတ်ချရတဲ့ ကာလရှည်မိတ်ဖက်နိုင်ငံတစ်ခုဖြစ်တယ်လို့ ပြောကြားခြင်းကလည်း အရေးပါတဲ့ အသိအမှတ်ပြုခြင်းဖြစ်ပါတယ်။ အရှေ့တောင်အာရှ နိုင်ငံပေါင်း ၁၁ နိုင်ငံအနက် မြန်မာနိုင်ငံဟာ ယုံကြည်အားထားရတဲ့ မဟာမိတ်ဖြစ်တယ်ဆိုတဲ့အချက်ဟာ နိုင်ငံတကာဆက်ဆံရေးမှာ အရေးကြီးတဲ့ Statement တစ်ခု ဖြစ်ပါတယ်။

နောက်တစ်ချက်က သမ္မတပူတင် ပြောသွားတဲ့ နှစ်နိုင်ငံကုန်သွယ်ရေးနဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မယ်ဆိုတာက အတော်ကျယ်ပြန့်ပါတယ်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမှာ ငွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စသဖြင့် ခေါင်းစဉ်ကြီးနှစ်ခုအောက်မှာ ခေါင်းစဉ်အသေးများစွာ ရှိပါတယ်။

အသိအမှတ်ပြုခြင်း၊ သဘောတူညီချက်များ လက်မှတ်ထိုးနိုင်ခြင်း၊ ချစ်ကြည်ရင်းနှီးမှု တည်ဆောက်နိုင်ခြင်း စတဲ့ခေါင်းစဉ်ကြီးတစ်ခုအောက်မှာ အကောင်အထည်ဖော်ဆောင်ရမယ့် ခေါင်းစဉ်ငယ်များစွာရှိပါတယ်။ ဒါတွေကို မသိနားမလည်သူတွေကတော့ ဦးနှောက်ကိုအသုံးမချဘဲ အဖျက်သဘောခံစားချက်နဲ့ ဒီခရီးစဉ်ကို သုံးသပ်ဝေဖန်နေမှာ ဖြစ်ပါတယ်။ အဆိုးမြင်နေသူတွေကို ကျွန်တော်မေးခွန်းတစ်ခုပဲ ပြန်ပြီးမေးချင်ပါတယ်။ ခင်ဗျားတို့ မြန်မာနိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွားအတွက် ကုန်သွယ်ရေး၊ စီးပွားရေး၊ နည်းပညာဆိုင်ရာ သဘောတူညီမှုစာချုပ်တွေကို ဘယ်နိုင်ငံတွေနဲ့ ဘယ်နှခုများ ချုပ်ဆိုခဲ့ပြီးပြီလဲ၊ အမိမြန်မာနိုင်ငံတော်ရဲ့ ကောင်းကျိုးအတွက် ဘာတွေများ လုပ်ဆောင်ပြနိုင်သလဲ ဆိုတာပါပဲ။

(ဆက်လက်ဖော်ပြပါမည်)



# လပွတ္တာမြို့နယ်၌ ပြည်သူများအား ငါး၊ ပုစွန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

လပွတ္တာ စက်တင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ ပြည်သူများစားဝတ်နေရေး သက်သာချောင်ချိစေရန်ရည်ရွယ်၍ ငါး၊ ပုစွန်များအား သက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက လပွတ္တာမြို့ အမှတ်(၁)နှင့်အမှတ်(၂)ရပ်ကွက်၊ လပွတ္တာ(၃)မိုင်မြို့ အမှတ်(၃)ရပ်ကွက်တို့တွင် ရောင်းချပေးခဲ့သည်။

တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်မှု၊ လပွတ္တာခရိုင်နှင့် မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာန၏ ကြီးကြပ်မှု၊ ငါးပုစွန် အဝယ်ဒိုင် လုပ်ငန်းရှင်များနှင့် ငါးမွေးမြူရေးလုပ်ငန်းရှင်များ ပူးပေါင်းမှုဖြင့် ပြည်သူများအား ငါးမြစ်ချင်း တစ်ပိဿာလျှင် ကျပ် ၄၀၀၀ ဖြင့် ၆၅ ပိဿာ၊ အေးခဲပုစွန် တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ဖြင့် ၄၄ ပိဿာ စုစုပေါင်း ငါး၊ ပုစွန် ၁၀၉ ပိဿာကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

# အကြမ်းဖက်အဖွဲ့ NUG ၏ လားရာ

**မင်းခန့်**

NUG အဖွဲ့ဆိုတာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက တည်ဆဲဥပဒေများအရ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားတဲ့အဖွဲ့ဖြစ်ပါတယ်။ NUG အဖွဲ့ကို ဘာဖြစ်လို့ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ရလဲဆိုရင် သူတို့ရဲ့ လုပ်ရပ်တွေက သူတို့ချမှတ်ထားတဲ့ အကြမ်းဖက်လမ်းစဉ်အရ အပြစ်မဲ့ပြည်သူတွေကို ရက်ရက်စက်စက် သတ်ဖြတ်နေလို့ဖြစ်ပါတယ်။ အဖြေက ရှင်းရှင်းလေးပါပဲ။

**အကြောက်တရားနဲ့ထိန်းချုပ်**

“ငါနဲ့မတူ ငါ့ရန်သူ” အယူအဆနဲ့ NUG အဖွဲ့က Hit List အဖြစ် သတ်မှတ်ပေးထားတဲ့ လက်နက်မဲ့ အပြစ်မဲ့ပြည်သူတွေကို PDF အမည်ခံ လက်မရွံ့ လူသတ်သမားတွေက တချို့မြို့ရွာတွေမှာ လုပ်ကြံသတ်ဖြတ်မှုတွေလုပ်နေကြတာ မြင်တွေ့ကြားသိကြမှာ ဖြစ်ပါတယ်။ ဒီလိုလုပ်ရခြင်းရဲ့ အဓိကအကြောင်းအရင်းက ပြည်သူလူထုကို အကြောက်တရားနဲ့ ထိန်းချုပ်ပြီး သူတို့ရဲ့နိုင်ငံရေးရည်မှန်းချက်ကို အကြမ်းဖက်နည်းလမ်း၊ လက်နက်ကိုင်လမ်းစဉ်နဲ့ရအောင်လုပ်နေတဲ့ NUG အဖွဲ့ရဲ့ အစီအစဉ်ကြောင့် ဖြစ်ပါတယ်။

လတ်တလော နိုင်ငံရေးအခြေအနေတွေ ဖြစ်ပေါ်ရတဲ့ အခြေခံအကြောင်းတရားက ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမဲလိမ်မဲခိုးမှုကြောင့် ဖြစ်ပါတယ်။ မဲလိမ်မဲခိုးတဲ့ NLD ပါတီဟာ သူတို့ရဲ့ မဲမသမာမှုတွေကို ဥပဒေအရ ရင်ဆိုင်ဖြေရှင်းခြင်း မပြုလုပ်ဘဲ အစွန်းရောက် NLD ပါတီဝင်တွေ၊ NLD ထောက်ခံသူတွေနဲ့ NUG အဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး လက်နက်ကိုင်လမ်းစဉ်နဲ့ အကြမ်းဖက်လုပ်ရပ်တွေကို လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နောက်ကွယ်က ကြိုးကိုင်သူတွေရဲ့ အစီအမံအရ နွေဦးတော်လှန်ရေးခေါင်းစဉ်တပ်ပြီး အလုံးစုံပျက်သုဉ်းရေးမူဝါဒကို ဖော်ဆောင်နေခြင်းဖြစ်ပါတယ်။

NUG အဖွဲ့ရဲ့ အလုံးစုံပျက်သုဉ်းရေးမူအရ သူတို့ရဲ့ လုပ်ဆောင်ချက်တွေကို ဆန်းစစ်ကြည့်လိုက်ရင် –

- နိုင်ငံရေးနားမလည်တဲ့ လူငယ်တွေကို အသုံးချပြီး လက်နက်ကိုင်လမ်းစဉ် ဖော်ဆောင်ဖို့ လူငယ်လူရွယ်တွေကို တောထဲပို့ပြီး PDF ဖွဲ့စည်းတည်ထောင်ခြင်း၊
- သူတို့ကိုမထောက်ခံသူ အရပ်သားပြည်သူတွေကို ဒလန်ခေါင်းစဉ်တပ်ပြီး နေ့စဉ်လုပ်ကြံသတ်ဖြတ်ခြင်း၊
- သူတို့ကို မထောက်ခံတဲ့ ကျေးရွာတွေကို မီးရှို့ဖျက်ဆီးခြင်း၊
- Social Punishment လို့ ခေါ်းစဉ်တပ်ပြီး နိုင်ငံ့ဝန်ထမ်းတွေကို ခြိမ်းခြောက်သတ်ဖြတ်ခြင်း၊
- နိုင်ငံရဲ့ အနာဂတ်ပျက်စီးအောင် ပညာရေးကဏ္ဍကို တိုက်ခိုက်ဖျက်ဆီးဖို့အတွက် စာသင်ကျောင်းတွေကို မီးရှို့ဖျက်ဆီးခြင်း၊ ဆရာ/ဆရာမတွေကို ခြိမ်းခြောက်သတ်ဖြတ်ခြင်း၊
- စစ်ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားတဲ့ ကျန်းမာရေးကဏ္ဍကို အကြမ်းဖက်တိုက်ခိုက်တဲ့ ကိုဗစ်ရောဂါ ထိန်းချုပ်ကုသရေးလုပ်ငန်းများကို တိုက်ခိုက်ခြင်း၊ လူနာတင်ယာဉ်များကို ဗုံးခွဲတိုက်ခိုက်ခြင်း၊
- အချို့ EAOs တွေနဲ့ ပူးပေါင်းပြီး တပ်မတော်ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပျက်ပြားအောင် လုပ်ဆောင်ခြင်း၊
- နွေဦးတော်လှန်ရေးခေါင်းစဉ်နဲ့ အကြမ်းဖက်လုပ်ငန်းဆောင်ရွက်ဖို့ လက်နက်၊ ခဲယမ်းတွေ တရားမဝင် ဝယ်ယူနိုင်ရေး Project အမျိုးမျိုးပြကာ အလှူငွေကောက်ခံခြင်း၊
- သတင်းအတု၊ သတင်းအမှားတွေ ဖန်တီးပြီး တပ်မတော်ဖြိုခွဲရေးနဲ့ ပြည်သူလူထု အတွင်း စိတ်ဝမ်းကွဲမှုတွေဖြစ်ပေါ်အောင် လုပ်ဆောင်နေခြင်းတွေကို တွေ့ရှိရမှာ ဖြစ်ပါတယ်။



PDF များက လူမှားယွင်းသတ်ဖြတ်သဖြင့် မိဘနှစ်ဦးသေဆုံး၍ ကျန်ရစ်သူ သမီးလေး၏ ဝမ်းနည်းငိုကြွေးနေမှု။




PDF များက ကျေးရွာများကို မီးရှို့ဖျက်ဆီးမှုကြောင့် ဒုက္ခရောက်ရသူ ပြည်သူတစ်ဦး။

အထက်ပါလုပ်ရပ်တွေဟာ NUG အဖွဲ့ရဲ့ စီစဉ်ကြိုးကိုင်၊ အားပေး၊ ထောက်ပံ့မှုတွေနဲ့ မြေပေါ်မြေအောက် အကြမ်းဖက်သမားတွေ လုပ်ဆောင်နေတဲ့ အကြမ်းဖက်လုပ်ရပ်တွေ ဖြစ်ပါတယ်။ ဒီလိုလုပ်ရပ်တွေကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ အလစ်အငိုက်ရယူပြီး လုပ်ဆောင်နေတာ ဖြစ်ပါတယ်။

CRPH/NUG/PDF အမည်ခံ အကြမ်းဖက်သမားတွေအနေနဲ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့အထိ မြန်မာနိုင်ငံတစ်ဝန်းလုံးက အများပြည်သူနဲ့ သက်ဆိုင်တဲ့နေရာတွေမှာ အကြမ်းဖက်၊ ဗုံးခွဲ၊ မီးရှို့မှုပေါင်း ၉၄၇၉ ကြိမ် ကျူးလွန်ခဲ့ကြပါတယ်။ အရပ်သားသေဆုံးမှု ၃၅၄၂ ဦး၊ လုံခြုံရေးတပ်ဖွဲ့ဝင် သေဆုံးမှု ၅၁၉ ဦး စုစုပေါင်းသေဆုံးသူ ၄၀၆၁ ဦး ရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှုပေါင်း ၄၁၂၁ မှုရှိခဲ့ပါတယ်။ အကြမ်းဖက်သမားတွေရဲ့ မီးရှို့ဖျက်ဆီးခံရတဲ့ စာသင်ကျောင်းနဲ့ ပညာရေးဆိုင်ရာရုံးပေါင်း ၂၆၈ ခု ရှိခဲ့ပြီး ဆက်သွယ်ရေးတာဝါတိုင်တွေကိုလည်း ဖောက်ခွဲဖျက်ဆီးခဲ့ကြတဲ့အတွက် တယ်လီဖုန်းတာဝါတိုင် ၅၈၇ တိုင် ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။

**ရက်ရက်စက်စက်သတ်ဖြတ်ခဲ့**

အကြမ်းဖက်သတ်ဖြတ်ခံရသူတွေထဲမှာ ဆရာ/ဆရာမ ၄၈ ဦး၊ ကျန်းမာရေးဝန်ထမ်း ၁၂ ဦး၊ သံဃာတော် ၅၃ ပါး၊ သီလရှင် တစ်ပါးနှင့် ကလေးလူငယ် ၈၂ ဦး၊ အုပ်ချုပ်ရေးမှူး ၄၈၅ ဦး အပါအဝင် အပြစ်မဲ့ပြည်သူ ၃၅၀၀ ကျော်ကို “ငါနဲ့မတူ ငါ့ရန်သူ”ဆိုတဲ့ အကြမ်းဖက်စိတ်ဓာတ်နဲ့ ဒလန်လို့ စွပ်စွဲပြီး ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြပါတယ်။ အထောက်အထားတွေနဲ့ အသေးစိတ်စာရင်းဇယားတွေရှိသလို ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှာရှိတဲ့ သက်ဆိုင်ရာ အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးအဖွဲ့အစည်းတွေကိုလည်း ပေးပို့တိုင်ကြားထားပြီး ဖြစ်ပါတယ်။

ဒီအချက်အလက်တွေဟာ ဝါဒဖြန့်စွပ်စွဲချက်သက်သက်လား အမှန်တကယ် မြေပြင်မှာဖြစ်နေတဲ့ အချက်အလက်တွေလားဆိုတာကို နေ့စဉ် မြင်တွေ့ကြားသိနေရတဲ့ အဖြစ်အပျက်တွေက သက်သေခံနေပါတယ်။ ပြည်သူလူထုကို အကြောက်တရားနဲ့ ထိန်းချုပ်နိုင်ဖို့ အပြစ်မဲ့ပြည်သူတွေကို လုပ်ကြံသတ်ဖြတ်ခြင်း၊ စစ်ဘက်ပစ်မှတ်မဟုတ်တဲ့ အရပ်ဘက်ပစ်မှတ်တွေကို အလစ်အငိုက်တိုက်ခိုက်ခြင်း၊ အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်လိုတဲ့ မိဘပြည်သူတွေကို လူမှုကွန်ရက်ကနေ ခြိမ်းခြောက်ခြင်းစတဲ့ ဥပဒေမဲ့ အကြမ်းဖက်လုပ်ရပ်တွေ လုပ်ကိုင်နေခြင်းကို NUG အဖွဲ့က နယ်မြေထိန်းချုပ်ခြင်းဆိုပြီး အဓိပ္ပာယ်ကောက်ယူလို့ မရပါဘူး။ ပြည်သူလူထုရဲ့ လူနေမှုဘဝကို ခြိမ်းခြောက်ပြီး နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်နေတဲ့ NUG အဖွဲ့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေသာ ဖြစ်ပါတယ်။

NUG နဲ့ ဒီအဖွဲ့ရဲ့ လက်ကိုင်တုတ် PDF တွေအနေနဲ့ ဒီလိုအကြမ်းဖက်လုပ်ရပ်တွေကို လုပ်ဆောင်နေပေမယ့် မြန်မာနိုင်ငံရဲ့ မည်သည့်အစိတ်အပိုင်းကိုမှ စိုးမိုးထားနိုင်ခြင်းမရှိသလို၊ အုပ်ချုပ်နိုင်ခြင်းလည်း မရှိပါဘူး။ ခိုးကြောင်ခိုးဝှက်နဲ့ လူသတ်၊ ဗုံးခွဲတာလောက်ကတော့ ဘယ်လိုရာဇဝတ်ကောင်မဆို လုပ်တတ်ပါတယ်။ ဒီထက် ထင်ရှားတဲ့အချက်က မြန်မာနိုင်ငံရဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေးမှာ အဓိကဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးကို ဖြန့်ကြက်ထားတဲ့ တပ်မတော်ရဲ့ အခြေခံယူနစ်လေးတစ်ခုတလေကိုတောင်မှ သိမ်းနိုင်တယ်ဆိုတာမရှိပါဘူး။

**လေလှိုင်းပေါ်မှာ**

**NUG နဲ့ PDF ရဲ့ ဌာနချုပ်မပြောနဲ့ စခန်းတောင် မြန်မာနိုင်ငံမှာ မရှိပါဘူး။ ရုံး၊ ဌာနလည်းမရှိသလို မြေပြင်မှာ ဘာမှသက်ရောက်မှုမရှိတဲ့ ထုတ်ပြန်ချက်အမျိုးမျိုးကို လေလှိုင်းပေါ်မှာသာ ခပ်တည်တည်နဲ့ ထုတ်ပြန်နိုင်တဲ့အဆင့်ပဲရှိပါတယ်။ NUG အဖွဲ့ဝင်ဆိုတဲ့ လူပုဂ္ဂိုလ်တွေလည်း ပေါ်ပေါ်ထင်ထင် နေထိုင်သွားလာမှု မလုပ်ရဲကြပါဘူး။ ပြည်သူလူထုက အပြည့်အဝ ထောက်ခံနေသယောင်ယောင် လူမှုကွန်ရက်မှာ သတင်းအမှားတွေနဲ့ ပုံဖော်နေပေမယ့် မြေပြင်အမှန်ကတော့ တည်ငြိမ်အေးချမ်းမှုကို လိုလားတဲ့ ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့် NUG နဲ့ ပတ်သက်နေသူတွေ၊ PDF အကြမ်းဖက်သမားတွေကို ဖမ်းဆီးရမိ၊ အရေးယူမှုတွေ ပိုမိုပြုလုပ်လာနိုင်တာ မြင်တွေ့ရမှာဖြစ်ပါတယ်။**

တကယ်တော့ ကျန်းမာရေး၊ ပညာရေးနဲ့ သက်ဆိုင်တဲ့နေရာတွေဆိုတာ စစ်ပွဲဖြစ်ပွားနေချိန်မှာတောင် ရှောင်ရှားရမည့်နေရာများဖြစ်ပါတယ်။ သို့ပေမယ့် NUG/PDF တွေအနေနဲ့ ဒီနေရာမျိုးတွေကို အကြမ်းဖက်တိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ ဒါက စစ်ရာဇဝတ်မှု(war crimes)ကို ပြောင်ပြောင်တင်းတင်း ကျူးလွန်နေတာဖြစ်ပြီး ဒီလို အစွန်းရောက်အကြမ်းဖက်လုပ်ရပ်တွေကို ဆက်တိုက်ကျူးလွန်လျက်ရှိပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ဒီအဖွဲ့တွေကို အကြမ်းဖက်အဖွဲ့အစည်းတွေအဖြစ် ကြေညာခဲ့ပြီး သောင်းကျန်းသူနှိမ်နင်းရေး(Counter-Insurgency Operations)တွေနဲ့ အကြမ်းဖက်မှုနှိမ်နင်းရေး(Counter-terrorism Operations)တွေ ဆောင်ရွက်နေရခြင်း ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့အထိ ဖမ်းဆီးရမိခဲ့တဲ့ လက်နက်ကြီးပေါင်း ၁၀၆ လက်၊ လက်နက်ငယ်ပေါင်း ၁၉၀၁ လက်၊ တူမီး/လက်လုပ်/လေသေနတ်ပေါင်း ၄၉၃၈ လက်နှင့် ခဲယမ်းပေါင်း ၃၈၈၀၂၈ တောင့်၊ ဗုံး/မိုင်း ၁၂၂၃၁ လုံးတို့ကို သိမ်းဆည်းရမိခဲ့ပါတယ်။

**စာမျက်နှာ ၁၁ သို့ ☆**

> **NUG နဲ့ PDF ရဲ့ ဌာနချုပ်မပြောနဲ့ စခန်းတောင် မြန်မာနိုင်ငံမှာ မရှိပါဘူး။ ရုံး၊ ဌာနလည်းမရှိသလို မြေပြင်မှာ ဘာမှသက်ရောက်မှုမရှိတဲ့ ထုတ်ပြန်ချက်အမျိုးမျိုးကို လေလှိုင်းပေါ်မှာသာ ခပ်တည်တည်နဲ့ ထုတ်ပြန်နိုင်တဲ့အဆင့်ပဲ ရှိပါတယ်။ NUG အဖွဲ့ဝင်ဆိုတဲ့ လူပုဂ္ဂိုလ်တွေလည်း ပေါ်ပေါ်ထင်ထင် နေထိုင်သွားလာမှုမလုပ်ရဲကြပါဘူး။ ပြည်သူလူထုက အပြည့်အဝ ထောက်ခံနေသယောင်ယောင် လူမှုကွန်ရက်မှာ သတင်းအမှားတွေနဲ့ ပုံဖော်နေပေမယ့် မြေပြင်အမှန်ကတော့ တည်ငြိမ်အေးချမ်းမှုကိုလိုလားတဲ့ ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့် NUG နဲ့ ပတ်သက်နေသူတွေ၊ PDF အကြမ်းဖက်သမားတွေကို ဖမ်းဆီးရမိ၊ အရေးယူမှုတွေ ပိုမိုပြုလုပ်လာနိုင်တာ မြင်တွေ့ရမှာဖြစ်**

☆ စာမျက်နှာ ၁၀ မှ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့အထိ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေနဲ့ အရေးယူထားမှုက အမှုပေါင်း ၁၅၀၉၆ မှုရှိပြီး ဖမ်းဆီးရမိတရားခံ ၁၁၀၉၃ ဦးကို အရေးယူထားရှိခဲ့ပါတယ်။ ဆူပူအကြမ်းဖက်မှုများနဲ့စပ်လျဉ်းပြီး အမှုပေါင်း ၁၅၄၁၉ မှုအထိရှိပြီး ဖမ်းဆီးရမိတရားခံ ၂၈၁၁၂ ဦးကို ရာဇသတ်ကြီးပုဒ်မ ၅၀၅-က နဲ့ အရေးယူဆောင်ရွက်ထားရှိပါတယ်။

ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရှိနေပြီး စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးရဲ့ မြို့နယ်အနည်းငယ်နဲ့ ပြည်ပသြဇာခံ EAOs တချို့ရဲ့ နယ်မြေဒေသတချို့မှာသာ သောင်းကျန်းသူနှိမ်နင်းရေးနဲ့ အကြမ်းဖက်မှုနှိမ်နင်းရေးတွေကို နိုင်ငံတကာဥပဒေများ၊ပြည်တွင်းဥပဒေများနဲ့အညီ အတတ်နိုင်ဆုံး ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ရှိပါတယ်။

### ဘယ်နိုင်ငံ၊ ဘယ်ဥပဒေမှ လက်မခံနိုင်တဲ့ အကြမ်းဖက်မှုများ

တပ်မတော်အနေနဲ့ "ပြည်သူတွေပါဝင်တဲ့ လုံခြုံရေးစနစ်"ကို တည်ဆောက်ပြီး ဆောင်ရွက်နေတာကြောင့် အကြမ်းဖက်သမားများအနေနဲ့ ၎င်းတို့ကို မထောက်ခံတဲ့ အပြစ်မဲ့ပြည်သူတွေကို ပစ်မှတ်ထားလုပ်ကြံသတ်ဖြတ်ခြင်း (Targeted Assassinations)နဲ့ ဥပဒေပြင်ပသတ်ဖြတ်ခြင်း (Extrajudicial Killings) များ ဆက်လက်ဆောင်ရွက်နေကြကြောင်း တွေ့ရှိနေရပါတယ်။ ဘယ်နိုင်ငံ၊ ဘယ်ဥပဒေမှ လက်မခံနိုင်တဲ့ အကြမ်းဖက်မှုများ (Terrorist Acts) ပဲ ဖြစ်ပါတယ်။

**ဒီလိုNUGအဖွဲ့ရဲ့အကြမ်းဖက်လုပ်ရပ်များဟာ ငြင်းလို့မရနိုင်လောက်အောင် ထင်ထင်ရှားရှား မြင်တွေ့နေရပေမယ့် ယခင်က ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေး ကိုယ်စားလှယ်ဟောင်း ယန်ဟီးလီ ခေါင်းဆောင်တဲ့ Special Advisory Council for Myanmar (SAC-M) ဆိုတာကို ဖွဲ့စည်းပြီး အနောက်အုပ်စုရဲ့ ငွေကြေးထောက်ပံ့မှုနဲ့ NUG အကြမ်းဖက်အဖွဲ့ကို အားပေးထောက်ခံမှုများ ပြုလုပ်နေတာ တွေ့ရှိရပါတယ်။ ဒီအဖွဲ့ကနေ နစကအစိုးရအနေနဲ့ မြန်မာနိုင်ငံနယ်မြေဒေသအားလုံးရဲ့ ၅၀ ရာခိုင်နှုန်းအောက်၊ မြို့နယ်ပေါင်း ၃၃၀ ကျော်မှာ ၇၂ မြို့နယ်သာ ထိန်းချုပ်ထားနိုင်တယ်ဆိုတဲ့ ဟာသပြက်လုံးတွေ ထုတ်နေပါတယ်။ အမှန်တော့ NUG ကို အခါတော်ပေး လော်ဘီလုပ်ပြီး နိုင်ငံတကာက ငွေကြေးကို လိမ်စားနေကြတာဖြစ်ပြီး အဲဒီအဖွဲ့ကို ဘယ်သူကမှ အသိအမှတ်ပြုထားခြင်းမရှိပါဘူး။ လွတ်လပ်သော နိုင်ငံတကာကျွမ်းကျင်သူများအဖွဲ့လို့ အမည်ခံထားပြီး လူမှုကွန်ရက်မှတစ်ဆင့် မြန်မာနိုင်ငံ ပျက်စီးရာပျက်စီးကြောင်း သတင်းလိမ်များကို ထုတ်ပြန်နေခြင်း ဖြစ်ပါတယ်။**

### ဇွတ်အတင်းလော်ဘီလုပ်နေခြင်းဖြစ်

ဒါကလည်း လာမယ့် (၇၇)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံမှာ အကြမ်းဖက် NUG အဖွဲ့ကို ထောက်ခံတဲ့ ဝရမ်းပြေး ကျော်မိုးထွန်းကို အသိအမှတ်ပြုဖို့အတွက် ဇွတ်အတင်းလော်ဘီလုပ်နေခြင်း ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံကို ကိုယ်စားပြုတဲ့သူဆိုတာ အဲဒီနိုင်ငံရဲ့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးတွေကို အမှန်တကယ် ကျင့်သုံးနိုင်ရုံမက နယ်မြေပိုင်ဆိုင်မှုများရှိဖို့လည်း လိုပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံကို အကြမ်းဖက်အဖွဲ့ NUG နဲ့ သူ့ရဲ့ကိုယ်စားလှယ် ကျော်မိုးထွန်းက ကိုယ်စားပြုနိုင်တယ်ဆိုတာကို လော်ဘီလုပ်ချင်တဲ့အတွက် အချက်အလက်အမှားတွေ ဖန်တီးတည်ဆောက်ပြီး NUG က မြန်မာနိုင်ငံတစ်ဝက်ကျော်ကို ထိန်းချုပ်ထားနိုင်သယောင်၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာတွေ တည်ဆောက်ထားပြီးသယောင် ဟာသပြက်လုံးတွေ ရေးပြီး လော်ဘီလုပ်နေတာတွေ့ရတော့ မြေပြင်အခြေအနေတွေနဲ့ လုံးဝကွဲလွဲနေတယ်ဆိုတာ မြင်နေရတဲ့ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ အတော်ရယ်ချင်မိပါတယ်။

> **အကြမ်းဖက်ဝရမ်းပြေးဘဝနဲ့ မြန်မာနိုင်ငံကနေ ထွက်ပြေးနေပြီး အလျှုခံစားနေရတဲ့ NUG အဖွဲ့ဆိုတာဟာ Facebook ပေါ်မှာပဲ အစည်းအဝေးလုပ်၊ ကြေညာချက်ထုတ်ပြီး လေလှိုင်းထဲမှာ အစိုးရတည်ဆောက်နေတယ်ဆိုတာ မြန်မာပြည်သူတွေတင်မကပါဘူး နိုင်ငံတကာကလည်း သိရှိနေတာဖြစ်ပါတယ်။ ဒါပေမဲ့လည်း တချို့အဖွဲ့အစည်းတွေက နိုင်ငံတကာဆီကငွေကြေးကို လိမ်တောင်းချင်တော့ ရှူးချင်ယောင်ဆောင်ပြီး NUG အဖွဲ့ကို အသုံးချ၊ မြန်မာပြည်သူတွေရဲ့ တည်ငြိမ်အေးချမ်းမှုကို ချနင်းပြီး လုပ်စားနေကြခြင်းဖြစ်**

တကယ်တော့ NUG/PDF အကြမ်းဖက်အဖွဲ့တွေနဲ့ သူတို့ရဲ့လော်ဘီ နိုင်ငံတကာအဖွဲ့အစည်းတွေ ကိုးကားနေတဲ့အချက်အလက်တွေက လူမှုကွန်ရက်ပေါ်က သတင်းအတု/ သတင်းအမှားတွေပဲ ဖြစ်ပါတယ်။ ဒီသတင်းအတု/သတင်းအမှားတွေနဲ့ပဲ နိုင်ငံတကာကို မျက်လှည့်ပြပြီး ထင်ယောင်ထင်မှား ဖြစ်အောင်လုပ်နေခြင်း ဖြစ်ပါတယ်။

**အကြမ်းဖက်ဝရမ်းပြေးဘဝနဲ့ မြန်မာနိုင်ငံကနေ ထွက်ပြေးနေပြီး အလျှုခံစားနေရတဲ့ NUG အဖွဲ့ဆိုတာဟာ Facebook ပေါ်မှာပဲ အစည်းအဝေးလုပ်၊ ကြေညာချက်ထုတ်ပြီး လေလှိုင်းထဲမှာ အစိုးရတည်ဆောက်နေတယ်ဆိုတာ မြန်မာပြည်သူတွေ တင်မကပါဘူး နိုင်ငံတကာကလည်း သိရှိနေတာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း တချို့အဖွဲ့အစည်းတွေက နိုင်ငံတကာဆီကငွေကြေးကို လိမ်တောင်းချင်တော့ ရှူးချင်ယောင်ဆောင်ပြီး NUG အဖွဲ့ကို အသုံးချ၊မြန်မာပြည်သူတွေရဲ့ တည်ငြိမ်အေးချမ်းမှုကို ချနင်းပြီး လုပ်စားနေကြခြင်း ဖြစ်ပါတယ်။**

မြန်မာနိုင်ငံမှာ လူလေး၊ ငါးယောက်နဲ့ ကင်းစခန်းလေးတွေကို ပစ်ပြေး၊ အချို့တောရွာလေးတွေမှာ ကလေးတွေကို ခြိမ်းခြောက်ပြီး စာသင်နေပါတယ်ဆိုပြီး ဓာတ်ပုံရိုက်၊ ပြည်သူတွေကို အကြောက်တရားသွင်းပြီး ချောင်းမြောင်းလူသတ်၊ ဗုံးခွဲပြနေတာတွေကို လူမှုကွန်ရက်ပေါ် သတင်းလုပ်တင်ပုံကြီးချဲ့ပြီး မြန်မာနိုင်ငံရဲ့ ၅၀ ရာခိုင်နှုန်းကျော် ထိန်းချုပ်နိုင်တယ်လို့ ပြောနေတာက NUG အဖွဲ့က အကြမ်းဖက်ဝါဒ(Terrorism)ကို ကျင့်သုံးနေတယ်ဆိုတာ ကမ္ဘာကို ချပြလိုက်တာပါပဲ။ ဒီလိုအကြမ်းဖက်သမားတွေကို ထောက်ခံအားပေးမိရင် ပိုမိုဆိုးရွားတဲ့ လူသတ်မှုတွေ၊ အကြမ်းဖက်မှုတွေ၊ ရာဇဝတ်မှုတွေ၊ စစ်ဘေးရှောင်တွေ ပိုမိုများပြားလာနိုင်တယ်ဆိုတာကို နိုင်ငံတကာအဖွဲ့အစည်းများအနေနဲ့ သတိကြီးကြီးထားသင့်ကြပါတယ်။ မြန်မာပြည်သူအများစုကလည်း NUG/PDF တွေကို ရွံရှာမုန်းတီးနေကြပြီဆိုတာကို သတိချပ်ရမှာ ဖြစ်ပါတယ်။

အချုပ်အားဖြင့်ပြောရရင်တော့ CRPH/NUG/PDF စတဲ့ အကြမ်းဖက်သမားတွေနဲ့ သူတို့ရဲ့ လော်ဘီနိုင်ငံတကာအဖွဲ့အစည်းတွေ၊ မီဒီယာတွေဟာ ဘယ်လိုပဲ အချက်အလက်အမှားတွေနဲ့ ဝါဒဖြန့်ချိမှုတွေ လုပ်နေလုပ်နေ လက်တွေ့မြေပြင်မှာဖြစ်ပျက်နေတဲ့ သူတို့ရဲ့ အကြမ်းဖက်မှုတွေက ဘယ်လိုမှ ဖျောက်ဖျက်လို့မရ၊ ငြင်းလို့မရတဲ့ သက်သေအထောက်အထားတွေ ဖြစ်ပါတယ်။ ဘယ်နိုင်ငံ၊ ဘယ်အဖွဲ့အစည်း၊ ဘယ်ပုဂ္ဂိုလ်မဆို အကြမ်းဖက်သမားတွေကို အားပေးထောက်ခံရင် အကြမ်းဖက်သမားတွေလို့ပဲ နိုင်ငံတကာမျက်နှာစာမှာ သတ်မှတ်ခံရမှာဖြစ်ပါတယ်။

### အမည်းစက်ထင်သွားပြီဖြစ်

**တကယ်တော့ NUG ဆိုတာ ၁၉၈၈ နောက်ပိုင်း မြန်မာနိုင်ငံမှာပေါ်ပေါက်ခဲ့ဖူးတဲ့ NCGUB လိုပဲ လေထဲမှာ တည်ဆောက်ပြီး လေထဲမှာပဲ ပျောက်ကွယ်သွားမယ့် အဖွဲ့အစည်းဖြစ်တယ်ဆိုတာက အသေအချာဖြစ်ပါတယ်။ ဒါပေမယ့် ဒီအဖွဲ့တွေရဲ့ လုပ်ရပ်တွေက NLD ပါတီနဲ့ NLD ပါတီအတွင်းက အစွန်းမရောက်သူတွေရဲ့ သမိုင်းမှာ အမည်းစက်ထင်သွားပြီဖြစ်ပါတယ်။ NUG/PDF များဟာ သူတို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကြောင့် မြန်မာပြည်သူတွေရဲ့ ရွံရှာမုန်းတီးမှုကို ခံနေကြရသလို ကမ္ဘာ့နိုင်ငံများရဲ့ ဖယ်ကြဉ်မှု၊ အရေးယူမှုကိုပါ မကြာခင် ကြုံတွေ့ရတော့မှာဖြစ်ကြောင်း အကြမ်းဖက်အဖွဲ့ NUG ၏ လားရာကို ညွှန်းဆိုပြလိုက်ရပါတယ်။ ။**



PDF များက ပညာရေးကဏ္ဍအား တိုက်ခိုက်ဖျက်ဆီးသည့်လုပ်ရပ်များ။




PDF များက ကျန်းမာရေးကဏ္ဍအား အကြမ်းဖက်သည့်လုပ်ရပ်များ။



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၇ ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ပြည်သူ့ဆေးရုံ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးညွန့် ဦးစီးရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ အမှတ်(၆၅)မှ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ပေါင်းမြက်များအား စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



မြန်အောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်းနှင့် အဖွဲ့ဝင်များ ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက ချုံနွယ်ပိတ်ပေါင်းများ၊ မြက်နှင့်အမှိုက်များ ရှင်းလင်းခြင်းတို့အား စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက မြို့အဝင်လမ်းမကြီး လမ်းဘေးဝဲယာတွင် စုပေါင်းဆောင်ရွက်ကြစဉ်။

မြန်အောင်(ပြန်/ဆက်)

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၄၃၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၆၁ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၇-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၂,၄၃၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၆၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၉) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၉၁၄,၉၇၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၈,၆၆၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၈၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၅,၁၆၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၄၄) ဦးရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၇-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၀) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝထိုးနှံထား ခြင်းမရှိဘဲ (၁၅.၉) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး (၁) ကြိမ်ထိုးနှံထားပြီး (၄)ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိ၍ (၀.၁) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ | | | |
|---|---|---|---|
| ၈၀ ရာခိုင်နှုန်းသည် | ၁၅.၉ ရာခိုင်နှုန်းသည် | ၄ ရာခိုင်နှုန်းသည် | ၀.၁ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်း မရှိသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး (၁) ကြိမ် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၇-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၄.၁) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝထိုးနှံထား ခြင်းမရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၄.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိသူများဖြစ်ကာ (၁.၅) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများ၏ | | |
|---|---|---|
| ၈၄.၁ ရာခိုင်နှုန်းသည် | ၁၄.၄ ရာခိုင်နှုန်းသည် | ၁.၅ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/ သေဆုံးမှုတို့ကို လေ့လာသုံးသပ်ချက်အရ ကာကွယ်ဆေးထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကိုလျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းဖြင့်လည်း ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၇၄၈၁၁၄၆ | ၉၃၇၉၁၂၂၁ | ၁၀၇၈၄၅၇ |
| ၂။ | အိန္ဒိယ | ၄၄၅၂၈၅၄၄ | ၄၃၉၅၃၃၇၄ | ၅၂၈၁၀၂ |
| ၃။ | ပြင်သစ် | ၃၄၈၆၀၀၈၅ | ၃၄၃၁၀၀၁၅ | ၁၅၄၆၇၂ |
| ၄။ | ဘရာဇီး | ၃၄၆၂၁၄၈၁ | ၃၃၇၀၆၂၃၁ | ၆၈၅၃၅၀ |
| ၅။ | ဂျာမနီ | ၃၂၆၈၀၃၅၅ | ၃၁၈၉၄၅၀၀ | ၁၄၈၉၃၃ |
| ၆။ | တောင်ကိုရီးယား | ၂၄၃၅၉၇၀၂ | ၂၃၁၁၄၇၅၄ | ၂၇၇၈၂ |
| ၇။ | ဗြိတိန် | ၂၃၅၈၅၃၀၅ | ၂၃၂၉၃၈၄၀ | ၁၈၉၄၈၄ |
| ၈။ | အီတလီ | ၂၂၁၃၁၇၈၅ | ၂၁၅၂၉၅၅၅ | ၁၇၆၅၀၈ |
| ၉။ | ဂျပန် | ၂၀၅၆၆၁၁၆ | ၁၉၆၃၅၃၄၆ | ၄၃၅၃၃ |
| ၁၀။ | ရုရှား | ၂၀၃၈၂၃၄၄ | ၁၉၃၄၄၈၃၈ | ၃၈၅၉၄၄ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၅၆၅၅၈ | ၁၀၅၇၈၃၉၀ | ၄၃၁၃၈ |
| ၂။ | အင်ဒိုနီးရှား | ၆၄၀၇၁၂၃ | ၆၂၂၁၃၈၉ | ၁၅၇၈၈၄ |
| ၃။ | မလေးရှား | ၄၈၁၅၆၇၉ | ၄၇၅၂၂၁၆ | ၃၆၃၀၅ |
| ၄။ | ထိုင်း | ၄၆၇၂၉၁၀ | ၄၆၃၀၃၆၅ | ၃၂၆၂၀ |
| ၅။ | ဖိလစ်ပိုင် | ၃၉၁၈၃၂၉ | ၃၈၂၉၅၄၄ | ၆၂၅၁၄ |
| ၆။ | စင်ကာပူ | ၁၈၇၁၉၀၀ | ၁၇၉၂၉၈၄ | ၁၆၀၅ |
| ၇။ | မြန်မာ | ၆၁၈၆၆၄ | ၅၉၅၁၆၆ | ၁၉၄၄၄ |
| ၈။ | ဘရူနိုင်း | ၂၂၄၆၁၀ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၅၃၉၁ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၇၅၂ | ၁၃၄၆၁၃၈ | ၃၀၅၆ |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၇

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၁ ရက်မှ ၁၇ ရက်အတွင်း အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Test Kit ၁၈၂၄ ခု တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

# ဂျပန်နိုင်ငံ၌ တိုင်ဖုန်းမုန်တိုင်း နန်မာဒိုး ချဉ်းကပ်ဝင်ရောက်၊ လေကြောင်းခရီးစဉ်များ ဖျက်သိမ်းထားရ

**တိုကျို စက်တင်ဘာ ၁၇**

ဂျပန်နိုင်ငံ ကျူးရှူးကျွန်းသို့ တိုင်ဖုန်းမုန်တိုင်း နန်မာဒိုး ချဉ်းကပ်ဝင်ရောက်လျက်ရှိသည့်အတွက် ဂျပန်လေကြောင်းလိုင်းနှင့် နီပွန်လေကြောင်းလိုင်းတို့က လေကြောင်းခရီးစဉ် ၃၃၅ ခုကို ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

**ခရီးစဉ်ပေါင်း ၂၈၂ ခု ဖျက်သိမ်း**

ဂျပန်လေကြောင်းလိုင်းက လေကြောင်းခရီးစဉ်ပေါင်း ၂၈၂ ခုကို ယနေ့ဖျက်သိမ်းခဲ့ပြီး အများစုမှာ ရှီကိုကူနှင့်ကျူးရှူးမြို့လေဆိပ်များရှိ လေကြောင်းလိုင်းအများဆုံးဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

နီပွန်လေကြောင်းလိုင်းက ကာဂိုရှီမာ၊ မီယာဇာကီမြို့များရှိ လေကြောင်းလိုင်း ၅၃ ခုကို ဖျက်သိမ်းခဲ့ရသည်။

အခြားလေကြောင်းလိုင်းများကလည်း ၎င်းတို့၏ လေကြောင်းခရီးစဉ်များကို စက်တင်ဘာ ၁၉ ရက်အထိ ဖျက်သိမ်းထားသည်။




လေကြောင်းခရီးစဉ်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို သက်ဆိုင်ရာ လေကြောင်းလိုင်း ဝက်ဘ်ဆိုက်စာမျက်နှာများတွင် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ရယူပေးပါရန် ခရီးသည်များအား တိုက်တွန်းပြောကြားထားသည်။

တိုင်ဖုန်း နန်မာဒိုသည် ကျူးရှူးကျွန်းနှင့် အာမာမီကျွန်းများသို့ စက်တင်ဘာ ၁၉ ရက်အထိတိုင် ဝင်ရောက်တိုက်ခတ်ဖွယ်ရှိကြောင်း မိုးလေဝသကျွမ်းကျင်ပညာရှင်များက ခန့်မှန်းပြောကြားသည်။

တိုင်ဖုန်းမုန်တိုင်း နီးကပ်လာလျက်ရှိသည့်အတွက် လေပြင်းတိုက်ခတ်မှုများ၊ ရေလှိုင်းကြီးမှုများ၊ မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ဂျပန်မိုးလေဝသနှင့်ဇလဗေဒအေဂျင်စီက သတိပေးချက်ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

တိုင်ဖုန်းမုန်တိုင်း နန်မာဒိုသည် မီနာမီ ဒိုင်တိုကျွန်းသို့ တစ်နာရီလျှင် ၂၀ ကီလိုမီတာနှုန်းဖြင့် ဝင်ရောက်ခဲ့ကြောင်း ဂျပန်မိုးလေဝသနှင့်ဇလဗေဒအေဂျင်စီက စက်တင်ဘာ ၁၇ ရက် ည ၈ နာရီတွင် သတင်းထုတ်ပြန်ခဲ့သည်။

အလားတူ စက်တင်ဘာ ၁၉ ရက်အထိ လေပြင်းတိုက်ခတ်မှုများကြောင့် အမာမီကျွန်းနှင့် ကျူးရှူးမြို့တောင်ဘက်ပိုင်းနှင့် မြောက်ဘက်ပိုင်းရှိ နေအိမ်များ ပြိုကျပျက်စီးနိုင်ဖွယ်ရှိကြောင်း သိရသည်။

ကျူးရှူးတောင်ဘက်ပိုင်းတွင် တစ်နာရီလျှင် ၁၉၈ ကီလိုမီတာ လေတိုက်နှုန်းဖြင့် ဝင်ရောက်တိုက်ခတ်နိုင်ပြီး အာမာမီကျွန်း၌ တစ်နာရီလျှင် ၁၈၀ ကီလိုမီတာ လေတိုက်နှုန်းဖြင့် ဝင်ရောက်တိုက်ခတ်နိုင်ဖွယ်ရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# နီပေါနိုင်ငံ၌ မြေပြိုမှုကြောင့် ၁၇ ဦးသေဆုံးပြီး ငါးဦးပျောက်ဆုံးလျက်ရှိ

**ခတ္တမန္ဒူ စက်တင်ဘာ ၁၇**

နီပေါနိုင်ငံ အက်ချ်ဟမ်းခရိုင်၌ စက်တင်ဘာ ၁၆ ရက်က မိုးအဆက်မပြတ်ရွာသွန်းမှုမှတစ်ဆင့် ဖြစ်ပေါ်ခဲ့သည့် မြေပြိုမှုများကြောင့် အနည်းဆုံး ၁၇ ဦး သေဆုံးပြီး ငါးဦးပျောက်ဆုံးလျက်ရှိကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ယနေ့တွင် ပြောကြားသည်။

အဆိုပါ မြေပြိုမှုသည် စက်တင်ဘာ ၁၆ ရက်နံနက်ပိုင်းမှစတင်ကာ အဆက်မပြတ်ရွာသွန်းခဲ့သည့်မိုးကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး နီပေါနိုင်ငံအရှေ့ဖျားစွန်းရှိ အက်ချ်ဟမ်းခရိုင်၌ နေအိမ်များ ပျက်စီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

နီပေါနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များသည် သေဆုံးသူရုပ်အလောင်း ၁၇ လောင်းနှင့် ဒဏ်ရာရရှိသူ ၁၁ ဦးတို့အား ရှာဖွေကယ်ဆယ်နိုင်ခဲ့ပြီး လက်ရှိတွင် ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း အက်ချ်ဟမ်းခရိုင်မှ တာဝန်ရှိသူ မင်ရက်ဂျ်အာချာယာက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဒဏ်ရာရရှိသူများအား အိမ်နီးချင်းပြည်နယ်မှ ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူရန် လေကြောင်းဖြင့် ပို့ဆောင်ထားကြောင်းနှင့် ဒဏ်ရာရရှိသူများအနက် သုံးဦးသည် ဒဏ်ရာပြင်းထန်မှုရှိကြောင်း မင်ရက်ဂျ်အာချာယာက ပြောကြားသည်။

နီပေါနိုင်ငံသည် တောင်တန်းထူထပ်သော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် မုတ်သုံကာလအတွင်း မြေပြိုမှုများနှင့် ရုတ်တရက်ရေကြီးမှုများ ဖြစ်ပေါ်လေ့ရှိကြောင်းလည်း သိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ မိုးရွာသွန်းမှုနှင့် ဆက်စပ်သော ဖြစ်စဉ်များကြောင့် ၂၂ ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိ

**နယူးဒေလီ စက်တင်ဘာ ၁၇**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တာပရာဒေ့ရှ်ပြည်နယ်၏ ဒေသအများအပြားတွင် စက်တင်ဘာ ၁၆ ရက်က မိုးရွာသွန်းမှုနှင့် ဆက်စပ်သော ဖြစ်စဉ်များကြောင့် ၂၂ ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိမှု ဖြစ်ပေါ်ခဲ့ကြောင်း ဒေသတွင်း မီဒီယာများက စက်တင်ဘာ ၁၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ မိုးရွာသွန်းမှုနှင့် ဆက်စပ်သောဖြစ်စဉ်များကြောင့် သေဆုံးသူများထဲတွင် ပြည်နယ်၏မြို့တော် လက်ခ်နောင်းတွင် မိုးအဆက်မပြတ်ရွာသွန်းကာ အုတ်တံတိုင်းပြိုကျမှု ဖြစ်ပေါ်ပြီးနောက် သေဆုံးသူ ၁၀ ဦးလည်း ပါဝင်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ ဥတ္တာပရာဒေ့ရှ်ပြည်နယ်၌ ၃၆ နာရီကြာ မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် ပြည်သူအများအပြားသည် ၎င်းတို့၏နေအိမ်များကို စွန့်ခွာခဲ့ရပြီး ကယ်ဆယ်ရေးစခန်းများ၌ ယာယီခိုလှုံခဲ့ရကြောင်း သိရသည်။

ထို့ပြင် ဥတ္တာပရာဒေ့ရှ်ပြည်နယ်၏ ဒေသအများအပြား၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေဆဲဖြစ်ကြောင်း ဒေသတွင်း မီဒီယာများက သတင်းဖော်ပြထားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**



# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၅ ဦး ထပ်မံသေဆုံး

**မနီလာ စက်တင်ဘာ ၁၇**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၅ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၂၅၁၄ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၂၂၇၅ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၉၁၈၃၂၉ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၆၂၇၁ ဦးရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၁၉၉ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၇၂ ဒသမ ၈ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၄ ဒသမ ၅၂ သန်းကျော်ရှိလာ

**နယူးဒေလီ စက်တင်ဘာ ၁၇**

အိန္ဒိယနိုင်ငံ၏ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၇၄၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၄၅၂၈၅၂၄ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူပေါင်း ၄၆၈၄၈ ဦးရှိကြောင်း သိရသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၈၃၀၂ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၅၆၁၈ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၃၉၅၃၃၇၄ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၂၁၆၄၁၇၀၅၅၀ အသုံးပြုပြီးဖြစ်ကြောင်းနှင့် လက်ရှိအချိန်ထိ ပြည်သူ ၈၉၁ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီးဖြစ်ကြောင်း အိန္ဒိယနိုင်ငံကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**



## တရားမဝင်ကျွန်းသစ်၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ စက်ဘီးအပိုပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၇**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ထီးတန်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာ(ID) တွင် ကြေညာထားခြင်းမရှိသော စက်ဘီးအပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉၄၈၀၀၀)ကိုလည်းကောင်း၊ မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန် ကြေညာလွှာ(ID)ပါကြေညာချက်များနှင့် ကွဲလွဲစွာပါရှိလာသော Optical Fiber Cable များနှင့် အထည်လိပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၉၆၇၆၀၀)ကိုလည်းကောင်း၊ မြဝတီ-ဘားအံ-ရန်ကုန်လမ်း ရွှေသံလွင်တိုးဂိတ်အနီး၌ ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID) တွင် ကြေညာထားခြင်းမရှိသော မြက်ဖြတ်စက်အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၃၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော ယာဉ်တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၂၉၅၆၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်း နှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၁၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ပဲခူးခရိုင်နှင့် နတ်တလင်း



ရွှေသံလွင်တိုးဂိတ်၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

ခရိုင်တို့တွင် တရားမဝင်ကျွန်းသစ်တန် ၅ ဒသမ ၈၄၅၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၆၀၂၀)ကို သစ်တောဥပဒေအရ လည်းကောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ပြည်မြို့နယ် ဘုရင့်နောင် လမ်းမကြီးပေါ်၌ လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၆၀၂၀)ကို သိမ်းဆည်းအရေးယူဆောင်ရွက် လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၁၅ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ကိုးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၈၀၁၆၂၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၇**

(၅၈)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် မြောက်ဥက္ကလာပ အထွေထွေ ရောဂါကုဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ပြုလုပ်သည်။

**စုပေါင်းသွေးလှူဒါန်း**

အဆိုပါ သွေးလှူဒါန်းပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင်မှ မရမ်းကုန်းမြို့နယ်၊ လှိုင်မြို့နယ်၊ မြောက်ဥက္ကလာပ



မြို့နယ်အတွင်းရှိ ရဲအရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား၊ ရဲမေ တပ်ဖွဲ့ဝင် စုစုပေါင်း ၅၀ တို့ စုပေါင်း သွေးလှူဒါန်းခဲ့ကြ ကြောင်း သိရသည်။

သွေးလှူဒါန်းပွဲကို မရမ်းကုန်း ခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယ ရဲမှူးကြီးခင်မောင်ကျော်၊ မြောက် ဥက္ကလာပရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မြထွန်းကျော်၊ မရမ်းကုန်းရဲတပ်ဖွဲ့ မှူး ရဲမှူးမျိုးမြင့်ဦးတို့က ကြည့်ရှု အားပေးခဲ့ကြပြီး သွေးလှူဒါန်း သော တပ်ဖွဲ့ဝင်များအား တာဝန်ရှိ သူတို့က ဖြည့်စွက်အာဟာရများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သိင်္ဂီပြည့်ဖြိုး(ပြန်/ဆက်)



မွန်ပြည်နယ် ဘီးလင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူအောင်၊ အဖွဲ့ဝင် ဗိုလ်မှူးနိုင်အောင်ထွန်း၊ တပ်နယ်မှူး ဗိုလ်မှူးဟန်ဝင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးမင်းတင်နှင့်တပ်ဖွဲ့ ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများက ဘိုးရာဇာရပ်ကွက် အထက(ဘီးလင်း) စာသင်ကျောင်းအတွင်း စက်တင်ဘာ ၁၇ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

မြို့နယ် (ပြန်/ဆက်)

## (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ စုပေါင်းသွေးလှူဒါန်း

**တောင်ကြီး စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင်(၅၈)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုပေါင်း သွေးလှူဒါန်းခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၌ ဆောင်ရွက်ခဲ့သည်။

**ကြည့်ရှုအားပေး**

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ကိုကို၊ ဦးစီးအရာရှိ (ပထမ တန်း)(ဦး/ရေး/ထောက်) ဒုတိယရဲမှူးကြီး ဝင်းသိန်း၊ အမှတ်(၂) မူးယစ် တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး လင်းထွဋ်မြင့်၊ အမှတ်(၁၄) သတင်းရဲတပ်ဖွဲ့ ခွဲမှူး ဒုတိယရဲမှူးကြီး ဇော်မင်းဦး၊ အမှတ်(၁၅) မှုခင်းရဲတပ်ဖွဲ့စုမှူး ရဲမှူးညွန့်ဝင်း၊ အမှတ်(၁၈) ယာဉ်ထိန်းရဲဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူး မိုးကျော်၊ အမှတ်(၁၅) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး တပ်ဖွဲ့စုမှူး ရဲမှူးမျိုးဇင်



နှင့် တောင်ကြီးခရိုင် ရဲတပ်ဖွဲ့မှ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးနေမျိုးတို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ပြည်နယ်(ပြန်/ဆက်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၉-၂၀၂၂ တနင်္ဂနွေနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မင်္ဂလသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | ဂူရှားခရီးစဉ်မှတ်တမ်း(တတိယပိုင်း) |
| ၀၉:၁၀ | တရုတ်ကာတွန်း 'ပန်းနုဂါးမိုးလေတံတား'(အပိုင်း-၉) |
| ၀၉:၃၀ | သတင်းသမားပြောတဲ့သတင်းစကား |
| ၁၀:၀၀ | 'ဂုဏ်ယူညီနှင့်ပျော်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲထုတ်လွှင့်မှု (အုပ်စု-၁)(ပွဲစဉ်-၃) |
| ၁၃:၀၀ | အသိပညာနှင့်အမှန်တရား |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | မြန်မာဂန္တဝင်ရုပ်ရှင် 'ဝတ်စကလစ်'(ထွန်းဝေ၊မြတ်မွန်၊မေနွဲ့) |
| ၁၆:၃၅ | 'တိုင်းလုံ' ရှမ်းကြီးတိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံ |
| ၁၆:၄၅ | Sports Diary |
| ၁၇:၂၀ | ကလောင်စွမ်းဖြင့်ဉာဏ်အလင်းတံခါး ဖွင့်ပေးကြသူများ |
| ၁၇:၄၀ | ကြီးမြန်သစ်ပင်စိုက်ပျိုးလျှင် အရိပ်လည်းလှပြည်လည်းလှ |
| ၁၇:၅၀ | ဂူရှားခရီးစဉ်မှတ်တမ်း(စတုတ္ထပိုင်း) |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၀ | သုတဝေပြာသီရိဂေဟာ |
| ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါး အချစ်ချိုချို'(အပိုင်း-၉) |
| ၁၉:၅၀ | ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကောင်း များပိုင်ဆိုင်ထားသည့်မြန်မာ |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ဘဝနှင့်အနုပညာ |
| ၂၁:၂၀ | ဆေးရောင်စုံရုပ်ရှင် 'ချစ်ပန်းသီတဲ့ပိန်းကလေး' (ရန်အောင်၊ရန်ကျော်၊မေဆွိ) |

### mitv

| | |
|---|---|
| 07:02 | Evergreen Classic: Dhamma Set Taw (Sein Lei Lei) |
| 07:08 | Myanmar Traditional Art Bronze Casting |
| 07:15 | Next Generation "Bon Bon" Drummer |
| 07:28 | Ywar Thit's Monhinkhar |
| 07:41 | Conflict & Solution Between Man & Elephant |
| 08:01 | News |
| 08:27 | Products of Myanmar - Bamboo Hat |
| 08:35 | Myanmar's Beauty and Nature "Beach" |
| 09:01 | Myanmar Betels |
| 09:17 | Today Myanmar |
| 09:26 | A Special Moment with A Man of Versatility (Epi-2) Personal & Artistic Life |
| 10:35 | Thatbyinnyu Temple |

### MRTV NRC

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၁)

**ချင်း(လိုင်ဇို) (၀၇:၀၀ မှ ၀၈:၀၀)**
ဂေါ်ရခါးသီးနှင့်ကျန်းမာရေး

**ချင်း(ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ချင်းရိုးရာခေါင်

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ဒူးရင်းသီး၏ကျန်းမာရေးအကျိုးကျေးဇူး

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ပင်လယ်ပျော်တို့နားခိုရာဆီ

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
တိုင်းခန်(မ်) ရှမ်းတိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံ

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ရှန့်ဒိုက်သို့အလည်တစ်ခေါက်

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
မနောအလှ

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ကယားအစားအစာမုန့်ညှင်းချဉ်နှင့်ဝက်ရိုးဟင်း

**ပအိုဝ်းကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကျွဲချိုအကြောင်း

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ထမင်းကြမ်းခဲ၏တန်ဖိုး

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၄၅ | News Desk |
| ၀၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၀၉:၁၅ | Weekly Selected News |
| ၀၉:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၃:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ |
| ၂၀:၀၀ | ပြည်တွင်းသတင်း(LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'မမှန်သတင်းပေးခြင်း' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ၏ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂) |
| ၁၁:၀၀ | ဒီမိုကရေစီဆိုသည်မှာ(အပိုင်း-၂) |
| ၁၁:၃၀ | အတွေးအမြင်(အပိုင်း-၂) |

### MRTV FARMERS'

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၅၀ | သာစည်မြို့နယ်မယ်ဇလီကန်ကျေးရွာမှ ဒိုးလုပ်ငန်း |
| ၀၇:၀၀ | စိုက်ပျိုးရေးရာအပြေရှာ |
| ၀၇:၅၀ | သရက်စိုက်ပျိုးဝင်ငွေတိုး |
| ၀၈:၂၅ | ဆန်ကိုအခြေခံ၍ကွတ်ကီးနှင့် ပေါင်မုန့်ပြုလုပ်ခြင်း |
| ၀၉:၁၅ | လက်ပံတန်းမြေမှကရေကရာ |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/Weekly Sports Info Sports Diary/Weekly MNL Review |
| ၀၇:၄၅ | အားကစားလောကထဲကသူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel တို့ နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုမျာ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် အရာတော်ကျေးရွာနေ ရဲမြတ်သူသည် ၎င်းအသုံးပြုသည့် “Ye Myat Thu” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# AA အဖွဲ့သည် ARSA အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်အဖွဲ့နှင့်ပူးပေါင်း၍ ယခုကဲ့သို့ပစ်ခတ်တိုက်ခိုက်ခြင်းသည် အိမ်နီးချင်းနှစ်နိုင်ငံအကြား ချစ်ကြည်ရေးပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ခြင်းဖြစ်

❍ ကျောဖုံးမှ

လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါ လက်နက်ကြီးကျည်များသည် ရဲကင်းစခန်းနှင့် နယ်စပ်ခြံစည်းရိုးအား ကျော်လွန်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၁၁ မိနစ်၊ ၃ ဒသမ ဝ၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁ဝ မိနစ် ၂ဝ ဒသမ ၉၁ စက္ကန့်သို့ သုံးလုံး ကျရောက်ပေါက်ကွဲခဲ့သည်။

**ကျရောက်ပေါက်ကွဲ**

အလားတူ စက်တင်ဘာ ၁၆ ရက် ည ၈ နာရီ ၁ဝ မိနစ်နှင့် စက်တင်ဘာ ၁၇ ရက် နံနက်အစောပိုင်းတို့တွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင် BP-၃၄ အနီး တောင်ပြိုယာရဲကင်းစခန်းအား အထက်ပါပစ်ခတ်ခဲ့သည့်နေရာများမှ လက်နက်ကြီးများဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါ လက်နက်ကြီးကျည်များသည် ရဲကင်းစခန်းနှင့် နယ်စပ်ခြံစည်းရိုးအား ကျော်လွန်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၁၂ မိနစ် ၈ ဒသမ ၅၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၁ မိနစ် ၅၄ ဒသမ ၁၉ စက္ကန့်သို့ လက်နက်ကြီးကျည်သုံးလုံး၊ မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၁၂ မိနစ် သုည ဒသမ ၃၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၁ မိနစ် ၅၄ ဒသမ ၇၅ စက္ကန့်သို့ လက်နက်ကြီးကျည်နှစ်လုံး၊ မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၁၂ မိနစ် ၈ ဒသမ ၅၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၁ မိနစ် ၅၆ ဒသမ ၁ဝ စက္ကန့်သို့ တစ်လုံးနှင့် မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၁၂ မိနစ် ၂၄ ဒသမ ၈ဝ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၁ မိနစ် ၅၆ ဒသမ ဝ၁ စက္ကန့်သို့ သုံးလုံး ကျရောက်ပေါက်ကွဲခဲ့သည်။


နိုင်ငံတော်အစိုးရအနေဖြင့် ထာဝရငြိမ်းချမ်းရေးရရှိရန် အဘက်ဘက်မှ ကြိုးပမ်းနေစဉ်ကာလအတွင်း AA အဖွဲ့သည် ARSA အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်အဖွဲ့နှင့်ပူးပေါင်း၍ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များအား မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ် နယ်စပ်ခြံစည်းရိုးအနီးမှနေ၍ ယခုကဲ့သို့ပစ်ခတ်တိုက်ခိုက်ခြင်းသည် အိမ်နီးချင်းနှစ်နိုင်ငံအကြား ချစ်ကြည်ရေးပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ လက်နက်ကြီးကျည် ကျော်ကျပေါက်ကွဲမှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်စပ်အနီးရှိ ပြည်သူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အလားတူ AA အဖွဲ့အနေဖြင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်ပြီး နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များအား ချောင်းမြောင်းတိုက်ခိုက်ခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများကို ပိတ်ဆို့ဖြတ်တောက်ခြင်းများ ဆောင်ရွက်၍ ဩဂုတ် ၃၁ ရက် နံနက်ပိုင်းတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ် နယ်ခြားမှတ်တိုင်အမှတ် ဘီပီ-၄ဝ ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းအား သာလွန်အင်အားဖြင့် အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် စခန်းအား လက်လွှတ်ဆုံးရှုံးခဲ့ရပြီး နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်တချို့ ထိခိုက်ကျဆုံးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အထက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့စ်ဘဇ္ဇားရှိ အမှတ် (၃၄) ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်သို့ မြန်မာနိုင်ငံနယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှတစ်ဆင့် အကြောင်းကြားစာပေးပို့ထားရှိကြောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့်လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာသို့ အသိပေး အကြောင်းကြားစာများ ပေးပို့ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

**AA အဖွဲ့နှင့် ARSA အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်အဖွဲ့များ ပစ်ခတ်မှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းသို့ လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲခဲ့သည့် ကျည်သွားလမ်းကြောင်းပြပုံ**






(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒေသကွပ်ကဲမှုအဖွဲ့မှူး ယာယီဒုရဲမှူးကြီး နေလင်း ဦးဆောင်၍ ရွာငံမြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်း၊ မြို့ကြီးရဲကင်းစခန်းနှင့် မြင်းကျဒိုးရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင် အင်အား ၅၇ ဦးတို့ စက်တင်ဘာ ၁၇ ရက်က ရွာငံမြို့နယ် ဆေးရုံဝင်း အတွင်း၊ အပြင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ ရွာငံ(ပြန်/ဆက်)



(၅၈)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သဃ်န်းကျွန်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှသိန်း ဦးစီးသည့် အင်အား ၃ဝ တို့ စက်တင်ဘာ ၁၇ ရက်တွင် သဃ်န်းကျွန်းမြို့နယ် ဆ/က ရပ်ကွက် ဘုရားလမ်းရှိ သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းစဉ်။ ၂၂၂

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၈၀ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၅ | ၂၂၄၅ | ၂၂၃၀ | ၂၂၁၀ | ၂၃၀၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၈၀ | ၃၁၆၀ |
| 95 Ron | ၂၂၇၀ | ၂၃၁၅ | ၂၃၁၀ | ၂၂၇၅ | ၂၃၁၀ | ၂၃၃၅ | ၂၃၂၀ | ၂၃၀၀ | ၂၃၉၅ | ၂၄၁၀ | ၂၃၀၅ | ၂၃၂၀ | ၂၃၅၀ | ၂၃၅၀ | ၂၃၅၀ | ၂၅၇၀ | ၃၂၂၀ |
| HSD (500 ppm) | ၂၅၈၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၆၂၅ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၂၀ | ၂၆၃၀ | ၂၆၆၅ | ၂၆၆၅ | ၂၆၆၅ | ၂၈၈၅ | ၃၈၈၀ |
| HSD (50 ppm) | ၂၆၆၅ | ၂၇၁၅ | ၂၇၁၀ | ၂၆၇၅ | ၂၇၁၀ | ၂၇၃၅ | ၂၇၃၀ | ၂၇၀၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၁၅ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၀ | ၂၉၇၀ | ၃၉၁၅ |
| HSD (10 ppm) | ၂၆၆၅ | ၂၇၁၅ | ၂၇၁၀ | ၂၆၇၅ | ၂၇၁၀ | ၂၇၃၅ | ၂၇၃၀ | ၂၇၀၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၁၅ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၀ | ၂၉၇၀ | ၃၉၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၇၅ | ၂၁၅၀ |
| 95 Ron | ၂၁၆၁ | ၂၂၃၈ |
| HSD (500 ppm) | ၂၄၆၉ | ၂၅၄၈ |
| HSD (50 ppm) | ၂၅၅၀ | ၂၆၃၀ |
| HSD (10 ppm) | ၂၅၅၀ | ၂၆၃၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၅)ရပ်ကွက် တောရကျောင်းတိုက်ဝင်း၌ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် မြဝတီခရိုင် ဒုတိယရဲမှူးကြီး ရဲမင်းသူနှင့် မြဝတီမြို့နယ် ရဲတပ်ဖွဲ့မှူးယာယီရဲမှူး အောင်နိုင်ဦးတို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ခရိုင်နှင့် မြို့နယ် အဆင့်ရဲတပ်ဖွဲ့တို့မှ အင်အား ၆၀ တို့က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၇ ရက်တွင် မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလင်းထွဋ် ဦးဆောင်သော တပ်ဖွဲ့ဝင်၊ မိသားစုများက မကွေးမြို့ ဖန်ခါးမြေဘိုးဘွားရိပ်သာတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြစဉ်။

သတင်းစဉ်



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသက်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး အောင်မြသန်း၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးဇော်ဝင်းလှိုင်၊ အမှတ်(၂)နယ်မြေရဲစခန်းမှူး ရဲအုပ်အောင်ဇော်မင်း၊ အမှတ်(၃)နယ်မြေရဲစခန်းမှူး ရဲအုပ်ဥက္ကာအောင်နှင့် ခရိုင်/မြို့နယ်ရှိ တပ်ဖွဲ့ဝင်များ၊ အမှတ်(၉၆) ယာဉ်ထိန်း ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(၁) မိတ္ထီလာမှ တပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့စု (မိတ္ထီလာ)မှ တပ်ဖွဲ့ဝင်တို့က မိတ္ထီလာမြို့နယ် အထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်းရှိ ချုံနွယ်များ၊ မြက်ပင်များနှင့် အမှိုက်များအား ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ မိတ္ထီလာမြို့နယ် အထွေထွေရောဂါကုဆေးရုံးကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမင်းသီရိနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

သိန်းမြင့်ကျော်(မိတ္ထီလာ)



(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့၊ အမှတ်(၃)လမ်းဆုံ အမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ရဲအုပ်ရွှေမောင် ဦးစီးတပ်ဖွဲ့ဝင်များ၊ အမှတ်(၃)လမ်းဆုံ တိုးဂိတ်မှ ဗိုလ်မှူးမြတ်သူရရွှေနှင့် တိုးဂိတ်တာဝန်ရှိသူများ အမြန်လမ်းမကြီး ဆောက်လုပ်ရေး (ပြင်/ထိန်း)မှ အင်ဂျင်နီယာ ဦးဝင်းဇာနီမောင်၊ လှည်းကူးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ စုပေါင်း၍ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက အမြန်လမ်းတစ်လျှောက် အစုန်အဆန်သွားလာလျက်ရှိသောယာဉ်များ၊ ခရီးသွားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် နှာခေါင်းစည်း ဘူး ၂၀၀၊ လက်သန့်ဆေးရည် ဘူး ၅၀၊ ကိုဗစ်-၁၉ ရောဂါ အသိပညာပေး လက်ကမ်းစာစောင်များကိုလည်းကောင်း၊ အမြန်လမ်းမကြီးအသုံးပြုစဉ် လိုက်နာရမည့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် HOT LINE ဖုန်းနံပါတ်များပါသော အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှစဉ်။

မြင့်မြတ်ဦး

## သန်လျင်မြို့နယ် ဘော့ချောင်းသဘာဝရေပြင်အတွင်း ဒုတိယအကြိမ် ငါးမျိုးစိုက်ထည့်

**သန်လျင် စက်တင်ဘာ ၁၇**

သန်လျင်မြို့နယ် ဘော့ချောင်းသဘာဝရေပြင်အတွင်း ဒုတိယအကြိမ် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို သနပ္ပင်ကျေးရွာအုပ်စု ဘော့ချောင်းတံတားအနီး၌ စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ငါးလွှတ်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးဌာနမှူး ဦးတင့်လွင်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးတင့်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးချစ်ညီညီ၊ အဖွဲ့ဝင်(၂) ဦးဆန်းဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းဒန်နှင့် မြို့နယ်အဆင့် ငါးမျိုးစိုက်ထည့်ရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ ငါးလုပ်ငန်းဦးစီးဌာန၊ လှော်ကားငါးလုပ်ငန်းစခန်းနှင့် လေးထောင့်ကန် ငါးလုပ်ငန်းစခန်းတို့မှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ငါးသိန်း၊ နှစ်လက်မအရွယ် ငါးခုံးမကြီးသားပေါက်ကောင်ရေ ငါးသိန်းတို့ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၇

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

**တက်ရောက်**

ယနေ့နံနက်ပိုင်းတွင်လည်း ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမနှင့် မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတို့၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားများကို ပြုလုပ်ကြရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်အတွင်းမှ PDF အဖွဲ့ဝင် အမျိုးသမီး တစ်ဦး၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်းမှ PDF အဖွဲ့ဝင် အမျိုးသား လေးဦးနှင့် မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်အတွင်းမှ PDF အဖွဲ့ဝင် အမျိုးသား နှစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

**ကြိုဆိုလက်ခံသွားမည်**

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့ အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ ဓာတ်ခွဲစစ်ဆေးခဲ့သော အစားအသောက်နမူနာများအနက်မှ စားသုံးရန်မသင့်ဟု စစ်ဆေးတွေ့ရှိသည့် အစားအသောက်နမူနာစာရင်း

(၁၇-၉-၂၀၂၂ မှ အဆက်)

| | | | | | |
|---|---|---|---|---|---|
| ၂၂ | ကြက်ကြော်လုံး | TP Food (Plastic Pack) | Sodium Benzoate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂၃ | ရေဘဝဲချောင်း | City Food Squid (Plastic Pack) | Sodium Benzoate နှင့် Potassium Sorbate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂၄ | ပုဇွန်လုံး | Thailand စာသားပါ (Plastic Pack) | Potassium Sorbate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂၅ | ပုဇွန်လုံး | Shenglong (2.5kg/ Multilayer With Plastic Pack) | အဏုဇီဝ သတ်မှတ်ချက်ဖြင့် ကိုက်ညီမှုမရှိပါ |  | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂၆ | ပုဇွန်လုံး | တရုတ် စာသားပါ (Multilayer With Plastic Pack) | အဏုဇီဝ သတ်မှတ်ချက်ဖြင့် ကိုက်ညီမှုမရှိပါ |  | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂၇ | တို့ဟူး | Thailand စာသားပါ (Plastic Pack) | အဏုဇီဝ သတ်မှတ်ချက်ဖြင့် ကိုက်ညီမှုမရှိပါ |  | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂၈ | အသားချောင်း | TRK (Multilayer With Plastic Pack) | အဏုဇီဝ သတ်မှတ်ချက်ဖြင့် ကိုက်ညီမှုမရှိပါ |  | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂၉ | ငါးပေတံ | Thailand စာသားပါ (Plastic Pack) | အဏုဇီဝ သတ်မှတ်ချက်ဖြင့် ကိုက်ညီမှုမရှိပါ |  | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

## ဖလမ်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ဌာနဆိုင်ရာဝန်ထမ်းပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ဖလမ်း စက်တင်ဘာ ၁၇

ချင်းပြည်နယ် ဖလမ်းမြို့၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ဌာနဆိုင်ရာဝန်ထမ်းပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲဆုပေးပွဲကို စက်တင်ဘာ ၁၆ ရက် ညနေ ၄ နာရီက ဖလမ်းမြို့ ဗလိုင်ရပ်ကွက် မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားမစတင်မီ ဆုရ်ဘုန်အသင်းနှင့် ဖိန်မှုအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ဗိုလ်လုပွဲတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်းနှင့် ပညာရေးဌာနအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်းက အနိုင်ရရှိခဲ့သည်။

ထို့နောက် ပထမဆုရရှိသည့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်းအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက ငွေသားဆု၊ လည်ဆွဲပြားနှင့် ပထမဆုဖလားတို့ကိုလည်းကောင်း၊ ဒုတိယဆုရရှိသည့် ပညာရေးဌာနအသင်းအား အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးဝင်းဇော်လတ်က ငွေသားဆုနှင့် လည်ဆွဲပြား တို့ကိုလည်းကောင်း၊ တတိယဆုရရှိသည့် ခရိုင်မီးသတ်အသင်းအား အတွင်းရေးမှူး ဒုတိယရဲမှူးကြီးမိုးနိုင်က ငွေသားဆုနှင့် လည်ဆွဲပြားတို့ကို လည်းကောင်း၊ ပြိုင်ပွဲတစ်လျှောက်အကောင်းဆုံးကစားသမားဆုကို အဖွဲ့ဝင် လက်ထောက်ညွှန်ကြားရေးမှူး ဦးရေချမ်းကလည်းကောင်း ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ဒိုက်ဦးမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးဆွေးနွေးပွဲ ကျင်းပ



ဒိုက်ဦး စက်တင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပန္တတ်ကျေးရွာအုပ်စု နှင်းပုလဲကျေးရွာဓမ္မာရုံ၌ စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးဆွေးနွေးပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းဦးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးမိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်ထွန်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကျော်လင်း၊ ကျေးလက်လမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်နွယ်နီထွန်း၊ စက်မှုလယ်ယာဦးစီးမှူး ဦးသီဟကျော်စွာ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးမျိုးမြင့်၊ ဆည်မြောင်းဦးစီးအရာရှိ ဦးဟန်ကိုလတ်နှင့် စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်သိန်းနိုင်တို့က မိမိတို့သက်ဆိုင်ရာဌာနအလိုက် ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော တောင်သူများ၏ သိလိုသည်များကို သက်ဆိုင်ရာဌာနဆိုင်ရာမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ဒိုက်ဦး)**







## သန့်ရှင်းသာယာသောမြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၇**

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံးရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ် ရှစ်မြို့နယ်၌လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အပါအဝင် မြို့နယ်သုံးမြို့နယ်၌ လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နှင့် ကွတ်ခိုင်မြို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့နယ်အပါအဝင် မြို့နယ် သုံးမြို့နယ်၌ လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အပါအဝင် မြို့နယ် ငါးမြို့နယ်၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အပါအဝင် မြို့နယ် ၁၀ မြို့နယ်၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင်ရှိ မြို့နယ် တစ်မြို့နယ်၊ မှော်ဘီခရိုင်ရှိမြို့နယ် နှစ်မြို့နယ်၊ လှည်းကူးခရိုင်ရှိ မြို့နယ်တစ်မြို့နယ်၊ မင်္ဂလာဒုံခရိုင်ရှိ မြို့နယ်နှစ်မြို့နယ်၊ အင်းစိန်ခရိုင်ရှိ မြို့နယ်သုံးမြို့နယ်၊ မရမ်းကုန်းခရိုင်ရှိ မြို့နယ် သုံးမြို့နယ်၊ အလုံခရိုင်ရှိ မြို့နယ် သုံးမြို့နယ်၊ ကျောက်တံတားခရိုင်ရှိ မြို့နယ် ငါးမြို့နယ်၊ ဒဂုံမြို့သစ်ခရိုင်ရှိ မြို့နယ် လေးမြို့နယ်၊ သဃ်္ဃန်းကျွန်းခရိုင်ရှိ မြို့နယ် လေးမြို့နယ်၊ တွံတေးခရိုင်ရှိ မြို့နယ် ငါးမြို့နယ်၊ ဗိုလ်တထောင်ခရိုင်ရှိ မြို့နယ် ငါးမြို့နယ်၊ ကမာရွတ်ခရိုင်ရှိမြို့နယ် နှစ်မြို့နယ်၊ သန်လျင်ခရိုင်ရှိ မြို့နယ် ငါးမြို့နယ်၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အပါအဝင် မြို့နယ် ၁၀ မြို့နယ်၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်နှင့် ချင်းပြည်နယ် တီးတိန်မြို့နယ်၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်အပါအဝင် မြို့နယ် ၁၁ မြို့နယ်၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့၌ လည်းကောင်း ဘုရား၊ စေတီ ပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။


ပုသိမ်မြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်မြို့၌ ဧရာဝတီမြစ်အတွင်း ငါးမျိုးများစိုက်ထည့်

**ပြည် စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ခုနှစ် လုပ်ငန်းရာသီအတွင်း ငါးရိက္ခာဖူလုံစေရန်နှင့် ငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက် စေရေးအတွက် သဘာဝမြစ်ရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက ပြည်မြို့ရှိ ကမ်းနားလမ်းဆိပ်ခံဇောတံတား၌ ကျင်းပခဲ့သည်။



အဆိုပါအခမ်းအနားသို့ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးမှူး ဦးသိန်းအောင်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးမြင့်နိုင်နှင့်ဝန်ထမ်းများ၊ အုတ်ဖို ငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်မိုးသီတာနှင့်ဝန်ထမ်းများသည် အုတ်ဖိုငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ တစ်သိန်း၊ ငါးခုံးမကြီးကောင်ရေ ငါးသောင်း၊ ငါးဖမ်းမကောင်ရေ ငါးသောင်း စုစုပေါင်းကောင်ရေ နှစ်သိန်းအား ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မအူပင်ခရိုင်တွင် အစိုးရဝန်ထမ်းပေါင်းစုံသမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့အသစ်ရွေးချယ်ပွဲ ကျင်းပ

**မအူပင် စက်တင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်တွင် ခရိုင်အဆင့် အစိုးရဝန်ထမ်းပေါင်းစုံသမဝါယမအသင်းလီမိတက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့အသစ်ရွေးချယ်ခြင်း အခမ်းအနားကို မအူပင်မြို့နယ်သမဝါယမဦးစီးဌာန ရုံးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် ဘဏ္ဍာရေးမှူးတို့က သက်ဆိုင်ရာလုပ်ငန်းစဉ်များအား ပြောကြားသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့သစ်ရွေးချယ်ရာ ဥက္ကဋ္ဌ ဒေါ်လှဲ့ယဉ်အေး၊ ဒုဥက္ကဋ္ဌ ဒေါ်မြလေး၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ကြည်၊ အတွင်းရေးမှူး ဦးအောင်တင်ညွန့်နှင့် အဖွဲ့ဝင်များအဖြစ် ဦးစန်းမြင့်၊ ဦးမြင့်ဌေး၊ ဦးကျော်ခင်ဦးတို့ဖြစ်ကြပြီး အသင်းစာရင်းစစ်အဖွဲ့ခေါင်းဆောင် ဦးသိန်းစိုးနှင့် အဖွဲ့ဝင် ဦးခင်ညိုတို့အား တက်ရောက်လာသည့်အသင်းသားများက ရွေးချယ်တင်မြှောက်ရာ သဘာပတိက အတည်ပြုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




ရေချွေတာရေး နည်းလမ်းများ

❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။

❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။

❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။

❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# ကိုဗစ်-၁၉ စတုတ္ထလှိုင်းနှင့် ပေါ့ဆ၍မရသည့် တစ်ကျော့ပြန် အိုမီခရွန်

**ကျန်းမာရေးဝန်ကြီးဌာနက နေ့စဉ်ထုတ်ပြန်ပေးနေတဲ့ ကိုဗစ်-၁၉ စောင့်ကြပ်ကြည့်ရှုမှုနဲ့ပတ်သက်တဲ့ သတင်းတွေထဲမှာ စက်တင်ဘာ ၆ ရက်က ကိုဗစ်-၁၉ ရောဂါနဲ့ သေဆုံးသွားသူ တစ်ဦးရှိခဲ့တာကို ကြားသိလိုက်ရပါတယ်။ ဒါတင်မကသေးပါဘူး။ ဩဂုတ်လလယ်လောက်ကစပြီး ကိုဗစ်-၁၉ အတည်ပြုလူနာသစ်စာရင်းတွေ တိုးလာခဲ့တာ နှစ်ရာခိုင်နှုန်းအထက် ရောက်လာတာမို့ ကိုဗစ်-၁၉ တစ်ကျော့ပြန် သတိပေးခေါင်းလောင်းသံမြည်လာခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။**

ခင်ရတနာ

စက်တင်ဘာလ ၁၇ ရက်နေ့ ည ၈ နာရီထုတ်ပြန်တဲ့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ သတင်းအချက်အလက်တွေအရ ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၆၁ ဦး တွေ့ရှိခဲ့ပြီး အဲဒီနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၂ ဒသမ ၉ ရာခိုင်နှုန်းလို့ သိရပါတယ်။ ဒါ့အပြင် စက်တင်ဘာလ ၁၆ ရက်နေ့က အတည်ပြုလူနာသစ် ၃၀၅ ဦး (၂ ဒသမ ၅၈ ရာခိုင်နှုန်း)၊ စက်တင်ဘာလ ၁၅ ရက်နေ့က အတည်ပြုလူနာသစ် ၂၅၉ ဦး (၂ ဒသမ ၁၉ ရာခိုင်နှုန်း)၊ စက်တင်ဘာလ ၁၄ ရက်နေ့က အတည်ပြုလူနာသစ် ၃၈၄ ဦး (၃ ဒသမ ၁၇ ရာခိုင်နှုန်း) စသည်ဖြင့် ပိုးတွေ့သူအရေအတွက် ပြန်လည်မြင့်တက်လာနေပါတယ်။

မိမိတို့နိုင်ငံမှာ ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းဖြစ်တဲ့ အိုမီခရွန်ရောဂါဖြစ်ပွားတာက စတုတ္ထလှိုင်းအစ ၂၀၂၂ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းလောက်က ဖြစ်ပါတယ်။ ပြည်ပကနေ ဝင်ရောက်လာသူတွေ၊ ပြည်တွင်းကူးစက်ခံရသူတွေကို အခုနှစ် ဖေဖော်ဝါရီလမှာ အများဆုံးတွေ့ရှိခဲ့ရပြီး မတ်လကနေစတင်လို့ တစ်စတစ်စ ပြန်လည်ကျဆင်းလာခဲ့ရာကနေ ဇူလိုင်လကုန်ပိုင်းအထိ ရောဂါထိန်းချုပ်လာနိုင်ခဲ့တာကြောင့် ကူးစက်မှုနှုန်းဟာ သုည ဒသမ ၆၄ ရာခိုင်နှုန်းအထိကို ကျဆင်းလာခဲ့ပါတယ်။ သို့သော်လည်း ဩဂုတ်လအတွင်းကနေစတင်ပြီး ပိုးတွေ့ရှိမှု ပြန်လည်မြင့်တက်လာခဲ့ကာ စက်တင်ဘာလ ၁၃ ရက်နေ့အထိဆိုရင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူအရေအတွက်က စတုတ္ထလှိုင်းစတင်ခဲ့တဲ့ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့ကနေ စတင်ရေတွက်မယ်ဆိုပါက လူဦးရေရှစ်သောင်းကျော်ခဲ့ပြီး သေဆုံးသူမှာ ၁၃၃ ဦးအထိ ရှိလာပါတယ်။

### ကူးစက်မြန်အိုမီခရွန်

အိုမီခရွန်ကတော့ ကိုဗစ်-၁၉ ရဲ့ မျိုးရိုးဗီဇကွဲဖြစ်ပါတယ်။ လူတိုင်းဟာ အိုမီခရွန်ကူးစက်ခံရနိုင်ပါတယ်။ အခြားမျိုးရိုးဗီဇကွဲတွေထက် လျင်လျင်မြန်မြန် ကူးစက်တတ်တဲ့ အမျိုးအစားဖြစ်ပါတယ်။ အိုမီခရွန်ဟာ ရောဂါလက္ခဏာမပြဘဲ ကူးစက်နိုင်ပြီး မပြင်းထန်တဲ့ ကိုဗစ်-၁၉ အခြေအနေကနေ ပြင်းထန်တဲ့ ဖျားနာခြင်းတွေ၊ အသက်သေဆုံးခြင်းတွေ ဖြစ်စေနိုင်ပါတယ်။ အသက်အရွယ်ကြီးသူတွေ၊ ရောဂါအခံရှိသူတွေနဲ့ ကာကွယ်ဆေးမထိုးနှံရသူတွေမှာ ဖြစ်ပွားဖို့ရော၊ ကုသဖို့ရော ခက်ခဲပြီး အသက်သေဆုံးနိုင်ပါတယ်။ ဒါကြောင့် အိုမီခရွန်က မပြင်းထန်ဘူးလို့ဆိုရင်တောင် ကိုယ်ခံအားနည်းသူတွေ၊ ကာကွယ်ဆေးမထိုးနှံသူတွေနဲ့ ရောဂါအခံရှိသူတွေအဖို့တော့ အသက်သေဆုံးနိုင်တယ်ဆိုတာကို မေ့လျော့ပေါ့ဆထားလို့မရဘူးဆိုတာ နေ့စဉ်ထုတ်ပြန်ချက်တွေအရ သတိပြုနိုင်ပါတယ်။



မင်းတုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးစဉ်။
ဓာတ်ပုံ-မြို့နယ်(ပြန်/ဆက်)

ဒါ့အပြင် အိုမီခရွန်က သူ့ရဲ့ပြုမူပုံပေါ်မူတည်ပြီး ဗီဇပြောင်းလဲမှုများစွာ သက်ရောက်နိုင်တဲ့အတွက် စိုးရိမ်စရာကောင်းတဲ့ ဗိုင်းရပ်စ်မျိုးကွဲတစ်ခုလည်း ဖြစ်ပါတယ်။ လက်ရှိမှာတော့ အိုမီခရွန်မျိုးစိတ်ကွဲ BA.4 နဲ့ BA.5 တို့ကို အများဆုံးတွေ့ရပါတယ်။ မြန်မာနိုင်ငံအပြင် ဒေသတွင်းနိုင်ငံတွေမှာလည်း လူနာအရေအတွက် သိသိသာသာ များပြားနေတာကို တွေ့ရှိရပြီး နယ်စပ်ဂိတ်အချို့၊ ဝင်ပေါက်ထွက်ပေါက်အချို့ ပိတ်တာ၊ ကိုဗစ်စင်တာတွေ ပြန်ဖွင့်တာတွေကိုလည်း ပြန်လည်လုပ်ဆောင်ထားကြတဲ့အပြင် စာသင်ကျောင်းတွေအနေနဲ့ လိုအပ်လာရင် အွန်လိုင်းကနေ သင်ကြားနိုင်စေဖို့ စီမံနေကြတဲ့ သတင်းတွေကိုလည်း တွေ့ရှိရပါတယ်။

### ကူးစက်မှုနှုန်းတက်လာ

တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူဦးရေတွေအနက် ရန်ကုန်တိုင်းဒေသကြီးက ပထမအများဆုံးဖြစ်ပြီး ကရင်ပြည်နယ်က ဒုတိယတွေ့ရှိမှု အများဆုံး၊ မန္တလေးတိုင်းဒေသကြီးက တတိယတွေ့ရှိမှု အများဆုံးဖြစ်ပါတယ်။ အိုမီခရွန်ကူးစက်ပုံက အရင် ကိုဗစ်-၁၉၊ ဒယ်လ်တာတို့ ကူးစက်သလိုပါပဲ။ ရောဂါပိုးရှိသူ နှာချေ၊ ချောင်းဆိုးတာကနေ ထွက်လာတဲ့တံတွေးအစအနတွေ၊ ရောဂါပိုးရှိသူကိုင်တွယ်ထားတဲ့ ပစ္စည်းတွေ၊ အများသုံးဘတ်စ်ကား၊ သယ်ယူပို့ဆောင်ရေးယာဉ်တွေ၊ အများသုံး အသုံးအဆောင်တွေ၊ ရောဂါပိုးရှိသူနဲ့ အနီးကပ်ထိတွေ့မိတာတွေကနေတစ်ဆင့် ကူးစက်နိုင်ပါတယ်။

ပညာရှင်တွေရဲ့အဆိုအရကတော့ အိုမီခရွန်က ကူးစက်မှုနှုန်းအမြန်ဆုံး ကိုဗစ်-၁၉ မျိုးကွဲဖြစ်ပေမယ့် သေဆုံးမှုနှုန်း၊ ရောဂါပြင်းထန်မှုနှုန်းနည်းမယ်လို့ ယူဆကြပါတယ်။ သို့သော်လည်း ကာကွယ်ဆေးမထိုးထားသူ၊ ကိုဗစ်ဖြစ်ဖူးထားသူနဲ့ အသက်ကြီးရင့်သူ၊ ရောဂါအခံရှိသူတွေအဖို့ကတော့ သေဆုံးနှုန်းလျော့ကျသွားနိုင်မှာမဟုတ်ပါဘူး။ မိမိတို့နိုင်ငံမှာ စက်တင်ဘာလ ၁၃ ရက်နေ့အထိ ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်းက ၆၁၇၃၅၅ ဦးရှိနေပြီး ယနေ့အထိ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူအရေအတွက်ကတော့ ၁၉၄၄၃ ဦးအထိ ရှိလာခဲ့ပြီဖြစ်ပါတယ်။

### ကာကွယ်ဆေးထိုးနှံရန်လိုအပ်

မြန်မာနိုင်ငံမှာ စတုတ္ထလှိုင်းကာလအစ ဇန်နဝါရီလကုန်ပိုင်းကနေ ယခုအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာတွေရဲ့ ဆေးထိုးနှံမှုအခြေအနေတွေအပေါ် ဆန်းစစ်ချက်တွေအရ ရောဂါဖြစ်ပွားသူတွေရဲ့ ၈၀ ရာခိုင်နှုန်းက ကာကွယ်ဆေးထိုးနှံမှုလုံးဝမရှိဘဲ ဖြစ်ပွားသူတွေအားလုံးရဲ့ ၁၆ ရာခိုင်နှုန်းနီးပါးက ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံထားသူတွေဖြစ်ကြပါတယ်။ ဖြစ်ပွားသူတွေအားလုံးရဲ့ လေးရာခိုင်နှုန်းက ကာကွယ်ဆေးအပြည့်ထိုးနှံကြသူတွေဖြစ်ပြီး သုည ဒသမ ၁ ရာခိုင်နှုန်းကတော့ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားကြသူတွေဖြစ်တယ်လို့ သိရပါတယ်။

အဲဒီလိုပါပဲ။ ကိုဗစ်-၁၉ ကြောင့် သေဆုံးရသူတွေအနက် ကာကွယ်ဆေးမထိုးရသေးသူက ၈၄ ဒသမ ၁ ရာခိုင်နှုန်းပါဝင်ပြီး ၁၄ ဒသမ ၄ ရာခိုင်နှုန်းကတော့ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြသူတွေဖြစ်ပါတယ်။ သေဆုံးသူများအနက် ၁ ဒသမ ၅ ရာခိုင်နှုန်းကတော့ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပြီးသူတွေပဲ ဖြစ်ပါတယ်။ ဆန်းစစ်ချက်တွေအရ ကာကွယ်ဆေးထိုးနှံထားသူတွေက ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုတွေကို လျှော့ချနိုင်တာကို မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ကာကွယ်ဆေးမထိုးရသေးသူတွေက အမြန်ဆုံးထိုးနှံကြဖို့ လိုအပ်ပြီး နှစ်ကြိမ်ပြည့်မြောက်သူတွေအနေနဲ့လည်း ထပ်ဆောင်းကာကွယ်ဆေးကို ထိုးနှံကြဖို့ တိုက်တွန်းလိုပါတယ်။ အထူးသဖြင့် အသက်ကြီးသူတွေနဲ့ နာတာရှည်ရောဂါအခံရှိသူတွေက မဖြစ်မနေ ကာကွယ်ဆေးထိုးနှံကြရမှာပါ။

### ပူးပေါင်းကာကွယ်ပါ

ကိုဗစ်-၁၉ ရောဂါက တစ်ကြိမ်မက ထပ်မံဖြစ်ပွားနိုင်ပြီး အထူးသဖြင့် အိုမီခရွန်က ကူးစက်လွယ်ကာ ခုခံအားစနစ်ကို ကျော်လွှားနိုင်တဲ့အတွက် ကိုဗစ်-၁၉ ဖြစ်ဖူးသူတွေကလည်း ပေါ့ပေါ့ဆဆမနေသင့်ဘဲ အရင်လို လက်ဆေးခြင်း၊ နှာခေါင်းစည်းတပ်ခြင်းနဲ့ ကူးစက်ခံရနိုင်တဲ့ အခြေအနေရှိလာရင် ဒါမှမဟုတ် ကူးစက်ခံရပြီလို့ သံသယရှိပြီဆိုတာနဲ့ စစ်ဆေးအတည်ပြုဖို့နဲ့ သီးသန့်ခွဲခြားနေထိုင်ကြပါလို့ သတိပေးလိုပါတယ်။


လူအများစုဝေးရာနေရာတွေဖြစ်တဲ့ ရုံး၊ ဈေး၊ လေဆိပ်၊ ကားဂိတ်၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ဘာသာရေးအဆောက်အအုံတွေနဲ့ ဘိုးဘွားရိပ်သာတွေ၊ စက်ရုံ၊ အလုပ်ရုံတွေ၊ ဆေးရုံ/ဆေးခန်းတွေ စတဲ့နေရာတွေကို သွားလာရာမှာ ကျန်းမာရေးဝန်ကြီးဌာနကနေ ထုတ်ပြန်ထားတဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီးရေးဆိုင်ရာ သတ်မှတ်ချက်တွေကိုလည်း လိုက်နာပေးကြရမှာဖြစ်ပါတယ်။ သက်ဆိုင်ရာ ဌာနအသီးသီးကလည်း ကျန်းမာရေး သတ်မှတ်ချက်တွေနဲ့ ကိုက်ညီအောင် နေထိုင်ကြဖို့ ပညာပေးလုပ်ငန်းတွေ အရှိန်မြှင့်နေကြသလို လိုက်နာဆောင်ရွက်ကြဖို့ စီမံဆောင်ရွက်နေပြီဖြစ်ပါတယ်။

မိမိတို့နိုင်ငံက ကိုဗစ်-၁၉ ရဲ့ ဖြစ်ပွားမှုလှိုင်းအဆင့်ဆင့်ကို ဖြတ်ကျော်ခဲ့ကြပြီးပါပြီ။ လုံလောက်တဲ့ ကာကွယ်ဆေးတွေ ရရှိနိုင်ဖို့အတွက် နိုင်ငံတော်က ကြိုးပမ်းဖြည့်ဆည်းခဲ့သလို အခြားသောကုသရေးဆိုင်ရာ လိုအပ်ချက်တွေ၊ ဆေးဝါးနဲ့ ဆေးပစ္စည်းတွေကိုလည်း ပြတ်လပ်မှုမရှိ၊ လိုအပ်မှုမရှိအောင် စီမံဆောင်ရွက်ပေးမှု၊ ကျန်းမာရေးစောင့်ရှောက်ပေးသူ ဆရာဝန်၊ သူနာပြုတွေရဲ့ ကူညီဖေးမမှုနဲ့အတူ ပြည်သူတွေက ကျန်းမာရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ထားတဲ့ သတ်မှတ်ချက်၊ စည်းကမ်းချက်တွေအပေါ် တိကျစွာလိုက်နာမှုတွေကြောင့် တစ်ကျော့ပြန်ကိုဗစ်-၁၉ ကိုလည်း မကြာမီကာလအတွင်းမှာပင် အကောင်းဆုံးကျော်ဖြတ်နိုင်မယ်လို့ ယုံကြည်မိပါကြောင်း။ ။

- **ကာကွယ်ဆေးမထိုးထားသူ၊ ကိုဗစ်ဖြစ်ဖူးထားသူနဲ့ အသက်ကြီးရင့်သူ၊ ရောဂါအခံရှိသူတွေအဖို့ကတော့ သေဆုံးနှုန်းလျော့ကျသွားနိုင်မှာမဟုတ်ပါဘူး။ မိမိတို့နိုင်ငံမှာ စက်တင်ဘာ ၁၃ ရက်အထိ ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်းက ၆၁၇၃၅၅ ဦးရှိနေပြီး ယနေ့အထိ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူအရေအတွက်ကတော့ ၁၉၄၄၃ ဦးအထိ ရှိလာခဲ့ပြီဖြစ်ပါတယ်။**
- **ကိုဗစ်-၁၉ ရောဂါက တစ်ကြိမ်မက ထပ်မံဖြစ်ပွားနိုင်ပြီး အထူးသဖြင့် အိုမီခရွန်က ကူးစက်လွယ်ကာ ခုခံအားစနစ်ကို ကျော်လွှားနိုင်တဲ့အတွက် ကိုဗစ်-၁၉ ဖြစ်ဖူးသူတွေကလည်း ပေါ့ပေါ့ဆဆမနေသင့်ဘဲ အရင်လို လက်ဆေးခြင်း၊ နှာခေါင်းစည်းတပ်ခြင်းနဲ့ ကူးစက်ခံရနိုင်တဲ့ အခြေအနေရှိလာရင် ဒါမှမဟုတ် ကူးစက်ခံရပြီလို့ သံသယရှိပြီဆိုတာနဲ့ စစ်ဆေးအတည်ပြုဖို့နဲ့ သီးသန့်ခွဲခြားနေထိုင်ကြပါ**

ဝတ္ထုတို

## လင်းလက်ကြယ်(လက်ပံလှ)




(၁)

လူ့ဘဝက တိုတိုလေးဆိုပေမယ့် လောကစံကို အန်တုနိုင်ဖို့က တော်တော်လေး ကြိုးစားနိုင်မှ တော်ကာကြမှာ။ အရင်တုန်းက မိသားစုတစ်စုကို အိမ်ထောင်ဦးစီးတစ်ယောက်ရဲ့ လုပ်စာနဲ့စားလောက်ခဲ့ပေမယ့် အခုအခါမှာတော့ မရတော့ဘူး။ အထူးသဖြင့် လခစားဝန်ထမ်းတွေအတွက်က ပိုဆိုးတာပေါ့။ အခုရတဲ့လစာလေးကို အရင်လကယူထားတဲ့ အကြွေးလေးတွေ ပြန်ဆပ်လိုက်၊ ကျန်တဲ့ငွေလေးနဲ့ လိုအပ်တာလေးတွေပြန် ဝယ်လိုက်။ ပြီးတော့ အကြွေးလေးတွေ ပြန်ယူလိုက်နဲ့ သံသရာလည်နေတော့တာ။

အဲဒီလိုလေးတွေဖြစ်လာတော့ ကျွန်မရဲ့ သမီးကြီးနဲ့ သမက်တို့ကို အားနာလာခဲ့တယ်။ တကယ်ဆို သူတို့နှစ်ယောက်တည်းဆိုရင် သူတို့ရတဲ့ လစာလေးနဲ့ သူတို့မိသားစုလေးကို ပိုပိုလျှံလျှံနဲ့ စားနိုင်နေကြမှာ။ ဒါပေမယ့် ကံကြမ္မာရဲ့ လှည့်ကွက်လေးကြောင့် ကျွန်မအပါအဝင် ကျွန်မရဲ့ သားလေးနှစ်ယောက်ရဲ့ ကျောင်းစရိတ်နဲ့ ကုန်ကျစရိတ်ကို ထောက်ပံ့နေတော့ သူတို့ခင်ပျာလည်း ဖောင်စီးရင်း ရေငတ်ဖြစ်နေကြတာ။ တဖြည်းဖြည်းနဲ့ အဆင်မပြေတာတွေ တွေ့လာရတော့ ကျွန်မအနေနဲ့လည်း သူတို့ကို အားနာလာခဲ့ပြီ။

လိုအပ်ချက်တွေ များလာ၊ လုပ်သလောက် အကြွေးထူလာတော့လည်း သမက်ဖြစ်သူနဲ့ သမီးတို့မှာလည်း တကျက်ကျက်နဲ့ စကားများလာတာကို တွေ့နေရတယ်။ အိမ်ရှေ့ပူတော့ အိမ်နောက်မချမ်းသာဆိုတဲ့အတိုင်း လုပ်ကိုင်ကျွေးနေတဲ့ သမီးနဲ့ သမက်တို့က ခဏခဏစကားများလာတော့ အမေဖြစ်တဲ့ ကျွန်မလည်း အနေရကြပ်လာခဲ့တယ်။ အဲဒါနဲ့ ကျွန်မလည်း ဒီအတိုင်း နေလို့မဖြစ်တော့ဘူးဆိုပြီး တစ်ခုခုကို လုပ်ဖို့ ဆုံးဖြတ်ချက်ချလိုက်တယ်။

(၂)

သုံးရက်တိတိရေစိမ်ပြီး စစ်ထားတဲ့ စားတော်ပဲလေးတွေကို ကြည့်ရင်း စိတ်ထဲမှာ ပီတိဖြစ်နေမိတယ်။ ဘာပဲဖြစ်နေနေ ကျွန်မလုပ်ရမယ့်အရာက အုတ်တစ်ချပ် မဟုတ်ပေမယ့်သဲတစ်ပွင့်တော့ဖြစ်လောက်မယ်လို့ တွေးလိုက်မိတယ်။ အညှောက်လေးတွေထွက်နေတဲ့စားတော်ပဲလေးတွေကို ဆန်ခါလေးထဲထည့်ပြီး အညှောက်မထွက်သေးတဲ့ အစေ့လေးတွေကို ရွေးနေလိုက်တယ်။ မလုပ်တာကြာခဲ့ပေမယ့် တစ်ချိန်တုန်းက နေ့တဓူဝလုပ်ခဲ့တဲ့ အတွေ့အကြုံကြောင့် သိပ်ပြီး မခဲယဉ်းခဲ့ဘူး။

လွန်ခဲ့တဲ့ ရှစ်နှစ်ကျော်တုန်းကလည်း ဒီအလုပ်လေးနဲ့ မိသားစုရဲ့ စားဝတ်နေရေးကို ဖြည့်ဆည်းနိုင်ခဲ့တာ။ ယောက်ျားဖြစ်သူက ဝန်ထမ်းတစ်ယောက်လေ။ သူ့လစာက စားသောက်ဖို့အတွက် အဆင်ပြေပေမယ့် ကလေးတွေ ကျောင်းစရိတ်နဲ့ အသုံးစရိတ်အတွက်က လိုအပ်ချက်ဖြစ်လာတယ်။ အဲဒီအတွက် ကျွန်မဟာ သားသမီးတွေ မျက်နှာမငယ်ရအောင် မောင်တစ်ထမ်း မယ်တရွက် လမ်းစဉ်ကို လိုက်ခဲ့ရတယ်။ ယောက်ျား တာဝန်ကျတဲ့နေရာဒေသတွေမှာ လိုက်နေရပေမယ့်လည်း ကျွန်မကတော့ ပဲပြုတ်ရောင်းရင်း တစ်ဖက်တစ်လမ်းကနေ မိသားစုကို စောင့်ရှောက်ခဲ့တယ်။ ကျွန်မ ပဲပြုတ်စရောင်းတော့ သူများတွေက အပြစ်ပြောကြပေမယ့် ကျွန်မယောက်ျားကတော့ အပြစ်မပြောခဲ့ဘူး။ သူကတောင် ကျွန်မကို ဘဝဒဿနတစ်ခု ပြောခဲ့သေးတာ။

"ဒီမှာ လှမြိုင်။ ကံကြမ္မာဆိုတာ တစ်ခါတလေမှာ ကိုယ်တွေးထားသလို ဖြစ်မလာတတ်ဘူးဟ။ အဲဒီအခါ ပျော်စရာဆိုရင်တော့ ဝမ်းသာစရာကောင်းတယ်။ ဝမ်းနည်းစရာဆိုရင်တော့ လဲကျလို့မဖြစ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါတို့မှာ ငါတို့ကို မှီခိုအားကိုးနေတဲ့ သားသမီးတွေ ရှိသေးတယ်လေ။ အဲဒါကြောင့် အလှည့်အပြောင်းများတတ်တဲ့ ကံကြမ္မာကြောင့် စိတ်ဓာတ်ကျနေမယ့်အစား အလိုက်သင့်နေနိုင်အောင် ကြိုးစားဖို့ပဲ လိုတယ်"

ယောက်ျားဖြစ်သူ ပြောခဲ့တဲ့ အဲဒီစကားလေးကြောင့်ပဲ ကျွန်မဟာ ဒီနေ့အချိန်ထိ မယိုင်လဲဘဲ နေနိုင်လာခဲ့တာ။ အဲဒီတုန်းက သမီးကြီးက ကျောင်းတွေပြီးလို့ အလုပ်ရနေပြီ။ အရင်တုန်းက ယောက်ျားလစာလေးရယ်၊ ပဲပြုတ်ရောင်းတဲ့ အမြတ်ငွေလေးနဲ့ မိသားစုစားဝတ်နေရေးလေး အဆင်ပြေအောင်နေခဲ့ရတဲ့ ဘဝကနေ သမီးကြီးရဲ့လုပ်စာလေးကလည်းရလာခဲ့တယ်။ အချမ်းသာကြီးမဟုတ်ပေမယ့် လူတန်းစေ့နေနိုင်လာခဲ့တယ်။ အငယ်လေးနှစ်ယောက်ကလည်း အတန်းငယ်လေးတွေပဲရှိသေးတာ။

နောက်တော့ ကျွန်မတို့မှာ ရည်ရွယ်ချက်လေးတစ်ခုကို စိတ်ကူးထားလိုက်တယ်။ တချို့တဝက်ကို စားသောက်ပြီး၊ တချို့တဝက်ကိုစုပြီး ကိုယ်ပိုင်ခြံလေး ဝယ်မယ်လို့ စိတ်ကူးလိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့မှာ ကိုယ်ပိုင်ခြံမြေဆိုတာ မရှိဘူးလေ။ ဝန်ထမ်းအိမ်ရာဆိုတာကလည်း ယောက်ျားဖြစ်သူ ဝန်ထမ်းဖြစ်နေလို့ နေခွင့်ရနေတာလေ။ နောက်ဆိုအသက်ကြီးလို့ ပင်စင်ယူတဲ့အခါ နေဖို့အတွက် ကိုယ်ပိုင်အိမ်ခြံမြေဆိုတာ လိုလာပြီလေ။ ဒါပေမယ့် အဲဒီစိတ်ကူးလေးကလည်း သဲထဲရေသွန်သလို ဖြစ်သွားခဲ့တယ်။

ကျွန်မတို့ဘဝမှာ တစ်ခါမှတွေးမထားတဲ့အဖြစ်အပျက်တစ်ခုက ဖြစ်လာခဲ့တယ်။ ယောက်ျားဖြစ်သူဟာ ကောက်ကာငင်ကာနဲ့ ကျန်းမာရေးဖောက်လာရော။ စုထားတဲ့ ငွေကြေးလေးတွေလည်း ယောက်ျားဖြစ်သူကို ကုရင်းနဲ့ လုံးပါးပါးလာခဲ့တယ်။ နောက်ဆုံးတော့ ရှိတာတွေသာ ကုန်သွားပေမယ့် ယောက်ျားဖြစ်သူရဲ့ ကျန်းမာရေးက မတိုးတက်လာခဲ့ဘူး။ နောက်တော့ ယောက်ျားဖြစ်သူလည်း ဝေဒနာရဲ့နှိပ်စက်မှုနဲ့အတူ ကျွန်မတို့ကမ္ဘာကနေ ထွက်သွားခဲ့တယ်။

အဲဒီတုန်းက ကျွန်မတို့မှာ မြင်းမိုရ်တောင်ကြီး ပြိုခဲ့ရတော့ မပဋ္ဌာမြေလူးဖြစ်ခဲ့ရတယ်။ ကံကောင်းတာက သမီးကြီးက အလုပ်လေးရှိနေလို့ တော်သေးတယ်။ ကျဆင်းနေတဲ့စိတ်ဓာတ်တွေကိုယောက်ျားဖြစ်သူ ပြောခဲ့တဲ့စကားလေးတွေနဲ့ ပြန်ပြီးအားတင်းခဲ့ရတယ်။အဲဒါဟာ ဒီနေ့အချိန်ထိပဲ။ ဘာဖြစ်လို့လဲဆိုတော့ ယောက်ျားဖြစ်သူ မရှိတဲ့နောက်ပိုင်း ကျွန်မတို့မိသားစုဟာ အတောင်မစုံတော့ဘူးလေ။ အမေဆိုတဲ့ ကျွန်မရဲ့အတောင်တစ်ဖက်ပဲရှိတော့တာ။ အဲဒီအတောင်တစ်ဖက်ဟာလည်း အတောင်နာဖြစ်နေတာ။ သားသမီးတွေကို အမြင့်ထိရောက်အောင် ပျံမပေးနိုင်တော့ဘူးလေ။ နောက်တော့ သမီးကြီးတာဝန်ကျတဲ့ဆီမှာပဲ မိသားစုလိုက် လိုက်နေခဲ့ရတာ။ ကျွန်မရဲ့ ပဲပြုတ်ရောင်းတဲ့ အလုပ်ကိုတော့ သမီးကြီးက မလုပ်ခိုင်းတော့ဘူး။ အဲဒီအချိန်ကစပြီး ဒီနေ့အချိန်ထိ ကျွန်မ မလုပ်ခဲ့တော့တာပဲ။ အခုတော့ သမီးကြီးလည်း အိမ်ထောင်ကျလို့ မြေးလေးကို ကိုယ်ဝန်လွယ်ထားနေရပြီ။

(၃)

ညက ကြိုတင်ပေးထားတဲ့ နာရီနှိုးစက်သံကြောင့် အိပ်နေရာက ထလိုက်တယ်။ ဟိုအရင်တုန်းကဆိုရင်တော့ အခုလို နှိုးစက်ပေးစရာမလိုဘူးပေါ့။ ထနေကြအချိန်ရောက်ရင် သူ့အလိုလိုနိုးနေတာ။ အဲဒါကြောင့် ရှေးလူကြီးတွေက မျက်စိအကျင့်လို့ပြောကြတာနေမှာ။ နိုးနိုးချင်း မီးဖိုချောင်ထဲသွားလိုက်တယ်။ မီးသွေး မီးဖိုကိုမွှေးပြီး နေ့ခင်းက ရွေးထားတဲ့ စားတော်ပဲလေးတွေကို ဒန်အိုးထဲထည့်လိုက်တယ်။

ဒီနေ့က စရောင်းမယ့်နေ့ဆိုတော့ စားတော်ပဲကို အများကြီးမပြုတ်ဘူး။ အစမ်းရောင်းတဲ့သဘောလေးနဲ့ တစ်ပြည်ကျော်ကျော်ပြုတ်လိုက်တယ်။ သူများတွေက ဘယ်လိုပြုတ်လဲတော့မသိဘူး။ ကျွန်မကတော့ အရင်တုန်းက ကျွန်မပြုတ်ရောင်းခဲ့သလိုမျိုး ပြုတ်လိုက်တယ်။ ဒန်အိုးထဲကို ရေ လက်သုံးလုံးလောက်ထည့်ပြီး စားတော်ပဲတွေကို ထည့်လိုက်တယ်။ ပြီးတော့ ဆိုဒါအနည်းငယ်ကို ထည့်ပြီး မွှေလိုက်တယ်။ မီးအားကောင်းလာပြီဆိုတော့ အိုးကိုတင်ထားလိုက်တယ်။ အဲဒီနောက်တော့ ထမင်းပေါင်းအိုးကိုယူပြီး ထမင်းချက်ဖို့ လုပ်နေလိုက်တယ်။

မိုးလင်းရင် သားငယ်နှစ်ယောက်နဲ့ သမီးကြီးတို့ လင်မယားအတွက် ထမင်းချိုင့်ထည့်ပေးရမှာလေ။ ဒီနေ့တော့ သူတို့အတွက် ထမင်းချိုင့်တော့မထည့်ပေးနိုင်တော့ဘူး။ သူတို့နိုးလာရင် ထည့်ယူသွားရအောင်တော့ ထမင်းဟင်းကို တစ်ခါတည်း ချက်ပေးထားခဲ့လိုက်မှာ။ သူတို့နိုးလာတဲ့အခါ ကျွန်မက ရပ်ကွက်ထဲမှာ ပဲပြုတ်ရောင်းနေရမှာလေ။ ထမင်းအိုးပေါင်းအိုးကို ပလပ်ပေါက်ထိုးပြီးတော့ ဟင်းချက်ဖို့ စီစဉ်လိုက်တယ်။

အဲဒီအချိန် ပဲပြုတ်အိုးဆီက အငွေ့တထောင်းထောင်း ထွက်လာတယ်။ ပဲပြုတ်အိုးကို ဖွင့်ကြည့်ပြီး ပဲစေ့တချို့ကို ဇွန်းနဲ့ဆယ်ပြီး လက်နဲ့ဖိကြည့်လိုက်တယ်။ ရေက ခန်းသလောက်ဖြစ်တော့ အိုးကိုချလိုက်တယ်။ နောက်ပြီးတော့ ပဲတွေကို အထက်အောက်လှန်ပေးပြီး ရေကို လက်သုံးလုံးခန့်ပြန်ထည့်ပြီး အိုးကို မီးဖိုပေါ်တင်လိုက်တယ်။ အဲဒီလိုပြုတ်မှ စားတော်ပဲပြုတ်လေးတွေဟာ အစိအတိုင်း ပုံမပျက်ဘဲ စားလို့ကောင်းမှာ။

(၄)

ဒန်အိုးထဲက စားတော်ပဲပြုတ်လေးကို ပန်းကန်လုံးလေးထဲထည့်ပြီး ဦးဦးဖျားဖျား ဘုရားကို ကပ်လိုက်တယ်။ ဘုရားကပ်ပြီး ပဲပြုတ်ဒန်အိုးကို ခေါင်းပေါ်တင်လိုက်တယ်။ အဲဒီအချိန် ရင်တွေတုန်နေမိတယ်။ မလုပ်တာကြာပြီဖြစ်တော့ စိတ်ထဲမှာတော့ နည်းနည်းစိုးရိမ်နေမိတယ်။ စိတ်ထဲကလည်း ယောက်ျားဖြစ်သူကို ပြောနေလိုက်တယ်။

"ကိုဘကြည်ရေ... ရှင်ပြောခဲ့တဲ့ စကားအတိုင်း ပြောင်းလဲတတ်တဲ့ ကံကြမ္မာကြီးနဲ့အလိုက်သင့် ကျွန်မနေနေတယ်နော်။ ကျွန်မ အခုလို ပဲပြုတ်ပြန်ရောင်းတာကို ရှင်အပြစ်မြင်နေမှာလား၊ ဒါမှမဟုတ် အားပေးနေမှာလား"

ယောက်ျားဖြစ်သူကို စိတ်ထဲက ပြောရင်း ခြံအပြင်ကို ထွက်ခဲ့လိုက်တယ်။ ဝမ်းနည်းမှုကြောင့်လား၊ စိုးရိမ်မှုကြောင့်လားတော့မသိဘူး။ ကျွန်မပါးပြင်မှာတော့ မျက်ရည်တွေက စီးကျနေတာ။ ကျွန်မ ပဲပြုတ်ရောင်းတာကို ပတ်ဝန်းကျင်က ဘယ်လိုပြောကြမလဲ။ အဲဒီအတွေးလေး ဝင်လာတော့ ယောက်ျားဖြစ်သူ ပြောတာလေးကို ပြန်သတိရမိတယ်။

"ဟ...ပဲပြုတ် ရောင်းစားတော့လည်း ဘာဖြစ်လဲ လှမြိုင်ရ။ ပတ်ဝန်းကျင်ဆိုတာကတော့ ဝေဖန်အပြစ်တင်နေမှာပဲ။ အေး အဲဒီလိုဝေဖန်အပြစ်တင်နေတဲ့ အထဲ ကိုယ်လုပ်တဲ့အလုပ်က သမာအာဇီဝကျဖို့ပဲလိုတယ်။ သမာအာဇီဝမကျဘူးဆိုရင်တော့ ပတ်ဝန်းကျင်ဝေဖန်တာကို ရှက်ပေါ့ဟာ။ အခုဟာက မင်းလုပ်နေတာက သမာအာဇီဝကျတယ်လေကွာ။ သားသမီးတွေကိုလုပ်ကျွေးလို့ ကဲ့ရဲ့တာထက်၊ ခြေကောင်းလက်ကောင်းရှိပြီး သားသမီးတွေကို ငတ်ပြတ်နေအောင်ထားလို့ ကဲ့ရဲ့တာကို ကြောက်စမ်းပါ။ အဓိကက ငါတို့သားသမီးလေးတွေ မပူမပင်ရဖို့ပဲ မဟုတ်လား"

အဲဒီစကားလေး ပြန်ကြားရတော့ ဝမ်းနည်းနေတဲ့စိတ်တွေက အားပြန်ပြည့်လာသလို ခံစားရတယ်။ လှမ်းနေတဲ့ ခြေလှမ်းတွေလည်း မာန်အပြည့်ဖြစ်လာတယ်။ အဲဒီအချိန် ကျွန်မပါးစပ်မှ အသံထွက်လာတယ်။

"ဟော..ဒီက ပဲပြုတ်..."

(၅)

"အမေရယ် ဘာဖြစ်လို့ သမီးတို့ကို မပြောဘဲ ဒီလိုတွေလုပ်ရတာလဲ။အမေ့ကို ဘယ်သူက ဘာပြောနေလို့လဲ"

သမီးကြီးက အလုပ်ကပြန်လာတော့ ကျွန်မ ပဲပြုတ်ရောင်းတာကိုသိပြီး ကျွန်မကို မေးနေတာ။

"ဘယ်သူကမှ ဘာမှမပြောပါဘူးသမီးရယ်။ အမေ့အနေနဲ့ သားသမီးတွေ အဆင်မပြေတော့ မနေတတ်ဘူးဖြစ်နေတာ"

"ဩော်...အန်တီရယ်။ အဆင်မပြေဘူးဆိုတာကလည်း အခုမှမဟုတ်တာ အန်တီရယ်။ ဒါကလည်း ကျွန်တော်တို့မိသားစုတွေ ဖြစ်နေကြပဲကို။ ပြီးတော့ အန်တီလည်း အသက်ကြီးနေပါပြီ။ ဒီအလုပ်တွေကို မလုပ်ပါနဲ့ အန်တီရယ်'

သမက်ကပါ ကျွန်မကို ပြောနေတာ။ ကျွန်မကို သူတို့ပြောတော့ ဝမ်းနည်းသလို ခံစားနေရတယ်။ ကျွန်မအတွေးထဲမှာက သမီးကြီးနဲ့ သမက်တို့ အလုပ်ကပြန်လာရင် ကျွန်မ ပဲပြုတ်ရောင်းလို့ရတဲ့ အမြတ်ငွေလေးကို ပြမယ်လို့ စိတ်ကူးထားတာ။ အဲဒီအခါ သူတို့နှစ်ယောက်က ပျော်ရွှင်စွာနဲ့ ကျွန်မကိုပြန်စမယ်လို့ ထင်ထားတာ။ အခုတော့ အဲဒီလိုမဟုတ်ဘူး။

"ဒါပေမယ့် အမေက မိဘလေ။ မိဘဆိုတာက သားသမီးတွေကို အေးမြတဲ့ အရိပ်ပဲပေးချင်တာလေ။ သားသမီးတွေရဲ့ အရိပ်ကို ခိုလှုံချင်တာမှမဟုတ်တာ"

သမီးကြီးနဲ့ သမက်တို့ကို ငိုရင်းနဲ့ ရင်ထဲကစကားတွေကို ပြောလိုက်မိတယ်။

"ဩော်..အမေရယ်။ အခုလည်း အမေက အရိပ်ပေးနေတာပဲ။ အမေ့အနေနဲ့ ငွေမဝင်လို့ အရိပ်မပေးနိုင်ဘူးလို့ ထင်နေတာမို့လား။ တကယ်တော့ အမေက သမီးတို့ကို အရိပ်ပေးနေတာပဲ။ သမီးအိမ်ထောင်မပြုခင်ကနေ အခုအိမ်ထောင်ပြုပြီးတဲ့အထိ သမီးရဲ့ဝေယျာဝစ္စတွေ အမေပဲလုပ်နေတာမဟုတ်လား။ အိမ်မှုကိစ္စအပါအဝင် ချက်ရေးပြုတ်ရေးကအစ အမေလုပ်နေတာပဲလေ။ သမီးတို့က ငွေလေးဝင်တာပဲရှိတာ။ အမေ့ရိပ်ကို ခိုလှုံနေတုန်းပဲ။ ပြီးတော့ အခုသုံးနေတာတွေကလည်း သမီးတို့ ပိုက်ဆံတွေကြည့်ပဲ မဟုတ်ပါဘူး။ ဖေဖေ့ရဲ့လစဉ်ပင်စင်လည်း သုံးနေရတာမဟုတ်လား။ အဲဒါကို မေမေက ဘာလို့ ကိုယ့်ကိုယ်ကိုယ် အရိပ်ခိုသူလို့ ထင်နေရတာလဲ"

"ဟုတ်တယ်... အန်တီ။ တစ်ခါတလေမှာအန်တီတို့ကိုပြည့်စုံအောင်မထားနိုင်လို့ ကိုယ့်ကိုယ်ကိုယ်တောင် ကျွန်တော်ပြန်ရှက်မိတယ်။ အန်တီက အခုလို အလုပ်လုပ်နေမယ်ဆိုရင် ကျွန်တော့်မျက်နှာ ဘယ်ထားရမှာလဲဗျာ"

သမက်နဲ့သမီးကြီးတို့ရဲ့ စကားတွေကြောင့် ကျွန်မ စိတ်မကောင်းဖြစ်သွားတယ်။ ကျွန်မရဲ့စေတနာအမှားလေးက သူတို့ကို ပိုဝမ်းနည်းစေမိတယ်။ အရင်တုန်းက ကျွန်မကိုယ် ကျွန်မ အားငယ်တဲ့စိတ်နဲ့ တွေးခဲ့မိတာတွေက အမှားတွေဖြစ်နေမိတယ်။ သူတို့စိတ်ထဲမှာ ကျွန်မဟာ သူတို့ရဲ့ အရိပ်ခိုသူမဟုတ်ဘဲ သူတို့ကို အရိပ်ပေးနေသူလို့ ထင်ထားတော့ ကျွန်မရင်ထဲမှာ ပြောမပြနိုင်အောင် ဝမ်းသာပီတိဖြစ်နေမိတယ်။ ဘာပဲဖြစ်နေနေ မိဘဆိုတာကတော့ စွမ်းနိုင်သလောက် သားသမီးတွေအတွက် အရိပ်ပေးတဲ့သူဖြစ်ချင်တာ။ မလွဲသာလို့ မှီခိုရပေမယ့် ယူတဲ့လက်ထက် ပေးတဲ့လက်ပဲဖြစ်ချင်တာဟာ မိဘတိုင်းရဲ့ဆန္ဒဆိုတာ တစ်ချိန်ချိန်မှာ သမီးကြီးတို့ နားလည်လာလိမ့်မယ်။ အခုတော့ ကျွန်မကြောင့် စိတ်မကောင်းဖြစ်သွားတဲ့ သမီးနဲ့ သမက်ကို နှစ်သိမ့်ရင်း ကြုံလာမယ့် ကံကြမ္မာကို တွေးနေလိုက်မိတယ်။ ။

## ပန်းရောင်စုံသင်း တော်သလင်း

* ရောင်စုံပန်းတို့ အလှဖြာ
တော်သလင်းလအခါ။
လှပဝေဆာ မြိုင်ယံတွင်း
ရာသီပန်းတို့သင်း။

* ပန်းလှအင်ကြင်း နီတျာတျာ
ပွင့်ကြပန်းရင်းမာ။
လှပဝင်းဝါ ရွှေဒင်္ဂါး
ငွေရောင်တရုတ်စကား။

* ပင်ယံထက်ဖျား ယုက်ကာလိမ်
မွှေးကြူဂုဏ်မပိန်။
နေညိုအချိန် "ဝါရောင်း"ပန်း
ပွင့်ကြ မြိုင်တောတန်း။

* ဗုဒ္ဓရည်မှန်း ပန်းခူးကာ
ကပ်လှူမြတ်သဒ္ဓါ။
ရာသီချိန်ခါ ဒါန်ဆန်း
တော်သလင်းလရဲ့ပန်း။
ခူးယူကပ်လှူဒါန်း။ ။

ပန်းမာလာ

---

## အပြုံးလက်ဆောင်

လူတိုင်းကိုပေး သူ့လက်ဆောင်
ငွေကြေးမကုန်ပေါင်။
မေတ္တာအရောင် တုံ့ပြန်ဟပ်
ချစ်ကြိုးချည်နှောင်ပတ်။
မြင့်မြင့်မြတ်မြတ် စိတ်ထားမှန်
နိမ့်မြင့် မခွဲပြန်။
ပျူငှာဟန်ပန် ယဉ်ယဉ်ကျေး
ပြောဆိုဆက်ဆံသေး။
နွေးနွေးထွေးထွေး ကြင်ကြင်နာ
ဖေးမကူညီရှာ။
လူတကာကို အလေးထား
ချစ်ခင်သူပေါ်များ။
မခွဲမခြား သူ့လက်ဆောင်
သန့်ရှင်း အဖြူရောင်။
မကုန်နိုင်အောင် ထပ်ထပ်ပေး
အပြုံးလက်ဆောင်လေး။ ။

သွန်းလက်ကျော်(တောင်ငူ)

---

ဆောင်းပါး

# သူတစ်ပါးအတွက် စဉ်းစားပေးတတ်သူဖြစ်ပါစေ

## မင်းသိန်းထက်(ဇလပ်မြေ)

အကြောင်းအခွင့် တိုက်ဆိုင်လာသည့်အခါတိုင်း စဉ်းစားခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းကို လူတိုင်း ပြုလုပ်ကြသည်ပင်ဖြစ်သည်။ လူသားတို့တွင် ဦးနှောက်ပါရှိခြင်းသည် စဉ်းစားတွေးခေါ်ခြင်းနှင့် ဆင်ခြင်သုံးသပ်ခြင်းအမှုကို ပြုနိုင်ရန်ဖြစ်သည်။ စဉ်းစားခြင်းတွင် အခြေခံအကျဆုံးအချက်(၂)ချက် ရှိသည်။ သူ့ဖို့နှင့် ကိုယ့်ဖို့ပင်ဖြစ်သည်။ လူ့သဘာဝအရ လူသားတို့သည် မိမိအတွက် သင်ပေးစရာမလိုဘဲ စဉ်းစားမိတတ်ကြသည်။ သို့ရာတွင် လူသည် တစ်ဦးတစ်ယောက်တည်းနေ၍မရပေ။ လူမှုဆက်ဆံရေးကို အခြေခံသော လူသားများဖြစ်သည့်အတွက် လူအများနှင့်ပေါင်းသင်းဆက်ဆံ နေထိုင်ကြရသည်။ လူအများနှင့် ဆက်ဆံနေထိုင်ရသောကြောင့် အခြားလူများ၏ဆန္ဒသဘောထားများကို ထည့်သွင်းစဉ်းစားတတ်ရန်လိုပါသည်။

သူတစ်ပါးအတွက် ထည့်သွင်းစဉ်းစားမှုမရှိသော လူများကို ပတ်ဝန်းကျင်က လက်မခံလိုကြပေ။ အိမ်မှာဖြစ်စေ၊ လမ်းမှာဖြစ်စေ၊ ကျောင်းမှာဖြစ်စေ၊ လုပ်ငန်းခွင်မှာဖြစ်စေ သူတစ်ပါးအတွက် စဉ်းစားပေးပြီး ပြောဆိုလုပ်ကိုင်တတ်ရန် လိုအပ်လှပေသည်။ ထိုစိတ်ဓာတ်မျိုးထားရှိမှသာလျှင် ကိုယ်ချင်းစာစိတ်ရှိသူ၊ လူသားဆန်သော စိတ်ထားရှိသူဖြစ်ပေတော့မည်။ မြန်မာတို့၏ ချစ်စရာဓလေ့ဖြစ်သော ထမင်းဝိုင်းဖွဲ့စားရာတွင် မိသားစုဝင်များအတွက် စဉ်းစားပေးဖို့လိုပါသည်။ လူတိုင်းကတော့ အကောင်းကိုသာစားလိုကြသည်။ မိမိက ဟင်းကောင်းတွေကိုသာ အကုန်စားလိုက်ပါက မိသားစုဝင်များအပေါ် မျှမျှတတမရှိရာ ရောက်ပေလိမ့်မည်။ ကျန်မိသားစုဝင်များသည်လည်း ကောင်းကောင်းမွန်မွန် စားချင်ကြလိမ့်မည်ဟူသော အတွေးအမြင်မျိုးရှိဖို့လိုသည်။ ကျွန်တော်တို့ မြန်မာများသည် ထမင်းစားဝိုင်းနှင့် ပတ်သက်လာလျှင် အထူးပြောနေစရာ မလိုပေ။ အေးအတူပူအမျှ မိသားစုစိတ်ဓာတ်အပြည့်ရှိကြသည်ပင် ဖြစ်သည်။

ခရီးသွားရာတွင်လည်း လူတိုင်းသည် သက်သက်သာသာ ချောင်ချောင်ချိချိ သွားချင်ကြသည်။ ချွေးစော်နံပြီး အတင်းတိုးကြိတ်နေရသော အနေအထားဖြင့် မည်သူမျှ ခရီးမသွားလိုကြပေ။ ရထားပေါ်တွင်ဖြစ်စေ၊ ကားပေါ်တွင်ဖြစ်စေ ခရီးသွားသည့် အချိန်တွင် မိမိရရှိထားသောနေရာကို အသုံးပြုရာတွင်လည်း သူတစ်ပါးအတွက် စဉ်းစားပေးရန် လိုအပ်ပါသည်။ ကားပေါ်တွင်ထိုင်ရာ၌ ခြေကို ကားဆန့်ပြီး ထိုင်သူများကြောင့် ကျန်ခရီးသည်များ ထိုင်ခုံအစွန်အဖျားတွင် မသက်မသာ ထိုင်နေရခြင်းမျိုးကို ကိုယ်တိုင်ကြုံဖူးကြပေလိမ့်မည်။ မိမိထိုင်ခွင့်ရသောနေရာတွင် မျှတသည့် စိတ်ထားဖြင့်ထိုင်ခဲ့လျှင် ကျန်ခရီးသည်များမှာလည်း စိတ်ချမ်းသာစွာ ခရီးသွားနိုင်ကြမည်ဖြစ်သည်။

ပတ်ဝန်းကျင်တွင် သူငယ်ချင်းများ ရင်ပေါင်တန်းပြီး ပလက်ဖောင်းအပြည့်နေရာယူကာ လမ်းလျှောက်ကြသည်ကို တွေ့ရတတ်ပါသည်။ မိမိတို့အနေဖြင့် အေးဆေးစွာ လမ်းလျှောက်နေသည့် အချိန်ဖြစ်နေသော်လည်း အရေးတကြီး ခရီးသွားရမည့် အခြေအနေဖြစ်နေသူများအတွက် လမ်းပေါ်တွင် အနှောင့်အယှက်ဖြစ်စေသည်။ ထို့ကြောင့် အေးဆေးစွာလမ်းလျှောက်လိုလျှင် အခြားလူများအတွက် လမ်းနေရာချန်ထားပြီး လျှောက်သင့်ပါသည်။ အချို့သော ကားမောင်းသူများသည် ပလက်ဖောင်းနားကပ်ပြီး ရေအိုင်မရှောင်၊ ရွှံ့ဗွက်မရှောင် မဆင်မခြင် မောင်းတတ်ကြသေးသည်။ ပလက်ဖောင်းတွင် ခရီးသွားနေသူများ၊ လမ်းလျှောက်နေကြသူများကို ရွှံ့ဗွက်များ ပေကျံသွားစေသည့်အဖြစ်မျိုးလည်း ကြုံရတတ်ပါသည်။ ကိုယ်ချင်းစာစိတ်ဖြင့် သူတစ်ပါးအတွက် စဉ်းစားပေးမှသာလျှင် လူတိုင်း အန္တရာယ်ကင်းပြီး စိတ်ချမ်းသာရမည်ဖြစ်သည်။

ကျွန်တော်တို့နိုင်ငံ၏ မြို့ရွာအနှံ့အပြားတွင် ကောင်းသောစိတ်အရင်းခံဖြင့် အလှူဒါနပွဲများ ပြုလုပ်လေ့ရှိကြသည်။ ကုသိုလ်ကောင်းမှုပြုပွဲများသည် အလွန်မွန်မြတ်သော လုပ်ရပ်များဖြစ်သည်။ သို့သော် ထိုကုသိုလ်ပွဲနှင့်အတူ သီချင်းများဖွင့်ခြင်း၊ တရားခွေ ဖွင့်ခြင်းတို့ကို နေ့ရောညပါ အချိန်ပြည့် ပြုလုပ်ကြသည်ကို မကြာခဏ တွေ့ရတတ်ပါသည်။ တရားခွေဖွင့်သည်မှာ ဘာမကောင်းစရာရှိလဲဟု ပြောဆိုမည့်လူများလည်းရှိသည်။ မိမိပြုလုပ်သော ကုသိုလ်ကောင်းမှုနှင့် ပတ်သက်ပြီး အခြားလူများတွင် အကုသိုလ်စိတ် မဖြစ်စေသင့်ပါ။ "ပန်းလည်း လှစေ၊ ပျားလည်းဝစေ"ဆိုသော စကားနှင့် "ရှဉ့်လည်း လျှောက်သာ၊ ပျားလည်းစွဲသာ" ဆိုသော စကားတို့ကို ရှေးလူကြီးများက အဆိုပြုခဲ့ခြင်းဖြစ်သည်။ ထို့ပြင် လူတို့သည် မိမိတို့၏ ဝမ်းရေးအတွက် ကျွဲ၊ နွားများကို ခိုင်းစေပြီး လုပ်ကိုင်ကြရသည်လည်းရှိသည်။ မိမိရရှိလိုသော လောဘစိတ်ဖြင့် မညှာမတာခိုင်းခြင်း၊ မနိုင်သောဝန်ကို ရုန်းစေခြင်း၊ အစားအစာကို ဝဝလင်လင်မကျွေးခြင်း စသည့် ကိုယ်ချင်းစာတရားကင်းမဲ့သော လုပ်ရပ်များကို မပြုလုပ်သင့်ပေ။ တိရစ္ဆာန်များသည်လည်း လူသားများကဲ့သို့ သက်ရှိများဖြစ်သည်ကို မမေ့သင့်ပေ။ လူများပင်ပန်းသလို တိရစ္ဆာန်များလည်း ပင်ပန်းကြမည်။ လူများ စားသောက်ချင်သလို တိရစ္ဆာန်များလည်း စားသောက်ချင်ကြမည်ဟူသော နားလည်စိတ်များဖြင့် စဉ်းစားပေးသင့်ပါသည်။

အချို့သော လုပ်ငန်းခွင်များတွင် လုပ်ပိုင်ခွင့်ရှိသူများသည် မိမိနာမည်ကောင်းရရှိရေးအတွက် လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများအပေါ် စာဖြင့်တစ်မျိုး၊ နှုတ်ဖြင့်တစ်မျိုး အပေါ်စီးမှ ရိုင်းပျစွာ ခိုင်းတတ်ကြပါသေးသည်။ လုပ်ငန်းခွင်ရှိ လူသားတိုင်းသည် လောကဓံများအကြားမှ ကြိုးစားနေကြသော ဘဝတူလုပ်ဖော်ကိုင်ဖက်များဖြစ်သည်။ လုပ်ငန်းအဖွဲ့အစည်းတစ်ခု၏ အောင်မြင်မှုရရှိနိုင်ရေးသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍ မရနိုင်ပေ။ လုပ်ငန်းခွင်တွင် တွေ့ကြုံရသည့် အခက်အခဲ၊ ပြဿနာများကို အတူတူပူးပေါင်းဖြေရှင်းလုပ်ဆောင်မှသာ အောင်မြင်မည်ဖြစ်သည်။ လုပ်ဖော်ကိုင်ဖက်အချင်းချင်း အပြန်အလှန် လေးစားမှုများနှင့် နားလည်စဉ်းစားပေးမှသာ လုပ်ငန်းခွင်တွင် စိတ်ချမ်းသာရပြီး အောင်မြင်မှုများရရှိနိုင်မည်ဖြစ်သည်။

လူတိုင်းလူတိုင်းသည် အရာရာတွင် သူတစ်ပါးအပေါ်၌ ကိုယ်ချင်းစာစိတ်ဖြင့် စဉ်းစားပေးပြီး ပြောဆိုဆက်ဆံခြင်း၊ ပြုမူဆောင်ရွက်ခြင်းများ ရှိသင့်ကြသည်။ ထိုသို့သာ ရှိကြမည်ဆိုလျှင် လူ့ဘောင်လောကကြီးသည် ယနေ့ကြုံတွေ့နေရသော အခြေအနေထက်ပို၍ သာယာအေးချမ်းသော လောကကြီး ဖြစ်လာမည်မှာ အမှန်ပင်ဖြစ်သည်။ ထို့ကြောင့် လူတိုင်းလူတိုင်း သူတစ်ပါးအတွက် စဉ်းစားပေးတတ်သော စိတ်သဘောထားပြည့်ဝသည့် လူပုဂ္ဂိုလ်များ ဖြစ်နိုင်ကြပါစေကြောင်း ဆန္ဒပြုရင်း ရေးသားလိုက်ပါသည်။ ။

---

## စာပေအကျိုးထူး

သုတစာပေ ဖတ်မှတ်လေ
ဗဟုသုတဝေ။
အသိဖြာစေ အမှောင်ခွင်း
ထွန်းတောက်ဉာဏ်အလင်း။
ခံစားခြင်းနဲ့ ရသစာ
နှလုံးလှစေမှာ။
ကိုယ်ချင်းစာမှု ပေးဝေငှ
ရသစာပေက။
ဒဿနစာ ဖတ်ရှုကာ
စဉ်းစားတွေးတောပါ။
ပြဿနာများ အမှန်မှား
ဝေခွဲကြစို့လား။
စာပေများစွာ ဖတ်ကြပါ
အကျိုးထူးစေမှာ။
ပညာအသိ ရှိပါမှ
ဘဝကလှပ။ ။

ထက်သခင်(သုံးဆယ်)

---

## မိုးနှင့်တောင်သူ

ရွှေမိုးကိုမျှော်
ပေါ်လာတော့ စိတ်ရွှင်ပျ။
စပါးပင် အနံ့ကြီးလို့
ငွေသီးပြီပျ။
တောင်သူတွေ နှလုံးလှ
ရိုးဖြောင့်ကြ ဂုဏ်မငယ်
စိတ်ဖြူစင်တယ်။
ဝါကျွတ်ပွဲ အမီရယ်
လှူဖို့ကွယ် ရည်မှန်းထား။
စေတနာ သဒ္ဓါမိုးတို့
သွန်းဖြိုးစို့လား။
တို့တောင်သူ လယ်သမား
အားထုတ်ကြ လုပ်ငန်းခွင်။
နေပူမရှောင် မိုးရွာထဲ
ဇွဲရှိသူပင်။
ထွန်တုံးနှင့် လယ်ကိုပြင်
မိုးရွာလျှင် တေးသံလွှမ်း။
ပြည့်ဝမ်းစာ ဖူလုံဖို့တွက်
တက်ကြွရွှင်လန်း။ ။

မောင်လှစိုး

# လာမည့်နှစ် AFC Cup ပြိုင်ပွဲတွင် မြန်မာကလပ် နှစ်သင်း ယှဉ်ပြိုင်ခွင့်ရမည်

ရန်ကုန် စက်တင်ဘာ ၁၇

အာရှဘောလုံးအဖွဲ့ချုပ်က လာမည့်နှစ်တွင်ကျင်းပမည့် AFC Cup ပြိုင်ပွဲတွင် မြန်မာကလပ် နှစ်သင်း ယှဉ်ပြိုင်ခွင့်ရမည် ဖြစ်သည်။

မြန်မာကလပ်အသင်းများသည် လာမည့်နှစ်မှစတင်ကာ အာရှချန်ပီယံလိဂ် ခြေစစ်ပွဲတွင် ယှဉ်ပြိုင်ခွင့်မရတော့ဘဲ AFC Cup ပြိုင်ပွဲတစ်ခုတည်းသာ ယှဉ်ပြိုင်ခွင့်ရတော့မည် ဖြစ်သည်။ အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဖြစ်သည့်အသင်းက အုပ်စုအဆင့်မှ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး အမှတ်ပေး ပြိုင်ပွဲ ဒုတိယဆုရအသင်း သို့မဟုတ် ရှုံးထွက်ချန်ပီယံအသင်း က ခြေစစ်ပွဲ Play-off အဆင့်မှ ကစားရမည်ဖြစ်သည်။

ယခုနှစ်တွင်မူ မြန်မာနိုင်ငံ၏ ပရော်ဖက်ရှင်နယ်လိဂ် ပြိုင်ပွဲဖြစ်သည့် MNL ပြိုင်ပွဲ ပြန်လည်ကျင်းပနေသော်လည်း ရှုံးထွက်ပြိုင်ပွဲ မကျင်းပနိုင်သဖြင့် အမှတ်ပေးပြိုင်ပွဲ ချန်ပီယံ ဆုရအသင်းနှင့် ဒုတိယဆုရအသင်းတို့က ယှဉ်ပြိုင်ခွင့်ရမည် ဖြစ်သည်။ မြန်မာကလပ်အသင်းများသည် ၂၀၂၁ နှင့် ၂၀၂၂ ပြိုင်ပွဲတို့တွင် AFC Cup ပြိုင်ပွဲမယှဉ်ပြိုင်ဘဲ နုတ်ထွက်ခဲ့ပြီး ၂၀၂၀ ပြိုင်ပွဲတွင်မူ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖျက်သိမ်းခဲ့ ရသည်။

မြန်မာကလပ်အသင်းများသည် AFC Cup ပြိုင်ပွဲကို ၂၀၁၂ ခုနှစ်မှစ၍ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ယခင်က အုပ်စု အဆင့်မှ နှစ်သင်း ယှဉ်ပြိုင်ခွင့်ရခဲ့သော်လည်း ၂၀၁၇ ခုနှစ်မှ စတင်ကာ အုပ်စုအဆင့်မှ တစ်သင်း၊ ခြေစစ်ပွဲ Play-off အဆင့်မှတစ်သင်း ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။ **ကိုညီလေး**


## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ ဝေဘာဂီမြို့သစ်၊ ရတနာလမ်းမကြီးဘေး၊ လမ်းမကျယ်၊ မျက်နှာဝကျယ်၊ စီးပွားရေးလုပ်ကိုင်ချင်သူများနှင့် ခြံဝင်းကျယ်ကျယ်ဖြင့် နေထိုင်လိုသူများအတွက် အလွန်သက်သာသောဈေး၊ ပစ္စည်းကိုင်ထားပြီး တန်ဖိုးတက်လိုသူများအတွက် ခြံရှေ့မျက်နှာဝ ပေ ၈၀ ကျော်၊ ရှေ့နောက် ပေ ၈၅၊ မြေပိုပါပြီး၊ ပတ်ဝန်းကျင်ကောင်း၊ (၁)ထပ်တိုက်၊ ရေ၊ မီးပါ။ **ကျပ်သိန်း (2150)**

၂။ ခြံဝင်းကျယ်ကျယ်ဖြင့် နေထိုင်လိုသူများ၊ ဘယ်လိုမှမရနိုင်သော အလွန်သက်သာသောဈေး၊ ပစ္စည်းကိုင်ထားပြီး တန်ဖိုးတက်လိုသူများ၊ ကွန်ဒိုဈေးသာသာရှိသော အုတ်တံတိုင်းရှယ်ခတ်ထားပြီး၊ ရေ၊ မီးပါ၊ မြေအကျယ် sqft 6468 ရှိသောမြေကွက်၊ သာကေတ၊ ရတနာအိမ်ရာ၊ VIP မြေကွက်။ **ကျပ်သိန်း(4200)**

၃။ ဆယ်အိမ်တန်းကမ်းခြေ၊ ဘန်ဂလို(၁၅)လုံး၊ စားသောက်ခန်းမ(၁)ခု၊ ဆီဆိုင်၊ ဝန်ထမ်းလိုင်းခန်းပါ၊ ဧည့်ရိပ်သာ၊ အဆောက်အဦးဖိုးပဲရှိပါသည်။ ယခုအချိန် ဘယ်လိုမှမဆောက်နိုင်တော့ပါ။ ပစ္စည်းဈေးများ၊ လုပ်အားခဈေးများ၊ သယ်ယူစရိတ်များတက်နေသောကြောင့်ဖြစ်ပါသည်။ ဈေးသက်သာစွာနှင့် ရင်းနှီးမြှုပ်နှံထားပြီး ငွေမကိုင်ထားလိုသူများအတွက်။ **ကျပ်သိန်း (12000)**

**ဖုန်း - 09-5178979, 09-43022828, 09-451146685**



## "အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၇၊ မြေကွက်အမှတ်- ၈၊ ၉၊ ၁၀၊ ၁၃၊ (၁၁) ရပ်ကွက်၊ ကံဘဲ့ဘူတာရုံလမ်း၊ အမှတ်- ၂၈ (စီမံကိန်း) တွင်ဆောက်လုပ်ထားသော ကံဘဲ့တာဝါ၊ Block- A၊ Unit No. 01၊ Level- 14၊ Room No. A-1401၊ အကျယ်အဝန်း- ၉၅၁ စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ **Mr. Kim Tae Wan** [PP No. M11581188] ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိုးမင်းထိုက် (စဥ်- ၄၀၃၂၇)
အထက်တန်းရှေ့နေ
Ph: 09-420177685

ဦးကျော်ဇေယျ (စဥ်- ၃၁၂၀)
တရားလွှတ်တော်ရှေ့နေ
Ph:09-5007849


✻ ဝုလ်ဗာဟမ်တန်အသင်းမှ

အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းဟာ ပထမပိုင်းပွဲကစားချိန် ၅၅ စက္ကန့်မှာ ဂျက်ဂရီယယ်လ်ရှ်ရဲ့ သွင်းဂိုးနဲ့ ၁၆ မိနစ်မှာ ဟာလန်းရဲ့သွင်းဂိုးတို့ရရှိခဲ့တာကြောင့် နှစ်ဂိုးပြတ်နဲ့ ဦးဆောင်နိုင်ခဲ့ပြီး ဝုလ်ဗာဟမ်တန်အသင်းက ချေပဂိုး ပြန်လည် ရရှိရေးကြိုးပမ်းရင်း ပွဲကစားချိန် ၃၃ မိနစ်မှာ နောက်ခံလူ နက်သန်ကိုလ်လင်း တိုက်ရိုက်အနီကတ်ပြသခံခဲ့ရတာ ကြောင့် တစ်ယောက်လျော့နဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ အဝေးကွင်းမှာ ဦးဆောင်ဂိုးတွေ စတင်သွင်းယူနိုင်ခဲ့သလို ၃၃ မိနစ်နောက်ပိုင်း ကစားသမား တစ်ယောက်အသာနဲ့ ကစားခဲ့ရတာကြောင့် ဒုတိယပိုင်း ပွဲကစားချိန် ၆၉ မိနစ်မှာ ဖိုဒန်ရဲ့သွင်းဂိုး ထပ်မံရရှိခဲ့လို့ ဝုလ်ဗာဟမ်တန်အသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ မန်စီးတီးအသင်းနဲ့အတူ သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဟာလန်းဟာ ပရီမီယာလိဂ် ပွဲစဉ်ခုနစ်ပွဲကစားပြီးချိန်မှာ သွင်းဂိုး ၁၁ ဂိုးအထိ သွင်းယူ နိုင်ခဲ့တဲ့ ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။ မန်စီးတီးအသင်းကလည်း ခုနစ်ပွဲကစားပြီးချိန်မှာ ရမှတ် ၁၇ မှတ် စုဆောင်းနိုင်ခဲ့တာကြောင့် အာဆင်နယ်အသင်း ပွဲစဉ်(၇)မကစားရသေးမီ အာဆင်နယ်အသင်းကို နှစ်မှတ် ဖြတ်ကာ အမှတ်ပေးဇယားထိပ်မှာ ဦးဆောင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်

❂ အာရှဖလားမှ

မြန်မာအသင်းသည် အမာခံကစားသမား အများစုဖြင့်ပွဲထွက်ခဲ့သော်လည်း ပထမပိုင်းမှာပင် လေးဂိုးအထိပေးခဲ့ရသဖြင့် ဂိုးပြတ်သွားခြင်းဖြစ်သည်။ ဆော်ဒီအာရေဗျအသင်းအတွက် အနိုင်ဂိုးများကို ၁၇၊ ၄၅+၅ မိနစ်တွင် ရာဒစ်၊ ၂၄ မိနစ်တွင် နာဂျာဒီ၊ ၃၅ မိနစ်တွင် အိုရာယီ၊ ၈၃ မိနစ်တွင် ဂျိဝါရာတို့က သွင်းယူခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် သွင်းယူခဲ့သည့် စတုတ္ထဂိုးမှာ ပင်နယ်တီမှတစ်ဆင့် ပေးခဲ့ရခြင်းဖြစ်သည်။

**အပြိုင်ဖြစ်နေ**

အုပ်စု(က)တွင် ဆော်ဒီအာရေဗျ၊ တရုတ်၊ မြန်မာ၊ မော်လ်ဒိုက်နှင့် ဥဇဘက်ကစ္စတန်အသင်းတို့ ပါဝင်သော်လည်း ဥဇဘက်ကစ္စတန်အသင်းသည် နောက်ဆုံးအဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ခြေစစ်ပွဲ အောင်မြင်ထားပြီးဖြစ်သောကြောင့် ခြေစစ်ပွဲအောင်မြင်ရန် ကျန်လေးသင်း၏ရလဒ်ကိုသာ တွက်ချက်မည်ဖြစ်သည်။ စက်တင်ဘာ ၁၇ ရက်အပြီးတွင် ဆော်ဒီအာရေဗျနှင့် တရုတ်အသင်းက ခြောက်မှတ်စီဖြင့် ခြေစစ်ပွဲအောင်မြင်ရန် အပြိုင်ဖြစ်နေပြီး နှစ်ပွဲစလုံး အရေးနိမ့်ထားသည့် မြန်မာနှင့် မော်လ်ဒိုက်အသင်းမှာမူ ခြေစစ်ပွဲအောင်မြင်ခွင့် ဆုံးရှုံးခဲ့ပြီဖြစ်သည်။ အုပ်စုနောက်ဆုံးပွဲအဖြစ် စက်တင်ဘာ ၁၉ ရက် မြန်မာစံတော်ချိန် နံနက်အစောပိုင်းတွင် မြန်မာနှင့် မော်လ်ဒိုက်၊ ဆော်ဒီအာရေဗျနှင့် တရုတ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - AFC

## အနုပညာ

# ဂျန်းနီနဲ့ ဗွီတို့နှစ်ဦး ဂျယ်ဂျူကျွန်းမှာ အတူရှိနေတဲ့ဓာတ်ပုံများထွက်ပေါ်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACKPINK အဖွဲ့ဝင် ဂျန်းနီနဲ့ အမျိုးသားတေးဂီတအဖွဲ့ BTS အဖွဲ့ဝင် ဗွီတို့နှစ်ဦး ဂျယ်ဂျူကျွန်းမှာ အတူချိန်းဆိုတွေ့ဆုံစဉ် ရိုက်ကူးထားတဲ့ဓာတ်ပုံတွေ လတ်တလောမှာ အွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့လာကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေ အရ သိရပါတယ်။

စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းမှာ ဂျန်းနီနဲ့ ဗွီတို့ရဲ့ ဓာတ်ပုံအချို့ အွန်လိုင်းမီဒီယာတွေပေါ်မှာ အများစိတ်ဝင်စားစရာ ဖြစ်နေခဲ့ပါတယ်။ အဆိုပါ ဓာတ်ပုံတွေမှာ သူတို့နှစ်ဦး အတော်လေးရင်းနှီးမှု ရှိနေတာကိုလည်း တွေ့ရပါတယ်။

ဂျန်းနီနဲ့ ဗွီတို့ ချစ်သူတွေဖြစ်နေကြောင်း သတင်း တွေ ယခုနှစ် မေလအတွင်းက ပေါ်ထွက်လာခဲ့ပါ တယ်။ သူတို့နှစ်ဦးလို့ ယူဆရတဲ့ ဓာတ်ပုံတစ်ပုံနဲ့ အတူ နှစ်ဦးသားချစ်သူတွေဖြစ်နေကြောင်း အွန်လိုင်း မီဒီယာတွေပေါ်မှာ ရေးသားဖော်ပြမှုတွေ ရှိခဲ့ပေမယ့် အေဂျင်စီဘက်က ပြန်လည်ငြင်းဆိုခဲ့ပါတယ်။ စက်တင်ဘာ ၁၆ ရက်မှာ ပေါ်ထွက်လာတဲ့ ဓာတ်ပုံ တွေနဲ့ပတ်သက်လို့ ဘစ်ဟ်ဟစ်ရောဝိုင်ဂျီအင်တာ တိန်းမန့်ဘက်ကပါ လတ်တလောအထိ တရားဝင် တုံ့ပြန်ပြောကြားခြင်း မရှိသေးဘူးလို့လည်း သိရပါ တယ်။

အခြားသော သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ ဗွီဟာ လတ်တလောပြုလုပ်ခဲ့တဲ့ BLACKPINK ရဲ့ တေးအယ်လ်ဘမ်သစ်အတွက် သီးသန့်နားဆင်ပွဲပြုလုပ်ခဲ့ရာမှာလည်း ပါဝင် တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ■



# လက်ထပ်တော့မယ့် ကိုဝန်ဟီး

တောင်ကိုရီးယား မင်းသမီးတစ်ဦး ဖြစ်သူ ကိုဝန်ဟီး လက်ထပ်တော့မှာ ဖြစ်ကြောင်းနဲ့ သူ့ရဲ့သတို့သားလောင်းဟာ အနုပညာအသိုင်းအဝိုင်းမှ မဟုတ်ကြောင်း လတ်တလောမှာ ထုတ်ပြန်ခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက် တွေအရ သိရပါတယ်။



မင်းသမီးအနေနဲ့ လက်ထပ်တော့မှာ ဖြစ်ကြောင်း စက်တင်ဘာ ၁၆ ရက်မှာ သူ့ရဲ့ အေဂျင်စီက ထုတ်ပြန်ခဲ့ပါတယ်။ သူ့ရဲ့သတို့သားလောင်းဟာ အနုပညာရှင် တစ်ဦးမဟုတ်ကြောင်းနဲ့ မင်္ဂလာပွဲကို လာမယ့် အောက်တိုဘာလအတွင်းတွင် အကျဉ်းချုံးသာ ကျင်းပမှာဖြစ်ကြောင်း အေဂျင်စီက ဆိုပါတယ်။

သတင်းရင်းမြစ်တွေရဲ့ ပြောကြား ချက်အရ ကိုဝန်ဟီးရဲ့ သတို့သားလောင်း ဟာ စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဖြစ်ကြောင်း သိရပါတယ်။ ■

# ကြည့်ရှုသူ သုံးသန်းကျော်ခဲ့တဲ့ Confidential Assignment 2: International

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဟွန်ဘင်း ပါဝင် သရုပ်ဆောင်ထားတဲ့ Confidential Assignment 2: International ရုပ်ရှင်ဇာတ်ကားကို လတ်တလော ရုံတင်ပြသခဲ့ရာမှာတော့ ခြောက်ရက်အတွင်း ကြည့်ရှုသူအရေအတွက် သုံးသန်းခန့်ရှိခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

စက်တင်ဘာ ၇ ရက်က စတင်ရုံတင်ခဲ့တဲ့ အဆိုပါရုပ်ရှင်ဟာ စက်တင်ဘာ ၁၂ ရက်မှာတော့ လာရောက်ကြည့်ရှုသူ သုံးသန်းကျော်ရှိခဲ့တာ ဖြစ်ပါတယ်။ ပထမ ရုပ်ရှင်ဖြစ်တဲ့ Confidential Assignment 1 ကို ရုံတင်ခဲ့စဉ်က စတင်ရုံတင်ပြီး ငါးရက်အတွင်း ကြည့်ရှုသူတစ်သန်းခန့်ရှိခဲ့ကာ ကြည့်ရှုသူနှစ်သန်းကို ပြသပြီး ၁၀ ရက် အကြာမှာ ရရှိခဲ့တာပါ။ ဒါကြောင့် စတင်ပြသခဲ့ပြီးနောက် ခြောက်ရက်အကြာမှာတော့ ကြည့်ရှုသူသုံးသန်းရရှိခဲ့တဲ့ ရုပ်ရှင်သစ်ဟာ ပိုမိုတဲ့အောင်မြင်မှုတွေကို ယူဆောင် လာနိုင်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

**အေးပြည့် - စုစည်းသည်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးမြင့်စိုး

**လေ ၁၁၀၁၊ ဗိုလ်မှူး(ငြိမ်း) (စက်မှုလက်မှု)**
**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) စက်မှုဝန်ကြီးဌာန၊**
**ပြန်ကြားရေးဝန်ကြီးဌာန**

### အသက်(၉၃)နှစ်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ ခရေ(၁၃)လမ်း၊ အိမ်အမှတ်(၁၇၇၃)နေ ဒေါက်တာမြတ်ဝဏ္ဏစိုး(ညွှန်ကြားရေးမှူးချုပ်၊ ကုသရေး ဦးစီးဌာန)-ဒေါက်တာခင်ဒါလီထွန်းတို့၏ ချစ်လှစွာသောဖခင်ကြီး ဦးမြင့်စိုး [ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း) စက်မှုဝန်ကြီးဌာန၊ ပြန်ကြားရေး ဝန်ကြီးဌာန]သည် ၁၇-၉-၂၀၂၂ ရက်၊ နံနက်ပိုင်းတွင် ကွယ်လွန်အနိစ္စရောက်ရှိကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အရာထမ်း၊ အမှုထမ်းများ**
**ကျန်းမာရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

### စည်သူဒေါက်တာခင်မောင်ညွန့်

**(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)**
**မဟာသဒ္ဓမ္မ ဇောတိကဓဇ**

### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မိုးမခလမ်းနေ စည်သူဒေါက်တာ ခင်မောင်ညွန့် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ရှေးဟောင်းသုတေသန ဦးစီးဌာန) သည် ၁၅-၉-၂၀၂၂ (ကြာသပတေးနေ့) ည ၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးမြင့်စိုး

**လေ ၁၁၀၁၊ ဗိုလ်မှူး (ငြိမ်း) (စက်မှုလက်မှု)**
**ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း) စက်မှုဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန**

### အသက် (၉၃) နှစ်

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုး-ဒေါက်တာခင်ဒါလီထွန်းတို့၏ ဖခင် ဦးမြင့်စိုးသည် ၁၇-၉-၂၀၂၂ (စနေနေ့)နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

### ဒေါ်သန်းသန်း(ခ) ဒေါ်သန်းသန်းကြွယ်

**အထက်တန်းပြဆရာမ(ငြိမ်း)**
**ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း(TTC)**

### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ တိုက်(၁/၁၀၅)၊ အောင်ဇေယျရိပ်မွန်၊ ကမ်းနားလမ်း၊ သစ်တောရပ်ကွက်နေ (ဦးဘိုးကြွယ်-ဒေါ်စန်းညွန့်)တို့၏ သမီးကြီး၊ ဦးဝင်းလတ်-(ဒေါ်အေးသန်းကြည်)တို့၏အစ်မ၊ ဦးရဲဝင်းလတ်-ဒေါ်ခင်စောနွယ်တို့၏ကြီးကြီး၊ မောင်စိုးရဲထိုက်၊ မရွှေယမင်းအေး၊ မောင်ရဲရင့်မြတ်သူတို့၏အဘွား ဒေါ်သန်းသန်းသည် ၁၇-၉-၂၀၂၂ (စနေနေ့) နံနက်၈:၁၅နာရီတွင် ရွှေဂုံတိုင် ဆေးရုံ (SSC)၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## လွမ်းဆွတ်သတိရခြင်း

### ဒုရဲအုပ်ရှိန်းလင်းဇော် (ခ) သဲသဲလှုပ်

**ဒဂုံ(၁) ကျောင်းသားဟောင်း**

### အသက်(၄၀)

ဘဝသစ်တစ်ခုသို့ ကူးပြောင်းသွားခဲ့တာ (၁၈-၈-၂၀၂၂ - ၁၈-၉-၂၀၂၂) (၁)လ ပြည့်ခဲ့ပြီးဖြစ်သော်လည်း၊ ခရီးရှည်တစ်ခုထွက်နေပြီး မိသားစုနှင့်ခဏတာခွဲနေရတယ်လို့မှတ်ယူထားပါတယ်။ သားလေးက ပါပါးတို့နဲ့ထာဝရအတူရှိနေပါတယ်သားရယ်... ဘဝဆက်တိုင်းမိသားစုအဖြစ်နဲ့ ပြန်လည်ဆုံဆည်းရပါစေ၊ နေ့စဉ်ထာဝရ ပါပါးနှင့် မောင်နမများလှူဒါန်းခဲ့သမျှ ကုသိုလ်ကောင်းမှုအစုစုတို့ကို သာဓုခေါ်ဆိုရင်း မြင့်မြတ်သောဘုံဘဝမှာ မြင့်သထက်မြင့်သော နိဗ္ဗာန်သို့ရောက်ရှိနိုင်ပါစေရန် အမျှပေးဝေပါသည်။

**သားရှိန်းကိုချစ်သော ပါပါးနှင့် မောင်နမ**
**တူ/တူမများ**

## (၂၅)နှစ်ပြည့် လွမ်းဆွတ်သတိရအမျှဝေခြင်း

### ဗိုလ်ချုပ်အေးကျော်

**ဝန်ကြီး**
**ပြန်ကြားရေးဝန်ကြီးဌာန**
**(၁၈.၉.၁၉၉၇- ၁၈.၉.၂၀၂၂)**

ကျေးဇူးရှင်ဖခင်ကြီး ဖေဖေ ဗိုလ်ချုပ်အေးကျော် မိသားစုနှင့် ခွဲခွာသွားတာ ၂၅နှစ်ပြည့်ခဲ့ပါပြီ။ ဖေဖေ့အား ရည်စူး၍ လှူဒါန်းရသော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ဝိပဿနာတရား အလှူများအား အမျှပေးဝေပါသည်။

ဖေဖေအမျှရ၍ သာဓုခေါ်ဆိုနိုင်ပါစေ။

**မာမီ ဒေါ်ခင်လှမူနှင့် သားသမီး**
**မြေးမြစ်တစ်စု**
**သုဝဏ္ဏ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

### ဒေါ်ခင်နု

### အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ ငွေဝတ်မှုံရိပ်သာ၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ အမှတ်(70/J)နေ (ဗိုလ်ချုပ်အောင်ခင်-ငြိမ်း)၏ဇနီး၊ ဦးအောင်ကျော်စိုး (ဒု-ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း)-ဒေါ်သီတာဌေးတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်နု သည် ၁၆-၉-၂၀၂၂ (သောကြာနေ့) နံနက် ၂:၂၀ နာရီတွင် ကွယ်လွန် အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးမြင့်စိုး

**လေ ၁၁၀၁၊ ဗိုလ်မှူး(ငြိမ်း) (စက်မှုလက်မှု)**
**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) စက်မှုဝန်ကြီးဌာန၊**
**ပြန်ကြားရေးဝန်ကြီးဌာန**

### အသက်(၉၃)နှစ်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ ခရေ(၁၃)လမ်း၊ အမှတ်(၁၇၇၃)နေ ဒေါက်တာမြတ်ဝဏ္ဏစိုး-ဒေါက်တာခင်ဒါလီထွန်းတို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၁၇-၉-၂၀၂၂ ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း၊ အမှုထမ်းများ**
**ကုသရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးမြင့်စိုး

**လေ-၁၁၀၁၊ ဗိုလ်မှူး(ငြိမ်း) (စက်မှုလက်မှု)**
**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုဝန်ကြီးဌာန၊**
**ပြန်ကြားရေးဝန်ကြီးဌာန**

### အသက်(၉၃)နှစ်

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုး-ဒေါက်တာခင်ဒါလီထွန်းတို့၏ ဖခင်ကြီး ဦးမြင့်စိုး[ဗိုလ်မှူး(ငြိမ်း) (ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)] အသက်(၉၃)နှစ်သည် ၁၇-၉-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း၊**
**အမှတ်စဉ်(၁) (နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်-အောက်မြန်မာပြည်)မှ**
**ညီအစ်ကိုမောင်နှမများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးတင်မြင့်

### အသက်(၆၄)နှစ်

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲမှ ရုံးအကူ ဒေါ်ခိုင်ဝေလင်း၏ ဖခင် ဦးတင်မြင့် အသက် (၆၄)နှစ် သည် ၁၆-၉-၂၀၂၂ (သောကြာနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

### ဦးမြင့်စိုး

**လေ-၁၁၀၁၊ ဗိုလ်မှူး (ငြိမ်း) (စက်မှုလက်မှု)**
**ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း) စက်မှုဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန**

### အသက်(၉၃)နှစ်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ ခရေ(၁၃)လမ်း၊ အမှတ်(၁၇၇၃)နေ (ဒေါ်မေမေစန်း)၏ ခင်ပွန်း၊ ဒေါက်တာ မြတ်သူရစိုး၊ ဒေါက်တာမြတ်ဝဏ္ဏစိုး-ဒေါက်တာခင်ဒါလီထွန်း၊ ဒေါက်တာ မြတ်ဉာဏစိုး-ဒေါက်တာဝတ်မှုံတို့၏ ချစ်လှစွာသော ဖခင်ကြီး၊ ခွန်ရဲ-မြတ်သန်းနုစိုး၊ မြတ်ကသစ်စိုး၊ မြတ်ဉာဏ်စင်စိုးတို့၏အဘိုး၊ ခွန်သာ၏ ဘိုးဘိုးကြီးသည် ၁၇-၉-၂၀၂၂ (စနေနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၁၉-၉-၂၀၂၂ (တနင်္လာနေ့)မွန်းလွဲ ၁ နာရီတွင် ကျွဲကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၂၂ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးမြင့်စိုး

**လေ ၁၁၀၁၊ ဗိုလ်မှူး(ငြိမ်း) (စက်မှုလက်မှု)**
**ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း) စက်မှုဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန**

### အသက်(၉၃)နှစ်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ ခရေ(၁၃)လမ်း၊ အမှတ်(၁၇၇၃)နေ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုး-ဒေါက်တာ ခင်ဒါလီထွန်းတို့၏ ဖခင်၊ ဒေါ်မေမေစန်း (ကွယ်လွန်)၏ ခင်ပွန်း ဦးမြင့်စိုး အသက်(၉၃)နှစ်သည် ၁၇-၉-၂၀၂၂ ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**

**ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း ဒါယိကာမကြီး**

### ဒေါ်နန်းနွမ် (သိန္နီမြို့)

**ကျောင်းအုပ်ကြီး (ငြိမ်း) (အ.ထ.က -၂၊ လသာ၊ အ.ထ.က-၂၊ ကမာရွတ်)**

### အသက်(၉၀)

ရန်ကုန်မြို့၊ အမှတ်(၃၃)၊ အင်ကြင်းမြိုင်လမ်းသွယ်(၅)၊ သုဝဏ္ဏနေ (ဦးစံမှတ်-ဒေါ်နန်းခမ်းအောင်)တို့၏ သမီး၊ (ဆရာကြီး ဦးစိုင်းအောင်ထွန်း)၏ ချစ်လှစွာသောဇနီး၊ ဦးသက်ဦး-ဒေါ်နန်းဟွမ်နွမ်း၊ စိုင်းဆိုင်မှိုင်း- မာလီစိုင်းတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ငါးယောက်တို့၏ အဘွား ၊ (ဦးသန်းညွန့်-ဒေါ်ရွှေပု)၊ (ဦးဘသွယ်-ဒေါ်ကြည်ပွေး)တို့၏ အစ်မကြီး ဒေါ်နန်းနွမ် (သိန္နီမြို့)သည် ၁၇-၉-၂၀၂၂ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ၁၈-၉-၂၀၂၂(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၂၂ (သောကြာနေ့) နံနက် ၈ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး အမျှဝေမည်ဖြစ်ပါသဖြင့် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သင့်**
**သွေးဖြင့်**
**အသက်ကယ်ပါ**

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

### ဦးလှကြည်

**(ပုလော/ကျောက္ကာရွာ)အသင်းဝင်အမှတ် -၃၅၄**

### အသက်(၇၃)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ ကျောက္ကာရွာနေ ဒေါ်မြတင်(ခ)ဒေါ်နီ၏ခင်ပွန်း၊ ဦးမောင်လှ (ဥက္ကဋ္ဌ၊ ပုလောမြို့နယ်အသင်း -ရန်ကုန်)-ဒေါ်ရှုလှိုင်တို့၏တူသည် ၁၇-၉-၂၀၂၂ (စနေနေ့) နံနက် ၁၀:၁၅ နာရီတွင် ပြည်မြို့၌ ကွယ်လွန်သွားပါကြောင်း။ **အမှုဆောင်အဖွဲ့**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**


### ဒေါ်သန်းသန်းအေး

**(အောင်ဩဇာပုံနှိပ်တိုက်)**

### အသက်(၅၆)နှစ်

ရန်ကုန်မြို့နေ (ဦးခင်မောင်သွင်-ဒေါ်ခင်စောဝင်း)တို့၏ သမီးငယ်၊ ဦးမောင်မောင်လွင်-ဒေါ်သိမ့်သိမ့်စိုးတို့၏ညီမ၊ ရန်ကုန်မြို့နေ (ဦးမျိုးသန့်)-ဒေါ်ဝင်းမာ (စီးပွား/ကူးသန်း- ငြိမ်း) တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့ FMI City ပိတောက်ဝါ ၃ လမ်း၊ အမှတ်(B-33)နေ ဦးမင်းမင်းထွန်း(အောင်ဩဇာပုံနှိပ်တိုက်)၏ဇနီး၊ မောင်အောင်ဇေဉာဏ-မသဲမိုးဝေလျှံ၊ မောင်စည်သူထွန်း-မရှုမဝဉာဏတို့၏ မိခင်ကြီး၊ မမယ်နဒီဉာဏ၊ မောင်ကောင်းသစ်ဉာဏတို့၏ အဘွားသည် ၁၆-၉-၂၀၂၂ (သောကြာနေ့) ညနေ ၄:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၂၂ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု



**တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ပေးရမည် ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပေါင်းစပ်ဆောင်ရွက်ရန်လို၊ တိုင်းရင်းသားများ၏ ဘာသာစကားနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းဆောင်ရွက်ရန်လိုသကဲ့သို့ မြန်မာစာပေ၊ မြန်မာစကားနှင့် မြန်မာ့ယဉ်ကျေးမှုကိုလည်း ထိန်းသိမ်းဆောင်ရွက်ကြရန်လို။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး တတိယနေ့၌ လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## AA အဖွဲ့နှင့် ARSA အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်အဖွဲ့ ပူးပေါင်း၍ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ် နယ်စပ်ခြံစည်းရိုးအနီးမှနေ၍ လုံခြုံရေးရဲကင်းစခန်းများအား လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် လက်နက်ကြီးကျည်များ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ ကျရောက်ပေါက်ကွဲ

နေပြည်တော် စက်တင်ဘာ ၁၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ချမှတ်ကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး စဉ်ဆက်မပျက် ဆောင်ရွက်လျက်ရှိသည့်အပြင် ထာဝရငြိမ်းချမ်းရေး ရရှိစေရန် ရည်ရွယ်၍ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းအားလုံးကို လွတ်လပ်ပွင့်လင်းစွာဆွေးနွေးနိုင်ရေး ဖိတ်ခေါ်၍ တွေ့ဆုံဆွေးနွေးခဲ့ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိစဉ် AA အဖွဲ့အနေဖြင့် နိုင်ငံတော်၏ငြိမ်းချမ်းရေးဖိတ်ခေါ်မှုကို လျစ်လျူရှု၍ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြား မှတ်တိုင်များအနီးရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းအား သာလွန်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ AA အဖွဲ့အနေဖြင့် ARSA အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်အဖွဲ့နှင့်ပူးပေါင်း၍ စက်တင်ဘာ ၁၆ ရက် ည ၇ နာရီခွဲတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်နိမိတ်မှတ်တိုင်၊ BP-၃၁ အနီး လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် တောင်ပြိုဝဲရဲကင်းစခန်းအား စခန်း၏ မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၁၀ မိနစ် ၅၉ ဒသမ ၃၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၂ မိနစ် ၁၆ ဒသမ ဝ၆ စက္ကန့်နေရာမှ လက်နက်ကြီး၊

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❍



## ဝုလ်ဗာဟမ်တန်အသင်းကို သုံးဂိုးပြတ်အနိုင်ရပြီး မန်စီးတီးအသင်း အမှတ်ပေးဇယားအဆင့်(၁)နေရာ တက်လှမ်း

ပရီမီယာလိဂ်ပွဲစဉ်(၇)ရဲ့ စက်တင်ဘာ ၁၇ ရက်ညပိုင်း အစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ဝုလ်ဗာဟမ်တန်အသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်မှာ လက်ရှိပရီမီယာလိဂ်ချန်ပီယံမန်စီးတီးအသင်းက ဝုလ်ဗာဟမ်တန်အသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့်(၁)နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။ စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ✳

## အာရှဖလား ယူ-၂၀ ခြေစစ်ပွဲတွင် မြန်မာအသင်း ရှုံးပွဲတွေ့

ရန်ကုန် စက်တင်ဘာ ၁၇

၂၀၂၃ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ အုပ်စု(က) စတုတ္ထနေ့အဖြစ် မြန်မာအသင်းနှင့် ဆော်ဒီအာရေဗျအသင်းတို့ မြန်မာစံတော်ချိန် စက်တင်ဘာ ၁၇ ရက် နံနက် ၁ နာရီက ဆော်ဒီအာရေဗျနိုင်ငံ၌ယှဉ်ပြိုင်ကစားရာ ဆော်ဒီအာရေဗျအသင်းက ငါးဂိုးပြတ်အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် ခြေစစ်ပွဲအောင်မြင်ရေး နောက်ဆုံးမျှော်လင့်ချက်အတွက် အကောင်းဆုံးကြိုးစားခဲ့သော်လည်း အာရှအင်အားကြီး ဆော်ဒီအာရေဗျအသင်းနှင့် ကွာခြားမှုများရှိခဲ့သဖြင့် ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် မော်လ်ဒိုက်အသင်းနှင့် နောက်ဆုံးပွဲကစားရန် ကျန်သေးသော်လည်း ခြေစစ်ပွဲအောင်မြင်ခွင့် ဆုံးရှုံးခဲ့ပြီဖြစ်သည်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❂



မြန်မာအသင်းနှင့် ဆော်ဒီအာရေဗျအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ယနေ့ ဖတ်စရာ

အကြမ်းဖက်အဖွဲ့ NUG ၏ လားရာ

ဆောင်းပါး စာမျက်နှာ » ၁၀

ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၂၄၃၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၆၁ ဦးတွေ့ရှိ

စာမျက်နှာ » ၁၂

မျိုးဆက်သစ်ပျိုးခင်း

စာမျက်နှာ » ၂၀၊ ၂၁